www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နိုကိုရွှေစင်

## ရှင့်... အတွက်ပါ


စာမူခွင့်ပြုချက်အမှတ် - ၁၃၄/၂၀၀၃ (၄)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၈၅/၂၀၀၃ (၅)

၂၀၀၃ခုနှစ်၊ ဩဂုတ်လ

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်ခင်းလွှာစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-ရိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၁၉)၊ (၁၉)လမ်း၊ ရန်ကုန်။


နိုကိုရွှေစင်



# ရှင့် အတွက် ပါ


မောင်ကျော်လှိုင်
စေတနာစာပေ
မှ
မိစဥ်သည်။


www.burmeseclassic.com

www.burmeseclassic.com

<u>ဒို့တာဝန်အရေးသုံးပါး</u>

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## အခန်း (၁)

သူ့ခြေလှမ်းတွေက သွက်နေသည်။

အိမ်နှင့် ဝေးလေကောင်းလေပဲ။

စိတ်တွေ လှုပ်ရှားလာပေမဲ့ တည်ငြိမ်အောင်တော့ သူ ကြိုးစားခဲ့သည်။

ဘဝကစပြီ…

သူ့အသက် ဆယ့်ရှစ်နှစ်ကျော်ပြီ။

ဘဝစဖို့ အချိန်တန်ပြီဟု သူ့စိတ်ထဲမှာ ထင်မှတ်နေမိသည်။

သူ…

ဆယ်တန်းအောင်ပြီးပြီ။

ရှေ့ဆက်ပညာသင်ဖို့အတွက်ကတော့ မေမေရဲ့ အုပ်ထိန်းမှုအောက်မှာဆက်ပြီး မနေချင်တော့၍ ဘဝကို သူ့ခြေထောက်ပေါ်သူ ရပ်တည်နိုင်ဖို့ ကြိုးစားတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com

မေမေ့ကို မကျေနပ်ဘူး…

သူ ငယ်စဉ်လေးထဲက ဖေဖေ ကွယ်လွန်သွား၍ ဖခင်မဲ့ရသည်။

မေမေက ဖေဖေ့စီးပွားရေးလုပ်ငန်းတွေကို ဆက်လုပ်ပြီး စီးပွားဖြစ်ခဲ့သည်။

သူ…

ဘဝမှာ မကြောင့်မကြ…

မတောင့်မတတော့ နေရပါရဲ့…

မကြာခင်ကမှ…

မေမေနှင့် သူ ပြဿနာတွေ အကြီးအကျယ်စဖြစ်ခဲ့သည်။

အကြောင်းက…

နောက်ထပ် အိမ်ထောင်သစ် ထူထောင်ဖို့အတွက် မေမေက စတင်၍ကြိုးစားလာခြင်းကြောင့်ဖြစ်သည်။

မေမေ…

အသက်လေးဆယ်မှ…

သူ ပထွေးတော်ရမဲ့လူကလည်း မေမေ့ကားကို မောင်းနေတဲ့ ဒရိုင်ဘာ…

အသက်က သူ့ထက် ဆယ်နှစ်လောက်ကြီးပေမဲ့ မေမေ့ထက် အသက်အရွယ်ငယ်လွန်းသည်ဟု ထင်မိသည်။

သူ…

လက်မခံနိုင်။



ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပါဘူး။

မေမေ့ကို ချိုင်တာပဲ…

ဒရိုင်ဘာတစ်ယောက်…

မေမေ မြှောက်စား၍ လူတစ်လုံး သူတစ်လုံးနှင့် သေသေသပ်သပ် ဖြစ်လာသည်။

ခန့်ညားချောမောလာ၏။

လူပုံကတော့ မိန်းမတစ်ယောက်အား ဆွဲဆောင်နိုင်တဲ့ အစွမ်းအစ ရှိသူပင်။

ကိုရာဇာအား ဒရိုင်ဘာအလုပ်ခန့်မည်ဆိုထဲက သူ သဘောမကျခဲ့။

ကန့်ကွက်ခဲ့မိသည်။

"ဒီလူ့ရုပ်က ဒရိုင်ဘာရုပ်ရည်လက္ခဏာလည်းမရှိဘူး မေမေ၊ ရှိုးများပြီး အလုပ်ရှင်ထက်တောင် ပဲပေးမဲ့လူပုံပဲ"

ရှိုးများမဲ့ပုံ…

လူပုံကချောချော…

အမိက…

ကိုရာဇာ့မျက်လုံးတွေကိုပဲ။

မေမေ့ကို ကြည့်တာ ညှုတုတုအကြည့်တွေ ဖြစ်နေသည်။

"မေမေ"

"သား…မင်း ဘာမှမသိပါဘူး၊ ရာဇာက မေမေ့လုပ်ငန်းမှာလည်း အသုံးချလို့ရတယ်ကွ၊ အတွင်းသိ အစင်းသိတွေလည်း ဖြစ်နေတယ်၊ ရာဇာ့မမက မေမေ့ငယ်သူငယ်ချင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကိုရာဇာ့အား လုံးဝ သဘောမကျမိဘဲ ဖြစ်နေသည်။

အမြင်ကတ်နေမိ၏။

မေမေက တားမရ။

"သား ငယ်ပါသေးတယ်၊ စီးပွားရေးလုပ်ငန်းတွေမှာလည်း သားကို အားလုံးလို့မှ မရသေးတာပဲ"

မေမေ့ထံမှ ထိုစကားမျိုးကြားရတာ သူ လုံးဝမကျေနပ်ဆုံးပင်။

သူ့ကို ပထားတာပဲ...

အသက် ဆယ့်ရှစ်နှစ် ဆယ်တန်းအောင်ပြီးတဲ့ ယောကျ်ားလေးတစ်ယောက်ဟာ လုပ်ငန်းခွင်ထဲမှာ ဝင်လုပ်နိုင်ခွင့်ရှိပြီပဲ။

အခုတော့လေ...

မေမေက တစ်မျိုးဖြစ်နေသည်။

ကိုရာဇာ့အား မေမေက အားကိုးချင်တော့ သူ့ကို နိမ့်ချချင်နေ၏။

"သား ဘာအသုံးကျလဲ၊ မေမေက သားကို အင်ဂျင်နီယာကြီးတစ်ယောက်ဖြစ်စေချင်တာ၊ မင်းက ရိုးရိုးတောင် မနည်းအောင်အောင် ကြိုးစားခဲ့ရတယ်၊ သား အစွမ်းအစရှိသလောက်ပဲဖြစ်တာ... မေမေ ဘယ်လောက်အားမရဖြစ်ရလဲ"

သားတစ်ယောက်မွေးထားပြီး မေမေ့ရဲ့ ဥပေက္ခာပြုထားမှုတွေကလည်း သူ့စိတ်တွေကို ချွတ်ခြုံကျသွားစေသည်။



မေမေက သားရဲ့ လိုအပ်ချက်တွေကို အိမ်ဖော်မကြီး ဒေါ်စုစန်းထပဲ ဖြည့်စွမ်းပေးပြီး မေမေကတော့ စီးပွားရေးပဲ အာရုံစိုက်လုပ်ခဲ့၏။

သူ့ပညာရေး...

ကျန်းမာရေး...

စိတ်ချမ်းသာမှုအားလုံး ချစ်ခြင်းမေတ္တာထက် ငွေကြေးနှင့်ပဲ မေမေက ဖြည့်စွမ်းပေးခဲ့တာက များသည်။

သူ ဆယ်တန်းဖြေမဲ့နှစ်တွင် ကိုရာဇာအား ဒရိုင်ဘာအဖြစ် အလုပ်ခန့်ခဲ့သည်။ သူ့သဘောဆန္ဒမပါ။

ပြီးတော့...

ကိုရာဇာနှင့် တတွဲတွဲ...

သူ...

ဆယ်တန်းမှာ ဂုဏ်ထူးတွေမပါဘဲ ရိုးရိုးတန်းတန်း အောင်တော့ ကိုရာဇာ့ရှေ့မှာပင် အသုံးမကျကြောင်း အပြစ်ဆိုသည်။

"ဆယ်တန်းမှာ နှစ်ချင်းပေါက်အောင်တာပဲ တော်တယ်လို့ ပြောရမှာပဲ မမ၊ ဝေဟင်က တော်ပါတယ်"

ကိုရာဇာက ဝင်ပြောတာမျိုး သူ နည်းနည်းမှ သဘောမကျမိပေ။

သက်သက်ကြော့တာဟု ထင်မိသည်။

ဆရာဝင်လုပ်တာပဲ...

"မင်း တခြားပညာရပ်တွေ သင်ဦး သား၊ ကွန်ပျူတာတို့ ဘာတို့လေ...ပြီးတော့ နိုင်ငံခြားထွက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့လုပ်ငန်းတွေမှာ သူ ဦးစီးလုပ်ကိုင်လိုပေမဲ့ မေမေက နိုင်ငံခြားသွားဖို့ပဲ နှိုးဆော်ပြင်ဆင်စေသည်။

သူ့ကို ပထုတ်တာဟု ထင်မိ၏။

"ကျွန်တော်က မေမေ့စီးပွားရေးလုပ်ငန်းတွေမှာပဲ ဦးစီးလုပ်ချင်တယ်၊ နိုင်ငံခြားမသွားချင်ပါဘူး မေမေ"

မေမေက လက်မခံ။

"မင်း အသက်အရွယ်နဲ့ရော ပညာအရည်ချင်းနဲ့ပါ မေမေ့လုပ်ငန်းမှာ ဝင်လုပ်လို့မရသေးပါဘူး သားရယ်"

မေမေ ဆင်ခြေပေးတာပါ။

ကိုရာဇာကပဲ မေမေ့ထက်တောင် မြင့်မားတဲ့အရှိန်အဝါတွေ ရနေကြောင်း ပြောကြသည်။

လုပ်ငန်းတွေမှာ ကိုရာဇာပဲ ဦးဆောင်ပြီး လုပ်ဆောင်နေတော့၏။

သူ…

တားဆီး၍မရ။

ကန့်ကွက်ပိုင်ခွင့်မရှိ။

မေမေက သူ့အား ချောင်ထိုးထားသည်ဟု ထင်မိသည်။

လုပ်ငန်းခွင်ကိုပင် သူ လာခွင့်မရှိ။

"သားနဲ့မဆိုင်တဲ့ကိစ္စ ဝင်မစွက်ဖက်ချင်နဲ့ ဝေဟင်အာကာ၊ မင်းလုပ်ရမဲ့အလုပ်တွေပဲ သွားလုပ်ပါ"

"ကျွန်တော် မလုပ်ချင်ဘူး"



"ဘာ"

"မေမေ့လုပ်ငန်းတွေမှာပဲ ဝင်လုပ်ချင်တယ်"

"မေမေ့ကို ကပ်တာလား သား"

"သား ဝါသနာပါတာကိုပဲ ပြောတာပါ"

"မလုပ်ရဘူး၊ မင်း နိုင်ငံခြားထွက်ဖို့ပဲ ကြိုးစား…စီးပွားကို နှစ်ဘက်နှစ်လမ်းရှာဖို့ မေမေ စီစဉ်တာ"

မေမေ့အား သူ အတိုက်အခံမပြောချင်လောက်အောင် ဖြစ်နေသည်။

အကျိုးမထူးနိုင်။

ကိုရာဇာနှင့် သူထိပ်တိုက်တွေ့ရမှာကြောက်၍ မေမေက သူ့ကိုပဲ လွှင့်သွားအောင်လုပ်ဆောင်ခဲ့တာဟု ထင်မိသည်။

မေမေနှင့် သူ စိမ်းသွား၏။

သူ…

ကွန်ပျူတာသင်တန်းကိုသွားချင်မှ သွားခဲ့သည်။

အပြင်မှာ လေနေတာများ၏။

မေမေ့ မသိ။

သူ့အကြောင်းလည်း မမေး။

ကိုရာဇာနှင့် မေမေသည် အလုပ်ချိန်မှာရော အပြင်မှာပါ အချိန်ပြည့်ကပ်နေတတ်တာမျိုး ဖြစ်နေသည်။

တစ်ခါတလေ…

မေမေ့ထက် သူ နောက်ကျအောင် ပြန်လာဖို့ ကြိုးစားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မအောင်မြင်။

မေမေက အမြဲတမ်းလိုလို နောက်ကျနေတတ်ခဲ့သည်။

"မေမေက ညှိခံပွဲတွေဘာတွေ တက်နေရတယ်၊ အလုပ်တွေက များတယ် သား၊ မင်းဘဝရှေ့ရေးအတွက် မင်းကြိုးစားစမ်းပါ"

မေမေက သူ့အပေါ် ဥပေက္ခာပြုနေနိုင်သည်ဟု ထင်မိသည်။

တဖြည်းဖြည်းနှင့် ကိုရာဇာနှင့် မေမေ ရင်းနှီးလွန်းလာ၏။

မမနှင့် မောင်တဲ့။

မောင်လေးခေါ်ရင်းကနေ မောင်ဖြစ်သွားကြတာပဲဖြစ်သည်။

သူ…

နားကြားပြင်းကတ်လာရသည်။

မတွေ့ချင်။

မမြင်ချင်တော့ပေ။

ကိုရာဇာ့ရှေ့မှာ အပျိုမလေးတစ်ယောက်လို မေမေ ပြုမူနေထိုင်တော့သည်။

သားတစ်ယောက်ရှိနေခဲ့တာတောင် မေမေ ဂရုမပြုနိုင်တော့ပေ။

မေမေ့အရိပ်အောက်မှာနေရတာ အေးမြမှုတွေရှိမနေတော့။

ပူလောင်လာသည်။

"ဒေါ်စုစန်"

"ဘာလဲ…ဝေယောင်လေး"

"မေမေနဲ့ ကိုရာဇာက လက်ထပ်ကြတော့မှာလား"



မေမေ့ရဲ့ ကိုယ်ရေးကိုယ်တာတွေအကြောင်း အိမ်တော်စိုးကြီး ဒေါ်စုစန်က အသိဆုံးပင်ဖြစ်သည်။

"အင်း"

ဒေါ်စုစန်က မဖြေချင့်ဖြေချင်နှင့် ဖြေတော့သည်။

"သား သဘောမကျဘူးဆိုတာ မေမေ သိရဲ့လားဗျ"

"သိတာပဲ…ခင်မြင့်မြတ်က ဘယ်လိုမှပြောလို့ရမှာမဟုတ်တော့ဘူး"

မေမေနှင့် ကိုရာဇာတို့က မကြာခင် လက်ထပ်ကြတော့မှာတဲ့။

မဖြစ်နိုင်ဘူး…

သူ လုံးဝသဘောမတူနိုင်ဘူး…

ကန့်ကွက်မယ်…

သူ့ထက် ဆယ်နှစ်လောက်ပဲကြီးတဲ့ လူတစ်ယောက်ကို အဖေခေါ်ရမလား။

မတော်နိုင်ဘူး…

မဖြစ်မနေ ကန့်ကွက်တားဆီးဖို့ စတင်လုံးပန်းမိသည်။

မေမေနှင့် ကိုရာဇာက လူမြင်ကွင်းမှာပင် ချစ်သူတွေအဖြစ် အတိအလင်းပြုမူနေထိုင်တတ်ကြတာပင်ဖြစ်၏။

သူ…

ဒေါသတွေပဲဖြစ်မိသည်။

မေမေ…

ဘာလို့ အရှက်မဲ့နေရတာလဲ…

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တဲ့လုပ်ငန်းရှင်ကြီးတစ်ယောက်အဖြစ် ဘာမဟုတ်တဲ့ ဒရိုင်ဘာတစ်ယောက်နှင့် လက်ထပ်တာ ဘယ်လောက်ဂုဏ်သိက္ခာမဲ့လိုက်မလဲ။

ထိုအချက်အား…

မေမေ စဉ်းစားဆင်ခြင်ဖို့ ကောင်းသည်ဟု ထင်မိလာသည်။

သူ ရှက်တယ်။

ပတ်ဝန်းကျင်နှင့်ပင် ပတ်သက်ဆက်ဆံဖို့ ရှက်လာရသည်။

တစ်နေ့…

သူ…

အပြင်မှ ပြန်လာစဉ်…

မေမေ့အခန်းထဲမှာ ကိုရာဇာ ရှိနေကြောင်း သတိပြုမိလာသည်။

သူ…

အရှက်ကြီးရှက်သွားမိသည်။

အိမ်ထဲအထိ အရှက်သိက္ခာမဲ့စွာ နေထိုင်ပြုမူတာတော့ သူ တားဆီးရမည်။

“မေမေ”

“မေမေ”

“ဝုန်း”

“ဝုန်း”

“မေမေ”

“ကျွီ”



အခန်းတံခါးပွင့်လာသည်။

မေမေ့မျက်နှာပေါ်မှာ ဒေါသတွေနှင့် ခက်ထန်မာကျောနေ၏။

“မင်း သိပ်ရိုင်းတဲ့သားတစ်ယောက်ပဲ ဝေယာင်”

“ဖြန်း”

“ဟင်”

မေမေသည် သားကို လက်ဖျားနှင့်ပင် မထိခဲ့ဘူးပေ။

သူ့ကို စီးပွားရေးလောက် အာရုံမစိုက်ပေမဲ့ ဆူလားပွက်လားတော့ ဘယ်တော့မှမလုပ်ခဲ့။

“ဝေယာင်…မင်း စာဖတ်ခန်းက စောင့်နေ၊ ငါလာခဲ့မယ်”

သူ…

ထွက်လာခဲ့မိသည်။

ပါးပြင်ပေါ်မှ စပ်ဖျင်းသော ဝေဒနာတွေကို ပြင်းပြစွာ ခံစားလိုက်ရ၏။

မေမေ လက်ချောင်းရာက သူ့ပါးပြင်မှာ ထင်းနေတာတွေ့ရသည်။

မေမေ ရက်စက်တယ်…

သားတစ်ယောက်ကိုတောင် ရိုက်ရဲလောက်အောင် ဒရိုင်ဘာတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ ပြားပြားဝပ်နေရပြီပဲ။

သူ့ရင်ထဲမှာ နာကြည်းစွာဖြင့် ခံစားလိုက်ရတော့သည်။

စာဖတ်ခန်းထဲမှာ သူ ထိုင်နေမိ၏။

မျက်ရည်တွေ လိမ့်ဆင်းကျမလာအောင် အတတ်နိုင်ဆုံး ထိန်းထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ…

မငိုပါဘူး…

ယောကျ်ားတစ်ယောက်ပဲ…

"ဖျတ်…ဖျတ်"

"ဖျတ်…"

မေမေ့ခြေသံကို ကြားရသည်။

ခပ်သွက်သွက်လျှောက်လာသောခြေသံမျိုးဖြစ်နေ၏။

သူ့အပေါ် ဘယ်လောက်အထိ ဒေါသတွေပေါက်ကွဲနေကြောင်း သိသာသည်။

"ဝုန်း"

တံခါးကို မေမေက ပြင်းထန်စွာဖွင့်လိုက်ခြင်းဖြစ်သည်။

မေမေ အခန်းထဲရောက်လာ၏။

"ဝေဟင်"

သားဟူပင် မခေါ်တော့။

သူ့နှလုံးသားတွေကို ဆုတ်ကိုင်ချေမွလိုက်သလို စူးရှနာကျင်သွားရသည်။

"မင်း ဘာအချိုးချိုးတာလဲ၊ မေမေ့ကို ဆန့်ကျင်ဖို့ ကြိုးစားတာလား"

သူ…

ဘာမှမပြောချင်တော့။

မေမေသည် ကိုရာဇာ့စိတ်တွေ မွှန်နေပြီဖြစ်၍ သားအပေါ် ရန်သူတစ်ယောက်ကဲ့သို့ ပြုမူဆက်ဆံလာတော့သည်။



ဒေါသတကြီး တုံ့ပြန်နေ၏။

"ဝေဟင်"

သူ…

မော့မကြည့်ဖြစ်။

"နောက်တစ်ခါ မင်းရဲ့ရိုင်းစိုင်းတဲ့ အပြုအမူတွေကို ပြင်ပါ၊ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ မင်း လေနေတယ်မဟုတ်လား ဝေဟင်"

သူ…

လေလွင့်နေတာကို မေမေ သိထားပြီးသားပါပဲလား။

ဘာကြောင့် ဥပေက္ခာပြုထားရတာလဲ…

မသိချင်ယောင်ဆောင်နေရတာလဲ…

"မင်းကို ငါ အသိပေးမလို့ပဲ ဝေဟင်…မောင်ရာဇာနဲ့ မေမေ ဆက်ထပ်တော့မယ်"

သူ တုန်လှုပ်မှုမရှိတော့။

သိထားပြီးပြီပဲ။

"မင်း ကန့်ကွက်တာတွေ၊ ပြဿနာရှာတွေတွေ၊ နှောင့်ယှက်ဆန့်တားဖို့ ကြိုးစားတာတွေ ဘာတစ်ခု မလုပ်ပါနဲ့…အကောင်းဆုံး မောင်ရာဇာ့ကို ရိုသေလေးစားမှုပြသပြီး အဆင်ပြေအောင် ဆက်ဆံဖို့ပဲ လိုတယ်"

မေမေ့စကားတွေက ရှင်းလင်းပြတ်သားပြီးသား ဖြစ်နေသည်။ ကိုရာဇာ့အပေါ် ဘယ်လောက်အထိများ ချစ်ခင်နှစ်သက်နေသလဲဆိုတာ သိသာ၏။

www.burmeseclassic.com

www.burmeseclassic.com



“မင်း လုပ်ရမဲ့အလုပ်တွေပဲလုပ်ပါ၊ အကောင်းဆုံးက မင်း နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ဖို့ပဲ သား”

နိုင်ငံခြားထွက်ဖို့ကိစ္စကိုပဲ မေမေက တွင်တွင်ပြောနေသည်။

မေမေ့လုပ်ငန်းတွေမှာ သူ ဝင်ရောက်ဦးစီးလုပ်ကိုင်ဖို့ မဖြစ်နိုင်တော့ပေ။

ကိုရာဇာက ရှိနေသည်။

မေမေ့အခန်းထဲမှာ ကိုရာဇာက ရှိနေပြီဖြစ်၏။

သူ…

ဘာမှမပြောလိုတော့။

“မင်း မေမေ့ကို ဆန့်ကျင်ဖို့ လုံးဝစိတ်မကူးနဲ့နော် ဝေဟင်၊ မင်းရှေ့ရေးအတွက်လည်း မေမေ စီစဉ်ပေးတာကို နာခံပါ”

မေမေ ပြန်ထွက်သွားတဲ့အချိန်တွင် သူ ဆုံးဖြတ်ချက်တစ်ခုကို ဖြတ်သားစွာ ချပစ်လိုက်မိတော့သည်။

⚜ ⚜ ⚜



## အခန်း (၂)

မေမေ…

သူ့အတွက် ခံစားမှာလား…

သား အိမ်ကထွက်သွားသဖြင့် မေမေ့အတွက် ပိုပြီးများ လွတ်လပ်သွားတာလား။

သွားသင့်တယ်…

သူနှင့် မေမေ ဘယ်လိုမှ အဆေးမကပ်နိုင်တော့တာ သေချာသည်။

ပထွေးဖြစ်သူ ကိုရာဇာကို သူ လုံးဝရင်မဆိုင်ချင်တော့ပေ။

မတွေ့မမြင်လို…

ဘာမှ မက်မောခြင်းမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလည်း မနေချင်။

မေမေက သားအပေါ် ရန်သူတစ်ယောက်ကဲ့သို့ ဆက်ဆံချင် လာသည်။

ကိုရာဇာအားလည်း အလွန်အမင်း အရေးပေးနေတာ မြင်တွေ့ နေရ၏။

မဖြစ်နိုင်တော့။

သူ…

ထွက်လာတာပဲ မှန်တယ်။

မေမေ့အရိပ်မှာ မနေချင်။

ပူလောင်နေသည်။

သူ့အနာဂတ်က မေမေ့ကြောင့် ဘယ်နည်းနဲ့မှ မလှပနိုင်တော့ ပေ။

မေမေ သူ့အတွက် လုပ်ဆောင်ပေးသောအစီအစဉ်များကို သူ လုံးဝသဘောမကျမိ။

လက်လည်း မခံနိုင်ပေ။

သူ…

တစ်ယောက်ထဲ ခြေဦးတည်ရာသို့ သွားနေမိသည်။

ဘယ်သွားရမလဲ…

သူငယ်ချင်းအိမ်တွေလည်း မသွားချင်။

အရင်တလို…

သူသည် ချမ်းသာကြွယ်ဝသော လူတစ်ယောက်မဟုတ်တော့။



ခြေသလုံးအိမ်တိုင်ဖြစ်နေသည်။

နှုတ်ခမ်းတွေကို တင်းကျပ်စွာ စေ့ကပ်ထားလိုက်သည်။

မေမေ့ကို ဆန့်ကျင်သည့်အနေနှင့် သူ အိမ်ကနေ ထွက်လာထဲ က အဝတ်အစားတွေ အနည်းဆုံးသာ ယူလာခဲ့၏။

ငွေကြေးနှင့် ပတ်သက်ပြီးတော့ နည်းနည်းပါးပါးပဲ ယူဆောင် လာခဲ့သည်။

မေမေက သူ့ကို အပြစ်တစ်စုံတစ်ရာ ပြော၍မရအောင် တမင် ငွေကြေးတွေ မယူဆောင်ခဲ့ခြင်းဖြစ်၏။

မှားပြီလား…

တည်းခိုခန်းမှာ ငှားနေရမလား။

သူ ရေရှည် ဘာဆက်လုပ်ရမလဲဆိုတာ သူ့ကိုယ်သူ တွေး နေမိသည်။

ဘာဆက်လုပ်ရမလဲ…

အခု…

ခြေသလုံးအိမ်တိုင်ဖြစ်နေသည်။

ဒေါ်ခင်မြင့်မြတ်ရဲ့သားတစ်ယောက်မှ မဟုတ်တာ…

သူ့အနာဂတ်တွေက ဘာတွေဆက်ဖြစ်ဦးမလဲဆိုတာ မသိသေး ပေ။

ဝေဟင်အာကာ ဆိုတဲ့ သူ့နာမည်ကိုလည်း ပြောင်းပစ်ရမည် ဖြစ်သည်။

မသုံးလိုတော့။

www.burmeseclassic.com

www.burmeseclassic.com

လူသစ်စိတ်သစ်နှင့် ရှေ့ဆက်ပြီး ဘာလုပ်ရမလဲဆိုတာ စဉ်းစားမရ။

ရထားစီးမယ်။

မန္တလေးကိုသွားမယ်။

ဟိုမှာ အသိမိတ်ဆွေတစ်ယောက်ရှိနေသည်။

သွားရှာရမယ်။

အလုပ်တစ်ခုခုလုပ်မယ်။

သူ့ဘဝရပ်တည်ရေးအတွက် တစ်ခုခုတော့ လုပ်ဆောင်ရမည်သာဖြစ်သည်။

ဘူတာကြီးသို့ ရောက်လာခဲ့၏။

တစ်ယောက်ထဲ ဘယ်သွားရမှန်းမသိအောင် ဖြစ်နေမိသည်။

"မောင်ရင်"

"ဟင်"

လူကြီးတစ်ယောက်...

သူ မော့ကြည့်လိုက်သည်။

"မင်း အိမ်ကနေထွက်ပြေးလာတယ်ထင်တယ်"

"ဗျာ"

ထိုလူက ပြုံးပြီး သူ့အနားမှာ ဝင်ထိုင်သည်။

"မင်းနာမည်ဘယ်သူလဲ"

"ဗျာ"

"မင်း ဘယ်သွားမလို့လဲ"



"ဗျာ"

"မင်း ဗျာတစ်လုံးပဲတတ်လား၊ ဟား...ဟား...ဟား"

အော်ဟစ်ရယ်နေသည်။

ဘယ်ကလူကြီးလဲ...

အဝတ်အစားဝတ်ထားတာကတော့ ခပ်နွမ်းနွမ်းလေးဖြစ်နေသည်။

အသက်ကတော့ မေမေ့အရွယ်ပဲ...

"မောင်ရင်"

"ဗျာ"

"မင်း အိမ်ကထွက်ပြေးလာတာလား"

ကိုဘဒင်ကလည်း လူငယ်တွေရဲ့အခြေအနေတွေအားလုံး မြင်လိုက်တာနှင့် သိသည်။

ဒီကောင်လေး လူရည်တော့သန့်၏။

ကလေကချေလေးမဟုတ်။

ခန့်ညားချောမောတဲ့ ကောင်လေးတစ်ယောက်ဖြစ်သည်။

"မောင်ရင်"

"ဗျာ"

"မင်းနာမည်"

"သံကြိုး"

"ဘာ"

"သံကြိုး"

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ"

"အဲဒါတော့ မသိဘူး၊ ကျုပ်နာမည် သံကြိုးပဲ"

တမင်…

မာကျောတဲ့နာမည်တစ်ခုကို ရွေးချယ်ပြီးပေးလိုက်မိသည်။

သူ…

ပျော့နေလို့မဖြစ်ဘူး…

ဘဝကို ရင်ဆိုင်ရမည်။

မေမေ့ဆီပြန်ပြီး ခိုလှုံဖို့ ဘယ်တော့မှမဖြစ်နိုင်တော့ပေ။

ပထွေးဖြစ်သူ ကိုရာဇာနှင့်လည်း မတွေ့လို။

"မောင်သံကြိုး"

"ဗျာ"

"မင်း အိမ်ကနေထွက်ပြေးလာတာမဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သွားမှာလဲ"

"ကျုပ်သူငယ်ချင်းရှိတဲ့ မြို့လေးတစ်မြို့ကိုပါ"

"လိပ်စာရှိလား"

"မရှိဘူးဗျ…ကျုပ်ရဲ့ ငယ်သူငယ်ချင်းတစ်ယောက်ပဲ မတွေ့တာတောင်ကြာပြီ"

"မသေချာလိုက်တာ"

ထိုလူကြီးက သူ့အနားမှာ ဝင်ထိုင်လိုက်သည်။

လူတွေကိုတော့ မယုံရဘူး…



ဘယ်ကလူကြီးလဲ…

မေမေ့ထက်တော့ အသက်ကြီးမည်ဟုထင်သည်။

အတော်ပဲ…

သူ့မှာ အဖော်မရှိ။

"ဦးလေးနာမည်က ဘဒင်တဲ့…ကုမ္ပဏီတစ်ခု ထူထောင်ထားတယ်လေ"

"ကုမ္ပဏီ"

"အင်း"

"ဘာကုမ္ပဏီလဲ"

"မင်းအလုပ်လုပ်မလား မောင်သံကြိုး"

"ကျုပ်က ဘာအလုပ်တွေလုပ်ရမှာလဲ"

"လောလောဆယ်တော့ မင်းအလုပ်သင်ရမယ်၊ မင်း လုပ်မယ်ဆိုရင်တော့ ငါ့နောက်လိုက်ခဲ့လေ"

"ဦးဘဒင်နောက်"

"အင်း"

"ဘယ်မှာနေတာလဲ"

"တောက်ကြံ့မှာ"

သူ…

စဉ်းစားနေမိသည်။

ဒီအတိုင်းဆို ဘယ်မှာနေမလဲ…

ဦးဘဒင်ကြည့်ရတာ လူရည်သန့်ပြီး လုပ်ငန်းကြီးတွေလုပ်ည်ပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သံကြိုး"

"ဗျာ"

"ဘယ်လိုလဲ"

ဘဒင်ကတော့ သံကြိုး ဆိုတဲ့ ကောင်လေးအိမ်က ထွက်ပြေး လာတယ်ဆိုတာ သဘောပေါက်နေမိသည်။

ထို့ကြောင့်ပင်...

စည်းရုံးသိမ်းသွင်းပြီး ခေါ်ဆောင်သွားခြင်းသာဖြစ်သည်။

ဘဒင်ထံတွင် ထိုကဲ့သို့သော လူငယ်လေးတွေ မြောက်မြားစွာ ရှိသည်။

"လိုက်မယ်ဗျာ"

"အိုကေ...ထ"

သံကြိုးဟုပဲ သူ့ကိုယ်သူ သတ်မှတ်လိုက်ပြီး...

ဦးဘဒင် နောက်လိုက်သွားမယ်...

နယ်က သူငယ်ချင်းက မရေရာ...

သူ့မှာ ငွေလည်းမရှိ...

မေမေ့ကို စိတ်နာပြီး သူ့အဝတ်အစားမှလွဲ၍ ဘာငွေမှ ယူ မလာခဲ့မိ။

နောင်တမရပါဘူး...

သူ့ဘဝသူ ရုန်းကန်မယ်...

တိုးတက်ကြီးပွားအောင်ကြိုးစားတည်ဆောက်ပြမယ်...

တုန်းတိုက်တိုက် ကျားကိုက်ကိုက်...



ရှေ့ဆက်မယ်...

နောက်မဆုတ်တော့ဘူး...

မေမေ...

ရက်စက်တယ်...

သားအတွက် ဘာတစ်ခုမှထည့်ပြီး မစဉ်းစားခဲ့။

"မောင်သံကြိုး"

"ဗျာ"

"ကားပေါ်တက်"

ဦးဘဒင်က တကယ့်ကို လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်ပုံပင်။

ကားက အဖိုးတန်လွန်းသည်။

သံကြိုး အထင်ကြီးသွားမိသည်။

သူ...

နားခိုရာရပြီပဲ။

"သံကြိုး"

"ဗျာ"

"မင်းအရင်က ဘယ်မှာနေတာလဲ"

"မသိချင်ပါနဲ့"

ဒီကောင်လေးကိုကြည့်ပြီး လူချမ်းသာအသိုင်းအဝိုင်းထဲကဟု ထင်ထားမိသည်။

ကောင်းတယ်...

ဒီလိုကောင်လေးမျိုးက ခိုင်းစားလို့အကောင်းဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သံကြိုး…မင်း ဘာမှအားမငယ်ပါနဲ့၊ လူ့ဘ၀ဆိုတာ ဒီလို

ပဲကွ၊ ငါလည်း တစ်ချိန်က မင်းလိုအိမ်ပြေးတစ်ယောက်ပဲ"

"ဗျာ"

ဦးဘဒင် စကားကြောင့် သံကြိုး ပိုပြီးစိတ်၀င်စားသွားမိသည်။

"မင်း ဘာစားပြီးပြီလဲ"

"ဟင့်အင်း"

သူ…

အိမ်ကထွက်လာခဲ့ထဲက ဘာမှမစားခဲ့ရသေးပေ။

ဆာနေသည်။

ပိုက်ဆံကို ချိန်နေ၍ ဘာမှမစားထားမိသေးပေ။

"ဒါဆို…မနက်စာစားကြမယ်ကွာ သံကြိုး"

သူက မငြင်းမိ။

ဆာနေပြီပဲ…

အိမ်မှာဆို သူ့အတွက် ဒေါ်စုစန်က စီစဉ်ထားပြီးသား။

ဒေါ်စုစန်သည် သူ့၀ေယျာ၀စ္စတွေကို လုပ်ပေးပေမဲ့ တစ်ခါ

တစ်ရံ စိတ်မထင်လျှင် မထင်သလို ရိုက်နက်တတ်သည်။

မေမေက စုစန်သဘောပဲတဲ့။

သူ အသက်ကြီးလာမှ မရိုက်တော့တာပဲဖြစ်သည်။

အိမ်အကြောင်း မတွေးချင်။

မေမေ…

စီးပွားရေးပဲ စိတ်၀င်စားတာ…



နောက်ပိုင်း…

ကိုရာဇာ့အပေါ်ပဲ မေမေ ဂရုစိုက်နေခဲ့သည်။

"မောင်ရင်"

"ဟင်"

"ထမင်းဆိုင်ရောက်ပြီ…ဆင်းလေ… ဘာတွေစဉ်းစားနေတာ

လဲကွ"

စားသောက်ဆိုင်အကောင်းစားကြီးဆီ သူ့ကိုခေါ်ဖို့ ခေါ်ဆောင်

သွားမည်ဟု သံကြိုး မထင်ခဲ့မိတာအမှန်ပဲဖြစ်သည်။

"ရက်ရောလှချည်လား"

"မင်းကို ဧည့်ခံတာပါ"

"အကောင်းဆုံးပါပဲ"

"မင်းက အကောင်းကြိုက်ပုံရတယ် သံကြိုး"

"အဟက်"

စားသောက်ဆိုင်ကြီးတွေဆိုတာ သူ့အတွက်ကတော့ မဆန်း

သေး။

မေမေနှင့် သွားစားနေကြ။

ကိုရာဇာနှင့် မေမေ စားသောက်စဉ်က သူ့ကိုပါ အဖော်ခေါ်

သွားတတ်သည်။

ငယ်စဉ်က လိုက်ပေမဲ့ ကြီးတော့ မလိုက်ဖြစ်တော့။

ရှက်သည်။

သူတစ်ယောက်ထဲ သူငယ်ချင်းတွေနှင့်ပဲ သွားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရာဇာနှင့် ရင်ဆိုင်ရမည့်အကြောင်းအရာတွေကို သူ ရှောင်ရှားခဲ့သည်။

ထိုကိစ္စအတွက်...

မေမေက သဘောမကျ။

"မောင်ရာဇာက မေမေ့လုပ်ငန်းတွေမှာ အကူအညီပေးနေတာပါ သား၊ ဒီလောက်အထိ မနှိမ်ချပါနဲ့၊ အခု မေမေ့ဒရိုင်ဘာမဟုတ်တော့ဘူး၊ မေမေ့ရဲ့ ကိုယ်ရေးအရာရှိတစ်ယောက်ဖြစ်နေပြီ"

မေမေက သူ့ကို အရာမထားခဲ့ပေ။

အသက်ဆယ့်ရှစ်နှစ်ပြည့်နေသော သူ့အား မေမေ့လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ရန်ဖြစ်စေ၊ သင်ကြားပေးရန်ဖြစ်စေ...မေမေ လုံးဝ မကြိုးစားခဲ့ပေ။

ချောင်ထိုးထားခဲ့သည်။

"သံကြိုး"

"ဗျာ"

"ထိုင်"

"ဟုတ်"

"မင်း အိမ်အကြောင်းတွေ စဉ်းစားနေတာလား"

"အင်း"

"မင်းဘဝနဲ့ ငါ့ဘဝ အခြေခံခြင်းတော့ တူမှာမဟုတ်ဘူး ထင်တယ်ကွ"

စားပွဲမှာထိုင်မိသည်။



"မင်းကြိုက်တာမှာ"

"ဦးဘခင်မှာပါ"

ဦးဘခင်က စျေးအကြီးဆုံး စားသောက်ဖွယ်ရာတွေမှာနေသည်။

သံကြိုး ဆာနေ၏။

ကျေးဇူးပဲ...

စားသောက်စရာတွေ ရောက်လာတော့သည်။

"စား"

"ကျေးဇူးပဲ"

သူ...

အငမ်းမရ စားမိသည်။

စားပြီးမှ...

"ခင်ဗျားအကြောင်းတွေ ပြောပြပါလား"

"ပြောမယ်"

ဘခင်...

သူ...

ငယ်စဉ်ကဘဝ...

မိမရှိ...ဘမရှိ...

အမှိုက်ပုံဘေးမှာ စွန့်ပစ်ထားခံရတဲ့ဘဝ...

သူ့ကို ကောက်ယူမွေးစားတာက အရက်သမားကြီး ဦးကျော်ခင်။

ဦးကျော်ခင်ကလည်း တစ်ကောင်ကြွက်...

www.burmeseclassic.com

www.burmeseclassic.com



နေတာက တဲစုတ်။

အရက်က မိုးမလင်းအောင်သောက်သည်။

အလုပ်က…

အလစ်သမား…

ဘယ်လောက်ကောင်းလဲ…

ဘဒင် ကြီးပြင်းလာတော့ အဖေ အရက်သမားကြီးက ပညာ ကိုသင်ပေးသည်။

ဒါပေမဲ့…

ဘဒင်က အရက်မသောက်။

သူ ဆင်းရဲနွမ်းပါးစွာ နေထိုင်ခဲ့ရမှုတွေ ခါးသီးစွာ မုန်းတီးခဲ့ သည်။

လုပ်ငန်းတစ်ခုမှာ အောင်မြင်အောင် ကြိုးစားလုပ်ဆောင်နိုင် ခဲ့၏။

"မောင်ရင်"

"ဗျာ"

"ကိုယ်က ဆင်းရဲတဲ့ဘဝကို ရွံမုန်းတယ်၊ ဘယ်နည်းနဲ့မဆို ချမ်းသာအောင်လုပ်တယ်"

သူ…

ဘာအလုပ်တွေလုပ်တယ်ဆိုတာ ကောင်လေးအား မပြောခဲ့။

ဆင်းရဲတဲ့ဘဝပဲ ပြောပြခဲ့သည်။

အဖေက အရက်သောက်လွန်းပြီး မဟုတ်တာတွေ ခိုင်းစေလွန်း ၍ အိမ်က ထွက်ပြေးခဲ့၏။



ဘဒင် ထပ်ပြီး မှီခိုရတဲ့လူတွေက အဖေ့ထက် ပိုဆိုးခဲ့သည်။

ဒုစရိုက်သမားကြီးတွေ…

သူ…

ခေါင်းဆောင်ကြီးအဆင့်ရောက်အောင် အတော်လေး ကြိုးစား တည်ဆောက်ခဲ့မိသည်။

"ကိုယ်ကတော့ ကိုယ့်ဘဝကို ကြီးကျယ်မြင့်မြတ်အောင် လုပ် ဆောင်ခဲ့တာပဲ"

"ကျွန်တော် အားကျတယ်၊ ဦးဘဒင်ဘဝမျိုးရောက်အောင် လုပ် ကြိုးစားမယ်"

"မင်းစိတ်ဓာတ်ကိုကြိုက်တယ်ကွာ"

ဒီကောင်လေးအား အနုနည်းနှင့် စည်းရုံးသိမ်းသွင်းမှုဖြစ်မည် ဟု တွေးမိသည်။

ဘဒင်…

ဘဝနာနေခဲ့သည်။

လူငယ်တွေကို စည်းရုံးသိမ်းသွင်းပြီး သူ့ရဲ့ဒုစရိုက်လုပ်ငန်းတွေ ခိုင်းစေနိုင်းပင်။

သံကြိုးတဲ့…

သားကောင်တွေပြီ။

ဘဒင်တော့ သားကောင်ကို မလွတ်အောင် နည်းပရိယာယ် များစွာ ထောင်ချောက်ဆင်ဖို့ ကြိုးစားနေသည်။

www.burmeseclassic.com



သံကြိုးကတော့ တခြားကောင်တွေနှင့် မတူဘဲ နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်မှု…

အအေးခွက်ကို နှုတ်ခမ်းမှာတေ့ပြီး ဘဒင့်နှုတ်ခမ်းသားတွေက ကျေနပ်စွာပြုံးနေမိသည်။



## အခန်း (၃)

ခြံကြီးတစ်ခြံ…

တိုက်အိုကြီးတစ်လုံး…

မြို့နှင့် အလှမ်းဝေးသည်။

ထိုနေရာမျိုးမှာ သူနေရမှာတော့ သံကြိုး ကျေနပ်သွားမိ၏။

မေမေ့ကို ရှောင်တိမ်းနိုင်သည်။

သူ…

ဘယ်ရောက်နေလည်းဆိုတာ မသိနိုင်။

အခုလောက်ဆို…

မေမေ ရှာနေပြီလား။

သူထွက်သွားတာပဲကောင်းသည်ဟု ထင်မှတ်နေမလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုရာဇာနှင့် လက်ထပ်လိုက်ပြီလား…

မတွေးဘူး…

အိမ်အကြောင်းတွေ မတွေးတာ အကောင်းဆုံးပဲဟု ထင်မိလိုက်သည်။

"သံကြိုး"

"ဗျာ"

"ငါနေတဲ့အိမ်ပဲ"

"ကောင်းပါတယ်"

ကားအကောင်းစားကြီးစီးပြီး တိုက်ကတော့ ဟောင်းနွမ်းလွန်းသည်။

ရှေးဟောင်းတိုက်ကြီးတစ်လုံး။

ခြံကြီးကိုတော့ မြင့်မားတဲ့အုတ်တံတိုင်းတွေနှင့် ကာရံထားသည်။

သူ့စိတ်ထဲက သဘောကျ၏။

လုံခြုံတယ်…

"ဦးဘဒင်"

"ပြော"

"ခင်ဗျား ဘာအလုပ်တွေလုပ်လဲ"

"အစုံ"

"ဒီတိုက်ကြီးက…"

"လတွေပဲနေတာ…အလုပ်ကတခြား။



"သြော်…"

မေမေနှင့်ဝေးသောနေရာတစ်ခုမှာ နေထိုင်ချင်မိသည်။

"လာလေ သံကြိုး"

ဦးဘဒင် ခေါ်ဆောင်ရာနောက်လိုက်သွားမိသည်။

ထိုတိုက်အိမ်အိုကြီးသည် အံ့သြစရာကောင်းစွာဖြင့် အထဲမှာ အခန်းတွေများနေ၏။

ဝင်္ကပါအိမ်ကြီး…

သူ့ကို ခေါ်သွားတာက မြေအောက်ခန်းတစ်ခန်းဖြစ်နေသည်။

တစ်ခုတော့ရှိ၏။

အလင်းရောင်ကတော့ ကောင်းစွာရနေသည်။

သူ…

လိုက်လာမိတာ မှားသွားပြီလား…

ဦးဘဒင်သည် ကောင်းရောင်းကောင်းဝယ်လုပ်စားတဲ့လူတစ်ယောက်မှ ဟုတ်ရဲ့လားဟု သံသယတွေ ဝင်လာမိသည်။

"ဒေါက်…ဒေါက်"

"ဒေါက်"

"ဒေါက်"

ဦးဘဒင်က အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ပြီး တံခါးကို [illegible] ခေါက်လိုက်သည်။

"ကျွီ"

အထဲက ဗလကြီးတစ်ယောက်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးစားပါတယ် ဆရာကြီး"

"ဟင်"

ဗလကြီးက ဦးဘဒင်အား အရိုအသေပေးနေသည်။

"လူသစ်လာအပ်တာ"

လူသစ်တဲ့…

သူ…

လူသစ်…

"ဟုတ်ကဲ့ ဆရာကြီး"

"သူ့ကိုတော့ မင်း သူများတွေလို ဆက်ဆံလို့မရဘူး… အနူးညံ့ဆုံး ဆက်ဆံပါ"

"ဟုတ်ကဲ့…စိတ်ချပါဆရာကြီး"

"ထားခဲ့ပြီ"

"ဟုတ်ကဲ့"

"သံကြိုး"

"ဗျာ"

"မင်း နေခဲ့တော့"

"ကျွန်တော်…"

"ငါသွားပြီ, ဗလ"

ဦးဘဒင်သည် သူ့ကိုထားခဲ့ပြီး ကျောခိုင်းထွက်ခွာသွားတော့သည်။

"ဦးဘဒင်"



သူ…

လှမ်းခေါ်မိသည်။

မရတော့။

"မောင်ရင်"

"ဗျာ"

ဗလကြီးက သူ့အင်္ကျီဂုတ်ကို ဆွဲကိုင်လိုက်သည်။

"အထဲဝင်"

"ဟင်"

ဦးဘဒင်က သူ့ကို အရင်လူတွေလို မဆက်ဆံရဘူး၊ အငြင်အဆုံး အသိမ်မွေ့ဆုံး ဆက်ဆံရမယ်တဲ့။

ဗလကြီး ဆက်ဆံတာက ကြမ်းသည်။

ရမ်း၏။

"ကျုပ်ကို ဘာကြောင့် ဒီလောက်အထိ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံနေရတာလဲဗျာ"

"ဒါ…မင်းမို့ အနူးညံ့ဆုံးဆက်ဆံတာလေ"

"ဗျာ"

အနူးညံ့ဆုံးပဲတဲ့…

အံ့ရော…

ဂုတ်ကို နာသွားတာပဲ…

"ဝင်"

သူ…

www.burmeseclassic.com

www.burmeseclassic.com



အထဲရောက်သွားသည်။

အခန်းထဲမှာ ခုတင်တွေ အစီအရီရှိနေ၏။

အားလုံး သူ့အတွက်ရော သူ့ထက်ကြီးတာရော အဘိုးကြီးရော ဆယ်ယောက်လောက် ရှိနေကြသည်။

ဘာတွေလဲ…

သူ့စိတ်ထဲမှာ မသင်္ကာဖြစ်လာမိသည်။

ဒီလူတွေ…

"မင်းနာမည် ဘယ်လိုခေါ်လဲ မောင်ရင်"

"သံကြိုး"

"ဒီမှာ မင်းအတွက်နေရာ"

ခုတင်တစ်လုံး…

သပ်ရပ်မှုရှိသည်။

"ကျွန်တော့်နေရာ"

"ဟုတ်တယ်"

"ဒီမှာ"

"ဘာလဲ"

"ဒီလူတွေက"

"မင်းကို ပညာသင်ပေးမဲ့ဆရာတွေ"

"ဆရာတွေ"

"ဟုတ်တယ်"

"ကျုပ်က ဘာပညာတွေသင်ရမှာလဲ"



"မင်း ခဏအနားယူလိုက်ဦးလေ…နောက်မှ မင်း ဘာတွေ သင်ရမလဲဆိုတာ ငါပြောပြမယ်"

ဗလကြီးတဲ့…

မျက်နှာထားက တင်းနေသည်။

အကြည့်တွေက မာန်ထန်နေ၏။

"ငါ့နာမည် ဗလကြီး၊ ဒီအခန်းကို အုပ်ချုပ်ရတဲ့လူ"

"ကျုပ် ဘာမှ နားမလည်တော့ဘူး၊ ခင်ဗျားတို့ ဘာတွေလဲ၊ ကျုပ် ဒီမှာဆက်မနေချင်တော့ဘူး၊ ပြန်မယ်ဗျာ"

"သံကြိုး"

"ဘာလဲဗျ"

"မင်း ဒီမှာဆက်နေဖို့ပဲ စဉ်းစား ထား"

"ဘာဖြစ်လို့နေရမှာလဲ…ကျုပ် ဒီလိုနေရာမျိုးမှန်းမသိလို့ လိုက်လာမိတာ"

သူ

ထပြန်ဖို့ပြင်သည်။

"ဟော့ကောင် သံကြိုး…ဒီက ဝင်ပြီးရင် ပြန်ထွက်ခွင့်မရှိဘူး"

"ဘာဗျ"

"မင်းမပြန်ရဘူး၊ ငါပြောထားသားပဲ၊ ဒီအိမ်ကြီးထဲ ဝင်လာရင် ဒီလူတွေရဲ့အဖွဲ့ဝင်ဖြစ်ပြီ…မင်း ဘယ်နည်းနဲ့မှ ပြန်ထွက်ခွင့်မရှိဘူး သံကြိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

အံ့ဩထိတ်လန့်စွာဖြင့် ဗလကြီးကို ကြည့်မိလိုက်သည်။

သွားပြီ…

သူ…

မှားသွားပြီ…

ဒီနေရာသည် ကောင်းသောအလားအလာမရှိသောနေရာတစ်ခုသာဖြစ်သည်။

မေမေ မထင်မှတ်ထားတဲ့ ဘဝတစ်ခုကို ရအောင်ကြိုးစားဖို့ ဆုံးဖြတ်ချက်များနှင့် အိမ်ကနေ ထွက်လာခြင်းဖြစ်၏။

"မင်း ခုတင်မှာ သွားနေ"

"ကျူပ်"

"စကားမရှည်နဲ့၊ မင်းကို နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဆက်ဆံရမယ်ဆိုလို့နော်"

လူသစ်ကောင်လေးက တခြားကောင်တွေနဲ့ မတူတာတော့ အမှန်ပဲဖြစ်သည်။

နူးညံ့၏။

သိမ်မွေ့၏။

ချမ်းသာကြွယ်ဝသော မိဘအသိုင်းအဝိုင်းတွေထဲက ဖြစ်နိုင်၏။

ဘာပဲဖြစ်ဖြစ်လေ…၊

ဒီတိုက်အိမ်ကြီးထဲရောက်လာပြီဆိုရင်တော့ ဘယ်နည်းနှင့်မှ ပြန်လည်ထွက်သွားခွင့်မရတော့ဟူ၍ပင်။



ဒီကောင်လေး မသိသေးဘူးထင်တယ်…

မောင်သံကြိုး…

နာမည်နှင့် လူ တခြားစီပဲ…

"ရဲလေး"

"ဗျာ…ဆရာ"

"ဒီလူသစ်ကို မင်း စတင်ပြီး နည်းလမ်းလေးပြသပေးရမယ်"

"အိုကေ…စိတ်ချ"

"သံကြိုး"

"ဗျာ"

"သူက ရဲလေးတဲ့…မင်းရဲ့ လက်ဦးဆရာဘဲ"

လက်ဦးဆရာတဲ့…။

ရဲလေး…

လူပုံကတော့ စုပ်ချွန်းချွန်း။

တောင့်တင်းသန်မာပုံတော့ရနေသည်။

"ကျန်တဲ့ကောင်တွေနဲ့လည်း မိတ်ဆက်ပေးလိုက်…သူက အသင် ဘာမှမသိနားမလည်ဘူး"

ဗလကြီးကတော့ ထိပ်ဆုံးမှာရှိသော အခန်းကျဉ်းလေးတစ်ခုထဲ သွားသည်။

ဘာတွေလဲ…

ဘယ်လိုလူတွေလဲ…

အားလုံးက စီးကရက်ကိုယ်စီနှင့် မှိန်းနေကြတာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်"

"သံကြိုး"

"ငါ့နာမည်က ရဲလေး"

"ရဲလေး"

"ဟုတ်တယ်"

ရဲလေးက သူ့ခုတင်ဆီသို့ ပြောင်းပြီး လာထိုင်သည်။

"သံကြိုး"

"ပြော"

"မင်းနဲ့ ငါ သော်ဒါဖြစ်ပြီ"

"မင်းက ဘာလုပ်တာလဲ"

"မကောင်းတာမှန်သမျှ အကုန်လုပ်တယ်လေ"

"မကောင်းတာ"

"အင်း"

"ဟာ"

"မဟာနဲ့ သံကြိုး၊ မင်းက အိမ်ပြေးလား"

"ဟုတ်တယ်"

"မင်းမှာ အိမ်ကပြေးလောက်အောင် ဘာစိတ်ညစ်စရာတွေ ရှိနေလို့လဲ"

"ရှိလို့ပါ...ဒါပေမဲ့ မပြောနိုင်ဘူး"

လူစိမ်းများအား အမေ့အကြောင်းတွေ မပြောလိုပေ။

"ဒီမှာက လူသစ်တွေရောက်လာရင် ပုံစံပေးတယ် သံကြိုး"



"ပုံစံ"

"အင်း"

"ဘာလဲ"

ဘေးနားမှ လူကြီးတစ်ယောက်က ထလာတော့သည်။

"ပုံစံဆိုတာကို မင်း သိချင်တာလား"

ဘာမပြော ညာမပြောနှင့် ထိုလူရဲ့လက်သီးက သူ့မျက်နှာတည့်တည့်သို့ ချိန်ရွယ်ထိုးစိုက်လာတော့သည်။

"တုတ်ကြီး...မလုပ်ပါနဲ့ကွာ...ဆရာကြီးက သူ့ကို နူးနူးညံ့ညံ့ ဆက်ဆံရမယ်လို့ အမိန့်ပေးထားတာပဲ"

ရဲလေးက ဝင်ဟန့်သည်။

ရှေ့မှ တားဆီးလိုက်၏။

"ဘာရင့်လို့လဲ"

နောက်လူတွေပါ ထလာတော့သည်။

သူ...

တွန့်သွားမိသည်။

"မင်း မလွယ်ဘူး"

ပြန်ထိုင်ကြသည်။

"သံကြိုး"

"ဟင်"

"တို့ဆီမှာ လူသစ်တွေရောက်လာရင် မှတ်လောက်သားလောက်အောင် ကြောက်သွားအောင် ဆုံးမတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သံကြိုး တွန့်သွားမိသည်။

သူတို့ မာကျောအောင် နာမည်ပဲ သံကြိုးမှည့်နိုင်တာပါ။

လူက မမာ…

ဘာမှမတတ်…

သံကြိုး ဘယ်လိုလုပ်ရမလဲ…

မိဘလက်ထဲမှာ ငြိမ်သက်အေးချမ်းစွာ နေလာခဲ့သူ…

ဝေဟင်အာကာ…

ဒုစရိုက်သမားတွေနဲ့ ဘယ်လိုယှဉ်ပြိုင်ရမလဲ…

ရဲလေးကိုပဲ အားကိုးတကြီး မော့ကြည့်မိသည်။

"ရဲလေး"

"ပြော"

"ငါ မြန်မြန်ချင်တယ်၊ အမေ့ကို အရမ်းလွမ်းလာပြီကွာ"

"မရတော့ဘူး ဟော့ကောင်"

"ဘာကြောင့်လဲ"

"ဒီအဖွဲ့ထဲဝင်လာပြီးရင် ထွက်သွားရင် မင်း အသေထွက်ပဲ ထွက်ရမယ်"

"ဟင်"

"အရှင်ထွက်ထွက်ချင်ရင်တော့ မောင်ရင့်ဘဝမှာ ပေးဆပ်မှုတွေ များသွားလိမ့်မယ်"

"ဘာတွေလဲ"



"နောက်ဆုံး မောင်ရင့်မိသားစုဝင်တွေကို ထိခိုက်တဲ့အထိတော့ ဆေးဆပ်ရမယ်"

"ဟင်"

"သံကြိုး…မင်းကိုကြည့်ရတာ ခင်းရဲ့နှမ်းပါးပြီး တို့လို ဘဝ ရှက်နေတဲ့ကောင်တော့ မဖြစ်နိုင်ဘူး"

သူ…

မေမေ့ကို မကျေနပ်လို့ တစ်ယောက်ထဲ အိမ်ကထွက်လာခဲ့တာ။

သူ့ကြောင့် လုပ်ငန်းရှင်ကြီးတစ်ယောက်ဖြစ်တဲ့ အမေကို မထိခိုက်စေလိုပေ။

"ကိုယ်က အသင့်အတင့်လောက်တော့ ရှိပါတယ်၊ ဒီလောက် အချမ်းသာလည်း မဟုတ်ပါဘူး ရဲလေး"

ရဲလေးတို့တော့ ခင်မင်အောင် ပေါင်းထားမှဟုထင်လိုက်မိသည်။

တခြားသူတွေကလည်း သူ့ကို ကြည့်ကွက်ကြည့်ကွက်လုပ်နေကြ၏။

"ဒီမှာရှိနေတဲ့လူတွေအားလုံးကတော့ ရာဇဝတ်မှုတွေ ကိုယ်စီနဲ့ပဲ သံကြိုး၊ ထောင်ကို ခြင်ထောင်လုပ်နေကြတာလေ…နေစရာမရှိ ခြေသလုံးအိမ်တိုင်တွေပေါ့"

တချို့က…

အရွယ်ကောင်းလေးတွေဖြစ်နေကြတာ တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးမိုက်တွေလည်းရှိ၏။

"ဆရာကြီးခိုင်းတာ လုပ်ပေးပြီး ပိပိပြားပြားနေရင်တော့ အခြေအနေကောင်းတာပေါ့ကွာ"

သံကြိုး သဘောပေါက်သွားသည်။

သွားပြီ…

နှစ်ဖို့ပဲရှိတော့တယ်…

မတတ်နိုင်တော့ဘူး…

ရောက်တဲ့ဘဝမှာပဲ ပျော်အောင်နေရတော့မှာပဲ…

မေမေ့ကို စိတ်နာပေမဲ့ မေမေ့ဂုဏ်သိက္ခာတွေနှင့် မေမေ့ အကျိုးစီးပွားကို ပျက်ပြားအောင်တော့ မလုပ်ချင်။

"မထူးတော့ပါဘူး ရဲလား၊ ကိုယ်ရောက်တဲ့ဘဝမှာပဲ ပျော်အောင်နေတော့မယ်၊ ကိုယ့်ကို တတ်သင့်တပ်အပ်တဲ့ပညာတွေသာ အကုန်သင်ပေး"

"ဒီလိုမှပေါ့ကွ…မင်း ဒါမှ သက်သာမယ်နော် သံကြိုး"

"လုပ်မယ်ကွာ"

ရောက်တဲ့နေရာမှာပဲ ပျော်အောင်နေရတော့မှာပဲဖြစ်သည်။

"မင်းပုံစံက မထင်ရဘူး…မင်း လူချောတစ်ယောက်ပဲ"

"အဟက်"

သူ ရယ်မောပစ်လိုက်သည်။

မေမေ…

သား ဘဝပျက်ပြီ…



မိဘကို စော်ကားလို့လား…

မေမေ့ဆီတော့ ပြန်သွားဖို့ဆိုတာ မဖြစ်နိုင်တော့မှန်း သူ သိထားပြီဖြစ်သည်။

မသွားဘူး…

ရောက်တဲ့ဘဝမှာပဲ ပျော်အောင်နေတော့မယ်။

အိပ်ရာပေါ်မှာ ပစ်လှဲအိပ်ပစ်လိုက်တော့သည်။

⚜ ⚜ ⚜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"သံကြိုး"

"ပြော"

"မင်း ယူလာတဲ့ အဝတ်အစားတွေက အကောင်းစားတွေမို့တောင် သွားရည်ကျတယ်"

သူ…

ဘာမှမပြောပေ။

မေမေက အဝတ်အစားအသုံးအဆောင်တွေကအစ တန်ဖိုးကြီးသော အကောင်းစားအဝတ်အစားတွေပဲ သုံးစေသည်။

ငွေကိုတော့ မနှမြောတတ်။

သားကို အိမ်ဖော်မကြီး ဒေါ်စုစန်နှင့် အပ်ထားတာပဲရှိသည်



အခု…

မေမေ ဘာတွေလုပ်နေမလဲ…

သူ့ကိုရှာနေမလား…

သတင်းစာတွေဘာတွေထဲ ဓာတ်ပုံမထည့်ပါစေနဲ့ဟု ဆုတောင်းနေရသည်။

"မေမေ သားကို လွမ်းမောတမ်းတနေမှာတော့ မဟုတ်ပါဘူး၊ အခုလောက်ဆို ကိုရာဇာနဲ့ ဟန်းနီးမွန်းထွက်သွားပြီလား"

မတွေးချင်ပါဘူးဆိုမှ မေမေ့အကြောင်းတွေက ဝင်ဝင်လာရသည်။

ရဲလေးနှင့် တခြားလူတွေက သူ့အဝတ်အစားတွေကို ကြည့်နေကြ၏။

သူ…

စိတ်မဝင်စား…

အိပ်ရာပေါ်မှာ လှဲနေမိသည်။

"မင်း တော်တော်ချမ်းသာတဲ့ကောင်ဖြစ်ရမယ်"

တုတ်ကြီးက ဝေဖန်နေသည်။

သူက အင်းမလှုပ်၊ အဲမလုပ်။

မေမေနှင့် ပတ်သက်တာတွေကို သူ လုံးဝမပြောချင်။

"သံကြိုး"

"ပြော"

"ထပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဗလကြီး ရောက်လာ၍ သူ ထလိုက်မိသည်။

လက်ထောက်ဆရာကြီး…

ဦးဘဒင်ရဲ့ လူယုံတော်။

"မင်းကို ပညာတွေသင်ပေးရမယ်"

"ဟုတ်ကဲ့"

"မင်းက တက်ကြွလှချည်လား သံကြိုး"

"ကျုပ်က ရောက်တဲ့ဘဝမှာ ပျော်အောင်နေဖို့ ဆုံးဖြတ်ထားပြီးပြီ"

"ကောင်းတယ်"

ဗလကြီးကတော့ ဒီကောင်လေးဘဝကို သိချင်နေမိသည်။

နယ်နယ်ရရတော့ မဖြစ်နိုင်။

ချမ်းသာကြွယ်ဝတဲ့အသိုင်းအဝိုင်းထဲက အိမ်ပြေးလေးဖြစ်နိုင်သည်။

ဒီကောင်လေးကို ဒုစရိုက်လောကထဲ ပို့လိုက်ရမှာ နှမြောစရာ။

မတတ်နိုင်ဘူး…

မင်းက ရောက်လာပြီပဲလေ။

"မင်း မနက်ဖြန်ကစပြီး အပြေးလေ့ကျင့်ရမယ်"

"ဗျာ"

စလာထဲက အပြေးလေ့ကျင့်ရမယ်ဆိုတော့ အံ့သြသွားရသည်။

"တို့လုပ်ငန်းက အခွင့်အခါမသင့်ရင် ပြေးရတတ်တယ်ကွ"

ဟုတ်သားပဲ…



မကောင်းမှုဒုစရိုက်မှုတွေဆိုတာ လျှင်မြန်ဖျတ်လတ်မှုက အဓိက ဟု ဆရာဗလက ပြောနေသည်။

"မနက် မင်း စောစောထနော်၊ ပြီးရင်…မင်း တစ်လတိတိ ညာတွေသင်ရမယ်"

"ဟုတ်ကဲ့"

သူ့အတွက် တွန့်ဆုတ်တွေဝေနေ၍ မဖြစ်တော့။

မေမေ့ကို သွားချ်ထိခိုက်နိုင်သည်။

သူ…

မှားသွားပြီ…

ပြင်၍မရတော့။

ဒီအဖွဲ့ထဲက ထွက်သွားဖို့ဆိုတာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်။

လွတ်လမ်းမရှိ။

အသေထွက်ပဲ ရှိတယ်တဲ့။

"သံကြိုး"

"ဗျာ"

"ဆရာကြီးက အင်အားတောင့်လွန်းတယ်၊ မင်း ဘယ်လိုမှ ဆန်လို့ မရနိုင်ဘူးနော်"

"ကျွန်တော် သိပါတယ်"

"ကောင်းတယ်…မင်းက အသိဉာဏ်ရှိတဲ့ ကောင်လေးတစ်ကောင်ပဲ…ကြိုးစား"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘဒင်…

ခင်ဗျားကို အမြိုက်ပုံမှာ စွန့်ပစ်ထားတဲ့ကလေးတစ်ယောက်

ဒါတောင်…

လုပ်ငန်းမှာ ခေါင်းဆောင်ကြီးတစ်ယောက်တောင် ဖြစ်နေပြီ

ခင်ဗျားလိုပဲ ချမ်းသာစေရမယ်…

ဦးဘဒင်က လူတွေကို စုစည်းပြီး မကောင်းမှုဒုစရိုက်

လုပ်နိုင်းကာ ခေါင်းပုံဖြတ်နေသောလူတစ်ယောက်သာဖြစ်သည်။

"သံကြိုး"

"ဗျာ"

"မင်းကိုတော့ နှမြောတယ်"

"ဘယ်တတ်နိုင်တော့မလဲဗျာ…ရောက်တဲ့အရပ်မှာ

အောင်နေရတော့မှာပဲမဟုတ်လား"

သံကြိုး ဆုံးဖြတ်ထားပြီးသားဖြစ်နေသည်။

သူ့ဘဝမှန်ကို ဘယ်တော့မှ ဒုစရိုက်သမားတွေမသိစေရ

သိလျှင် မေမေတို့စီးပွားရေးကို ထိခိုက်နိုင်၍ပဲဖြစ်သည်။

"ဆရာဗလ"

"ဟင်"

"ကျွန်တော် ဘာလုပ်ရမလဲ"

"မနက်မှ"

"ဟုတ်ကဲ့"



"တစ်လလောက် လေ့ကျင့်ပြီးမှတော့ မင်းလုပ်ငန်းတွေကို

ခင်ရမယ်"

သူ…

ဘာမှတွေးမထား…

အနာဂတ်က မကောင်းနိုင်။

ဆူးကြမ်းတွေခင်းထားတဲ့ မီးမှောင်ပိတ်နေတဲ့လမ်းသာဖြစ်တော့

သည်။

လျှောက်ရမှာပဲ…

ထွက်ပြေးလွတ်မြောက်ဖို့ မရနိုင်။

အသေထွက်ပဲတဲ့…

သူ့ထက် မေမေ့နာမည်ပျက်သွားမှာပဲ ကြောက်နေမိသည်။

"မောင်ရင်"

"ဗျာ"

"မင်း အနားယူတော့"

"ဟုတ်ကဲ့"

သူ…

ဗလကြီးနားက ထွက်လာခဲ့သည်။

"ဗလကြီး မင်းကို ဘာပြောလဲ သံကြိုး"

"မနက်ဖြန်ကစပြီး အပြေးလေ့ကျင့်ရမယ်တဲ့ ရဲလေး"

"လုပ်ငန်းစပြီပေါ့"

"အေးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ပါရဲ့လား"

"ပါပါတယ်…မပါလို့လည်း ဖြစ်မှမဖြစ်တော့တာ…ကြိုး
ရမှာပဲ"

သံကြိုးကတော့ ဦးဘဒင်ရဲ့ မျက်နှာကြီးကိုပဲ မြင်ယောင်
မိသည်။

ခင်ဗျားကြီးဟာ လူတွေကို တော်တော်ဒုက္ခပေးနေတဲ့လူကြီး
တွေ့မယ်…

တစ်နေ့….

ခင်ဗျားကြီးကို အမြစ်ကနေ ဖြုတ်ပစ်မယ်…

ရင်ထဲမှာ…

ကြိမ်းဝါးနေမိသည်။

သူ…

ဟန်ဆောင်ရမယ်…

ပိပိရိရိ ရှိရမယ်…

ဦးဘဒင်က ဘယ်လောက်အထိ အသိုင်းအဝိုင်းကြီးမားလည်း
ဆိုတာ မသိနိုင်ပေ။

အချိန်ယူရမယ်…

ဟုတ်တယ်….

"သံကြိုး"

"ဟင်"

"မနက်ကျရင် မင်းကို မမလက်ထဲကို အပ်မယ်ထင်တယ်"

"မမ"



"ဟုတ်တယ်…မမနာမည်အပြည့်အစုံက ယွန်းမမတဲ့၊ မနက်ပိုင်း ကျန်းမာရေးလေ့ကျင့်ခန်းအတွက် တာဝန်ယူရမှာတဲ့"

အဖွဲ့ဝင်တွေအားလုံး မမရဲ့ လေ့ကျင့်မှုအောက်မှာ ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ကြရသည်။

"မမက အရမ်းတောင့်ဖြောင့်ပြီး ချောတယ်"

"အပျိုကြီးလား"

"ဟုတ်တယ်"

"ဘာကြောင့် ဒီကိုရောက်နေရတာလဲ"

"ဆရာကြီးဘဒင်ရဲ့ချစ်သူလေ"

"ချစ်သူ…ဘာလို့လက်မထပ်သေးတာလဲ"

"မမက မချစ်ဘူးထင်တယ်၊ အကြောင်းတွေတော့ သေသေချာချာ မသိဘူးကွ၊ မမအကြောင်း ဘယ်သူမှ မသိကြဘူး"

မယွန်းမမလို လှပချောမောတဲ့မိန်းမတစ်ယောက် ဘာကြောင့် ဒုစရိုက်လောကထဲ ရောက်နေရတာလဲ။

သူ့လိုပဲလား…

ထွက်လမ်းမရှိတဲ့ဘဝ…

အသေထွက်ပဲရှိတယ်တဲ့…

သံကြိုး…

မင်း ပိရိရမယ်…

ဆရာကြီး ဦးဘဒင်ထက် အစွမ်းအစရှိအောင်လုပ်ပစ်ရမယ်။

အံသွားတွေကို မသိမသာ ဖိကြိတ်ထားပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"မမ"

"ဟင်"

"လူသစ်"

"ဩ"

ရဲလေးက အပ်သည်။

မမအကြည့်တွေက သူ့ထံ စူးရဲစွာကျရောက်လာသည်။

"နာမည်"

"သံကြိုး"

"အားပါး မာလိုက်တာ"

လူက ပျော့သည်ဟု မမက ပြောသည်။



မမ…

တော်တော်ချောတာပဲ…

အပျိုကြီးတဲ့…

ဦးဘဒင်က ချိန်နေတာတဲ့…

ဘာကြောင့် ဒီဘဝထဲရောက်နေခဲ့ရတာလဲ။

"ရဲလေး"

"ဗျာ"

"ရောက်တာ မကြာသေးဘူးထင်တယ်"

"မနေ့က"

"ထားခဲ့"

"ဟုတ်"

ရဲလေးက သင်တန်းတက်စရာမလိုဘဲ လုပ်ငန်းခွင်ဝင်ရတော့မည်။

အပြေးလေ့ကျင့်ရမည်တဲ့။

ကြံ့ခိုင်မှုရှိအောင်တဲ့။

ဦးဘဒင်က စနစ်တော့ ရှိသားပဲဟု တွေးနေမိသည်။

"သံကြိုး"

"မမ"

"မင်း နုနုငယ်ငယ်လေးပဲ၊ ဘာဖြစ်လို့ ဒီဘဝထဲရောက်လာရတာလဲကွာ"

မမက ကြင်နာစွာဆိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနာမည်က ယွန်းမမ…

အများက မမတဲ့။

စခန်းမှာ လိုအပ်လာတဲ့လူသစ်တွေအတွက် ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ပေးရတဲ့တာဝန်ရှိသည်။

အရှင်းဆုံးပြောရရင်တော့…

ဦးဘခင်က လက်သပ်မွေးထားတာ…

ဘာအလုပ်မှမရှိ။

ကျန်းမာရေးလေ့ကျင့်ပေး…

ပြီးတော့…

အလှပြင်…

အခု…

ရောက်လာတဲ့ကောင်လေးကတော့ ထူးခြားမှုရှိသည်ဟုထင်သည်။

ကောင်ချောလေး…

လူရည်သန့်လေး…

သနားစဖွယ်ပဲ…

ဦးဘခင် ဘယ်ကနေခေါ်လာတာလဲ…

"မင်း အိမ်ပြေးလေးလား"

ထိုမေးခွန်းအား တွေ့တဲ့လူတိုင်းက မေးနေတတ်သည်။

မဖြေချင်။

"မင်း မဖြေချင်ဘူးလား"



"အင်း"

"ကောင်းတယ်"

မမ သဘောကျစွာ ရယ်နေသည်။

"မမ"

"ပြော"

"ကျွန်တော်တစ်ယောက်ထဲလား"

"လူသစ်က လောလောဆယ် မင်းတစ်ယောက်ထဲပဲရှိနေတယ်၊ တခြားလူတွေက လုပ်ငန်းခွင်ဝင်နေကြပြီလေ"

"လုပ်ငန်းခွင်"

"အင်း"

သူ…

ပခုံးတွန့်ပစ်မိသည်။

အပြေးလေ့ကျင့်ပြီးတော့ သူလည်း လုပ်ငန်းခွင်ဝင်ရမှာပဲ။

"သံကြိုး"

"ပြော"

"စမယ်"

"စ"

သူမက ရှေ့မှပြေးသည်။

သူ…

မီအောင် မနည်းလိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း...မမကို မီအောင်လိုက်၊ မင်း ယောကျ်ားပဲ၊ မမ ရမ်မှရပ်နော်"

"အိုကေ"

ခြံကြီးက အကျယ်ကြီး။

မမက ခြံကြီးကိုပတ်ပြီး ပြေးနေသည်။

သူ နောက်မှလိုက်ရ၏။

အတွေးကစ လှုပ်ငန်းခွင်ဝင်နေရတဲ့ကောင်တွေဆီ ရောက်နေသည်။

ရဲတွေလိုက်လို့ ဘယ်လောက်ပြေးနေကြပြီလဲ။

ဖမ်းမိသွားတဲ့ကောင်တွေက ဆရာကြီးဘဒင်အကြောင်း ဘယ်တော့မှ ဖော်ကောင်မလုပ်ကြဘူးတဲ့။

ဘာကြောင့်လဲဆိုတော့...

ဆရာကြီးရဲ့ လက်သံပြောင်မှုတွေကို သိထားကြလို့ပဲတဲ့။

မမက ရှေ့မှပြေးနေသည်။

သူ...

လိုက်လို့မမီ။

မောလာသည်။

ဝေဟင်အာကာသဝန်နှင့် သူ့အိမ်မှာ အငြိမ်းစားနေခဲ့ရသည်။

အားလုံးအဆင်သင့်။

မောလိုက်တာ...



မမက တကယ်မောသည်။

မမောပေ။

ကျစ်လစ်သော ခန္ဓာကိုယ်တောင့်တောင့်လေးကို ငေးမောကြည့်ရင်း သူ မောဟိုက်နွမ်းနယ်နေသည်။

ဆက်မပြေးနိုင်တော့။

ဘွာခတ်ပြီ မမ...

သူ...

ထိုင်ချလိုက်မိသည်။

မမက လှည့်ကြည့်၏။

"ကောင်လေး...မလိုက်နိုင်တော့ဘူးလားကွ"

"မောတယ်ဗျာ"

"မင်း ယောကျ်ားမဟုတ်ဘူးလား ကောင်လေးရာ"

မမက ရယ်မောနေသည်။

သူ့အနား ပြန်လျှောက်လာတော့၏။

"မောတယ်"

"ညံ့တယ်ကွာ"

"မမ"

"ဘာလဲ"

"တကယ်သန်မာတယ်"

သူ...

ချီးကျူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ...ဒီနေတော့ မင်း ဒီလောက်ပဲ လေ့ကျင့်"

မမ ပြောလိုက်သည်။

သံကြိုး မောနေပြီ။

ဒီကောင်လေးကို အပြင်းအထန်လေ့ကျင့်လို့မဖြစ်ဘူး။

ကြောက်သွားမယ်။

"အအေးသောက်"

ခြံထဲမှာ ထိုင်ကြသည်။

မမက ဘောင်းဘီတိုတိုလေးဝတ်ထားပြီး ပေါင်တံသွယ်သွယ်စင်းစင်းတွေကို ချိတ်၍ထိုင်နေသည်။

သံကြိုးပင် လည်ချောင်းဝမှာ တံတွေးတွေ သီးထလာရ၏။

"ခလု"

မျိုချရသည်။

မမ...

အနေအထိုင် ပက်စက်သည်။

ရှုပ်ရည်နှင့် တခြားစီပဲ။

"ရော့"

အအေးခွက်ကို လှမ်းပေးသည်။

သူ...

ယူပြီး မော့သောက်ပစ်လိုက်မိသည်။

မမက နှုတ်ခမ်းအိအိစက်စက်လေးမှာ တေ့၍ နည်းနည်းချင်းစုတ်ယူနေသည်။



"သံကြိုး"

"ဗျာ"

"မင်းကို မမ စိတ်ဝင်စားတယ်"

"ကျွန်တော်က သာမန်လူသားတစ်ယောက်ပါ မမ"

"မင်း...ကိုဘဒင်နဲ့ ဘယ်လိုတွေ့ခဲ့တာလဲ"

"လမ်းမှာတွေ့တာ...သူက ကုမ္ပဏီမှာ အလုပ်ပေးမယ်ဆိုပြီး လာခဲ့တာပဲလေ"

"ကောင်းရောပဲ"

မမက အအေးခွက်ကို ဆက်မသောက်တော့ပဲ စားပွဲပေါ်ချသည်။

သူ့ကို စူးစိုက်စွာကြည့်နေ၏။

ကြောက်စရာပဲ...

မမမျက်ဝန်းအရိပ်တွေထဲမှာ ထူးခြားတဲ့အရိပ်လက္ခဏာတွေကြောင်း သံကြိုး သတိထားမိနေသည်။

"မမ"

"ဟင်"

"ပြီးပြီလား"

"ဘာလဲ"

"သင်တန်း"

"မပြီးသေးဘူး"

"ဘာကျန်သေးလို့လဲ မမ"

www.burmeseclassic.com

www.burmeseclassic.com



"သဘောတရားရေးရာ"

"ဗျာ"

"မင်းလုပ်ရမဲ့အလုပ်တွေရဲ့ သဘောတရားရေးရာတွေလေ"

"ပြော"

"လက်တွေ့ကိုတော့ ဗလနဲ့ တုတ်ကြီးတို့က သင်ပေးလိမ့်မယ်"

မမ နှုတ်ခမ်းသားလေးပေါ်မှာ ချိုအီသောအပြုံးလေးတွေ တင်နေသည်။

"မမတို့အလုပ်က ဘာလဲဆိုတာ မင်း သိထားသင့်တယ် သံကြိုး"

"အင်း"

"မမက သဘောတရားလောက်စပြီး အသိပေးရတာ၊ မင်း ဟိုကောင်တွေလို ရာဇဝတ်မှုတွေ ကျူးလွန်လာတဲ့လူတစ်ယောက် မဟုတ်လို့ပဲ"

သံကြိုး ကြောက်သွားနိုင်၍ ဗလတို့မှတစ်ဆင့် မပြောစေခြင်း ပင်။

မမနဲ့ မျှားတာ…

ကိုဘခင်က ဒါမျိုးတော့ အတော်လေးကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။

မမ အရင်မျှားတဲ့…

အပြောကောင်း…



"မမတို့အလုပ်က ဖောက်ထွင်း၊ အလစ်သုတ်၊ လုယက်၊ ခါးပိုက်နှိုက်…"

"တော်ပါတော့ မမ"

သူ…

ထင်မိသားပဲ…

ဆရာဘခင်က လူငယ်တွေကိုစုပြီး ဖျက်ဆီးနေတာ…

သူကတော့ ဘာမှမလုပ်။

ကြီးပွားချမ်းသာနေသည်။

"ကိုဘခင်က ပိုင်မှလုပ်တာလေ…မပိုင်ရင် ခြင်တောင်မရိုက်ဘူး သံကြိုး"

သူ…

ကျောချမ်းသွားမိသည်။

စိမ့်သွားမိ၏။

မလွယ်ဘူး…

မေမေ့ကို ပုံကန်ပြီး ထွက်လာခဲ့တဲ့ရလာဒ်တွေထင်တယ်။

"ဆရာကြီးလက်ထဲက မင်း ထွက်ပြေးလို့မရဘူး၊ ဖော်ကောင်လုပ်ရင်လည်း မင်း ခံစားရမယ်…နောက်ဆက်တွဲ ဒုက္ခ၊ သုခတွေက မနည်းဘူးနော် သံကြိုး"

"အား"

ကြောက်သွားပြီလား"

"ဘယ်တတ်နိုင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ…

ဖန်းကို တွန့်ပစ်သည်။

ဝင်လာပြီးပြီပဲ။

နောက်ပြန်ဆုတ်ဖို့ဆိုတာ အလွန်ခက်ခဲမယ်ဆိုတာ သူသိလိုက်သည်။

"ရတဲ့ငွေကြေးတွေ…ပစ္စည်းတွေကို ဆရာကြီးဘဒင် လက်ထဲအပ်ရတယ် သံကြိုး"

"အင်း"

"ဆရာကြီးက ပါစင်းနှိပ်နဲ့ပေးတယ်"

ကျန်တဲ့ကောင်တွေကြည့်ရတာ မူးယစ်ဆေးဝါးတွေ စွဲနေပုံပင်။ တက်ကြွရွှင်လန်းမှုတွေ သိပ်ပြီးမတွေ့ကြရပေ။

"ကြိုးစားရင် ကြိုးစားသလောက် အဆင့်တက်တယ်"

ဦးဘဒင်…

ခင်ဗျားကြီးဘဝက အမှိုက်ပုံမှာ စွန့်ပစ်ခံရတဲ့လူသားတစ်ယောက်က စတာ…

ကြည့်စမ်း…

လူငယ်တွေရဲ့ အသောမသတ်နိုင်တဲ့ဒုက္ခတွေ…

"သံကြိုး"

"ဗျာ"

"သဘောပေါက်ပြီလား"

"အင်း"



"မင်းနားတော့"

မမ အနားမှ ကောင်လေး ထသွားတော့သည်။

တစ်ယောက်ထဲ ကြောင်စီစွာ ကျန်ရစ်ခဲ့သူက မမပင်။

သံကြိုး…

မင်းဘဝကို မမ သနားတယ်။

သာမန်ဆင်းရဲသားဘဝထဲက ကောင်လေးတစ်ယောက်မဟုတ်သာ သေချာသည်။

မမ…

ဘာဖြစ်နေတာလဲ…

ကောင်လေးကိုပဲ စိတ်ဝင်တစား ဖြစ်နေမိတော့သည်။

သံကြိုးရယ်…

မမဘဝက မင်းလိုပါပဲ…

နစ်သွားရပြီ…

ဘဒင်…

ရှင့်ကြောင့်…

မမက အိမ်ပြေးမလေးတစ်ယောက်တော့မဟုတ်။

ဘဒင်ရဲ့ဆရာကြီး ဦးဘခက်ရဲ့ သမီး။

ငယ်စဉ်လေးထဲက ကျောင်းအိပ်ကျောင်းစားနှင့် ဘော်ဒါဆောင်တွေမှာ နေခဲ့ရသည်။

အဖေ ဘာတွေလုပ်နေသည်။ ညမ လုံးဝ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအပြည့်အစုံ ထောက်ပံ့ကြေးတွေကို ဘဒင်ပဲ လာရောက်ပေးအပ်နေသည်။

အဖေက တစ်ခါတစ်ရံပဲ လာတတ်၏။

ဘဒင် လာခေါ်သဖြင့် သူမ ယုံကြည်စွာဖြင့် လိုက်လာခဲ့မိသည်။

"အဖေရော ကိုဘဒင်"

ကိုဘဒင်နှင့် သူမက အသက်ချင်းတော့ အတော်လေးကွာသည်။

အဖေက ကိုဘဒင်အပေါ် အရေးပေးတာတော့ အမှန်ပဲဖြစ်၏။

"မင်းအဖေ သေပြီ မမ"

"ဘာ"

"မနေ့ကပဲ ဆုံးသွားပြီ မမ၊ ဒါကြောင့် မင်းအဖေ အသုဘအတွက် လာခေါ်တာ"

"ဟင်"

အဖေ ဘာကြောင့် သေသွားရတာလဲဆိုတာ မသိရပေ။

"အဖေ ဒီလောက်အထိဖြစ်ရတာ...ရှင် ဘာဖြစ်လို့ စောစောစီးစီးက မပြောရတာလဲ"

"မင်းအဖေ လူသတ်ခံရတာ"

"အဖေ့ကို ဘယ်သူသတ်တာလဲ"

"မသိဘူး"

"ရှင်...ကျွန်မအဖေအနားမှာ အတူနေပြီးတော့"



"မင်းအဖေကိုယ်တိုင်လည်း လူသတ်သမားပဲ"

"ဘာရှင့်"

"မင်းအဖေ ဘာလုပ်လည်းဆိုတာ မင်းသိလား"

အဖေသည် မကောင်းမှုဒုစရိုက်တွေလုပ်ရင်း စီးပွားရှာတဲ့ လူတစ်ယောက်ဖြစ်ကြောင်း ပြောပြခဲ့သည်။

သူမ အသိနောက်ကျသွားရ၏။

အဖေ့အသုဘပြီးတော့ ကျွန်မကို သွားခွင့်မပြုတော့။

"မင်း ဒီမှာပဲနေရမယ်၊ ငါ့လုပ်ငန်းကို ဆက်ပြီး ကူညီရမယ် ယွန်းမမ"

"ဘာရှင့်"

မမ...

လက်မခံ၍မရ။

ထိုခြံကြီးထဲဝင်ပြီးတဲ့သူက ပြန်ထွက်ခွင့်မရှိ။

ပြီးတော့...

မမကိုယ်တိုင်လည်း ပတ်ဝန်းကျင်နှင့် အဆက်အဆံ မလုပ်ချင်။

အဖေ့ရဲ့အလုပ်တွေကို ဆက်ပြီး ကူညီဖို့ပဲရှိတော့သည်။

"မမ"

"ဘာလဲ"

"ဆရာကြီးက မင်းနဲ့ ကိုယ့်ကို လက်ထပ်ဖို့..."

"ကျွန်မ လက်မခံနိုင်ဘူး ကိုဘဒင်၊ ရှင့်ဆီမှာနေမယ်၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ လက်ထပ်ကြနဲ့တို့ဖို့ မကြိုးစားပါနဲ့၊ ကျွန်မ ဆန္ဒမပါဘဲ ကျွန်မခန္ဓာကိုယ်ကို ရယူဖို့ကြိုးစားရင် ကျွန်မ သတ်သေပစ်မှာပဲ"

ကိုဘခင်က သူမကို လန့်ပြီး မထိရဲတော့။

ဒီခြံကြီးထဲ ဝင်သွားမိပြီဆိုရင်တော့ ထွက်ခွင့်မရှိတော့ပေ။

ကိုဘခင်ရဲ့ အစော်ကားမခံရဖို့ပဲ ကြိုးစားရသည်။

မမအား အလှမွေးထားခဲ့၏။

မထိမတို့။

အပြင်ကို ထွက်ခွင့်မရှိ။

ခြံကြီးထဲမှာပဲ နေခဲ့ရသည်။

မမကလည်း ပတ်ဝန်းကျင်နှင့် မပတ်သက် မဆက်ဆံချင်တော့၍ ခြံကြီးထဲမှာပဲ ကျန်းမာရေးလေ့ကျင့်ပေးနေခဲ့၏။

တစ်နေ့ကျရင်တော့...

ကိုဘခင်က သူမအား အတင်းအကျပ် လက်ထပ်ယူတော့မယ်ဆိုတာ သေချာသည်။

⚜ ⚜ ⚜



## အခန်း (၆)

"သံကြိုး"

"ဘာလဲ ရဲလေး"

"မမနဲ့ နေရတာ ပျော်လား"

"မပျော်ပါဘူး"

"မင်းက နှစ်ယောက်ထဲနေလာခဲ့တာ ဘယ်လောက်အထီးကျန်ပီတိတွေဖြစ်နေလိမ့်မလဲလို့ အဟိ"

မမအား ဒီမှာရှိတဲ့ လူလွတ်တွေအားလုံး စိတ်ဝင်စားကြကြောင်း ပြောသည်။

သံကြိုးကတော့ စိတ်မဝင်စား...

ဘာလုပ်ရမှာလဲ...

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်လောကထဲက မိန်းမတစ်ယောက်ကို သူ ဘာကြောင့် စိတ်ဝင်စားရမလဲ။

မမ ဘယ်လောက်ပဲချောချော…

အထင်မကြီးမိ။

ပြီးတော့…

ဆရာဘဒင် ချိန်ရွယ်ထားတဲ့ မိန်းကလေးတစ်ယောက်ပဲ။

"မမက မင်းတို့ဆရာဘဒင် ချိန်ထားတဲ့မိန်းမ"

"မမက လက်မခံပါဘူး"

"ရဲလေး"

"ပြော"

"မမအကြောင်းတွေ ဘားလိုက်ပါတော့ကွာ၊ အခု မင်း ဘာတွေလုပ်လာလဲ…အောင်မြင်လား"

"ပြေးရတယ်…ဒီနေ့ပြေးရတာမှ ဖတ်ဖတ်မောပဲ…အဘွားကြီးတစ်ယောက် အိတ်သွားဆွဲတာ…ဒုက္ခတွေများလာရတယ်"

ရဲလေးက လုပ်ငန်းအတွေ့အကြုံတွေ ပြောနေခဲ့သည်။

အဘွားကြီးက ဓားနှင့် ပြန်တွက်ပြီး အော်ဟစ်သဖြင့် အသေအလဲ ပြေးခဲ့ရသည်ဟုပြော၏။

"သံကြိုး"

ဗလကြီးဝင်လာသည်။

"မင်းကို လက်တွေ့သင်ပေးဖို့ ခြံထဲသွားကြမယ်"

သူ…



သင်တန်းတက်ရတော့မည်။

ဆရာတွေက ခြံထဲမှာ အဆင်သင့်စောင့်နေကြတော့သည်။

တုတ်ကြီး

ငပေါက်

မျက်စောင်း

ရဲလေး…

သူနှင့်တွဲလုပ်ရမည့်သူတွေဖြစ်နေတော့သည်။

"သံကြိုး"

"ဗျာ"

"ပိုကောင်တွေက မင်းကို လက်တွေ့သရုပ်ပြပေးကြလိမ့်မယ်၊ မင်း သဘောပေါက်အောင်ကြည့်ထား"

ဗလကြီးက ပစ္စည်းကို လျှင်မြန်စွာ နှိုက်ယူပုံသင်ပြနေသည်။

လက်အနေအထား…

မျက်နှာရဲ့ မှင်သေမှု။

နားကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်းများဖြစ်သည်။

"မင်းရုပ်ရည်က သန့်တော့ အနားကို ချဉ်းကပ်တဲ့အခါ ယုံကြည်မှုတွေ ရစေနိုင်တယ် သံကြိုး"

မမကလည်း ပြောသည်။

သံကြိုးကတော့ အခြေအနေကို စောင့်ကြည့်နေမိသည်။

လေ့လာနေ၏။

လက်တွေ့လုပ်ဖို့ အခက်အခဲတွေ တွေ့ရမှာ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမေ့ကို ထိခိုက်မလား…

တကယ်လို့…

ဖမ်းမိသွားရင်…

သူ့မိဘတွေနာမည်ကို ဘယ်လိုဖြေရမလဲ…

"သံကြိုး"

"ဗျာ"

"မင်းသိထားဖို့က ဒီအသိုင်းအဝန်းထဲကနေ ထွက်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူးနော်"

တုတ်ကြီးက ပြောသည်။

"မင်း သက်ဆိုင်ရာကို ဖွင့်ပြောရင် သစ္စာမဲ့ရင် မင်းအတွက် သေဒဏ်ပဲ၊ မင်းမိဘတွေပါ ဒုက္ခပင်လယ်ဝေရမှာပဲ"

ခြိမ်းခြောက်နေသည်။

သံကြိုးကတော့ သူ ကျင်လည်ရတော့မည့်အခြေအနေကို နားလည်သဘောပေါက်ထားပြီးသားဖြစ်နေ၏။

လွတ်လမ်းမရှိတော့။

အထူးသဖြင့်…

သူ့မိဘအကြောင်း မသိစေချင်။

"မင်း ကြိုးစားပါ၊ အရည်အချင်းရှိရင် ရှိသလောက်တော့ မင်းကို တို့ဆရာကြီးက မြှောက်စားမှာပဲ"

"ကျုပ် သဘောပေါက်ပါတယ် ဗလကြီး၊ ကျုပ်ကိုယ်တိုင်လည်း ဒီနေရာကလွဲပြီး တခြားမှမရှိတာပဲ"



သူ့အတိတ်အကြောင်းတွေကို အတတ်နိုင်ဆုံး လျှို့ဝှက်ထားရမည်။

မေမေ့ကို သိလို့မဖြစ်ဘူး…

သူ့ဘဝက ရေစုန်မျောရတော့မှာပဲ…

"လောလောဆယ် ဆရာဘခင်ရဲ့ လူယုံတော်တွေနဲ့ သွားရမှာပဲ သံကြိုး"

"အင်းပါ"

"မင်း လှုပ်ရှားလိုက်တာနဲ့ မင်းဒုက္ခ မင်းရှာတယ်လို့ပဲ သတ်မှတ်လိုက်တော့"

"မလွယ်ပါလား"

သံကြိုးပဲ…

ဘခင် ဆိုတဲ့ လူယုတ်မာကြီးတစ်ယောက်ကို ရှင်းလင်းပစ်ဖို့ အကြံထုတ်ရမယ်။

ရဲလေး ပြောတော့…

ဒီမှာရှိနေတဲ့လူတွေအားလုံးက ရာဇဝတ်မှုတွေ ကိုယ်စီနဲ့ ထွက်ပြေးတိမ်းရှောင်လာကြပြီး ဆရာဘခင်က စောင့်ရှောက်ထားတာတဲ့။

သူ့မှာ ဘာပြစ်မှုမှမရှိ။

ပြစ်မှုတွေကို ကျူးလွန်ဖို့သင်တန်းတွေပေးနေပြီဖြစ်သည်။

"သံကြိုး"

"ဗျာ"

"မင်းလုပ်ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်အနား ချဉ်းကပ်ပြီး ပစ္စည်းနှိုက်ဖို့တဲ့။

သူ…

စိတ်တော့ညစ်မိသည်။

မိကောင်းဖခင်သားသမီးတစ်ယောက်အနေနှင့် ထိုအလုပ်တွေကို လုပ်ရန် စိတ်ထဲမှာ လက်မခံနိုင်အောင်ဖြစ်မိ၏။

မလုပ်ချင်။

မေမေက နိုင်ငံခြားမှာအလုပ်သွားလုပ်ဖို့ စီစဉ်သည်။

သူက မကျေနပ်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေရှိနေပါလျက်နှင့် သူ့အား မခိုင်းခဲ့၍ဖြစ်သည်။

မေမေသည် သူ့အား မြန်မာပြည်တွင် မနေစေလိုခဲ့ပေ။

ကိုရာဇာနှင့် လက်ထပ်လိုက်ဖြစ်သည်။

အခုတော့…

"သံကြိုး…မင်း ဘာတွေငိုင်တွေနေရတာလဲ၊ ဒီအတိုင်းဆိုမင်းမလွယ်ဘူးနော်၊ အပြေးလေ့ကျင့်ခန်းရော မှန်မှန်ဆင်းဦး"

မမနှင့် သူက သိပ်ပြီးအလုပ်မဖြစ်ကြပေ။

သူက နားနေတတ်သည်။

မမက စကားတွေကြွယ်၏။

သူနှင့် အမြဲတမ်းစကားလက်ဆုံကြနေတတ်သဖြင့် လေ့ကျင့်မှုနည်းနေသည်။



"မင်း ဘာတွေစဉ်းစားနေတာလဲ"

"လောလောဆယ်တော့ ကျုပ် သွက်လက်ဦးမှာမဟုတ်ဘူး"

"မင်း အရောင်ခိုလို့တော့ မရဘူးနော် သံကြိုး"

"ကျုပ် သိပါတယ်"

ဆရာကြီးဦးဘဒင်ရဲ့တပည့်တွေ အထင်ကြီးလာအောင် သူ့အစွမ်းအစတွေကို ကြိုးစားပြီး လုပ်ဆောင်ပြသရမည်သာဖြစ်သည်။

"ကျုပ် ကြိုးစားပါ့မယ်"

"ကောင်းပြီ…မင်း လေ့ကျင့်နေလိုက်၊ တစ်ပတ်အတွင်း မင်းလုပ်ငန်းခွင်လိုက်ရမယ်"

သူ…

ကြိုးစားလေ့ကျင့်နေရသည်။

အောင်မြင်မှုဖြစ်မည်။

အစွမ်းအစကိုတော့ ပြသမှ အဖွဲ့ဝင်တွေရဲ့ အထင်ကြီးမှုကို ခံရမည်။

ဒုစရိုက်သမားတွေကို ဥပဒေဘောင်ထဲ သွတ်သွင်းမှုဖြစ်တော့မည်။

ဦးဘဒင်…

ခင်ဗျားကြီးကို ထောင်ထဲပို့ပစ်ရမယ်…

သူ့ကိုယ်သူလည်း မနစ်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဗလနှင့် တုတ်ကြီးကတော့ မကောင်းမှုဒုစရိုက်နည်းမျိုးစုံကို လက်တွေ့လေ့ကျင့်သင်ကြားပေးနေတော့၏။

မေမေသာသိရင်…

ဒေါ်စုစန်ကြီးကို သတိရလာမိသည်။

မေမေက အပ်ထားတော့ ဒေါ်စုစန်ကြီးက မထင်လျှင် မထင်သလို သူ့ကို နှိပ်စက်တတ်သည်။

ရိုက်နှက်တတ်၏။

ကြီးလာတော့ မလုပ်ရဲတော့။

မေမေသည် သူ့အား အိမ်ဖော်တွေဇက်ထဲ ဝကွက်အပ်ထားတာတော့ အမှန်ပဲ။

သူ ကြီးပြင်းရသောအခြေအနေသည် ငွေကြေးပြည့်စုံခဲ့ပေမဲ့ ပျော်ရွှင်မှုတော့ အပြည့်အဝမရခဲ့။

အားငယ်မှုတွေနှင့်ဖြစ်သည်။

မေမေကြောင့်…

သားအပေါ် မေမေ အာရုံစူးစိုက်မှု ကင်းမဲ့ခဲ့၍ဖြစ်သည်။

သံကြိုး မရှိတော့။

မေမေ ပျော်နေမှာပါ။

ကိုရာဇာနှင့် လက်ထပ်ပြီးသားကိုပင် မေမေ မေ့နေပြီလား

သူ့ဘဝ နစ်ရပြီပဲ…

ရုန်းထွက်လို့ ခက်ခဲလိမ့်မည်။

ဆရာဘဒင်က သူ့ကို အလွတ်ပေးထားမှာမဟုတ်ပေ။



လူယုံတော်တွေက စောင့်ကြည့်နေကြမှာတဲ့။

"ပစ္စည်းရတာနဲ့ လစ်ထွက်နိုင်ဖို့က အဓိကပဲ သံကြိုး…ဒါကြောင့် အပြေးလေ့ကျင့်ထားရတာလေ"

သူ…

နှုတ်ခမ်းတွေ တွန့်ကွေးသွားအောင် ပြုံးပစ်လိုက်မိသည်။

စလုပ်လုပ်ချင်း ဖမ်းမိသွားရင် ကိုယ်ဖြစ်ကိုယ်ခံတဲ့။

"မင်း အဖမ်းခံရပြီဆိုရင် ဆရာကြီးအပေါ် သစ္စာမဲ့ဖို့တော့ သုံးဝမကြံနဲ့နော် သံကြိုး"

ဗလကြီးအကြည့်တွေက တင်းမာခက်ထန်နေသည်။

လူသတ်သမားကြီးတဲ့။

ဆရာဘဒင်အား ဘုရားတစ်ဆူကဲ့သို့ ရိုသေလေးစားသည်တဲ့။

"မင်းမိဘမျိုးရိုးဆွေစဉ်မျိုးဆက်ကို ဆရာကြီးဘဒင်ကိုယ်တိုင်သိုက်တော့မှာနော်"

သူ…

ထိတ်ခနဲ ဖြစ်သွားမိသည်။

မေမေ့အကြောင်း မသိစေချင်ပေ။

လုပ်ငန်းရှင်ကြီး မေမေ့ကို မသိသူကမရှိ။

ကျော်ကြားသည်။

"သံကြိုး"

"ဗျာ"

"မင်းသစ္စာရှိနေသရွေ့ ဘာကိုမှ မထိခိုက်စေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိရမယ်တဲ့…

"ဘယ်လိုလဲ"

"ကျုပ် သဘောပေါက်ပါတယ် ဗလကြီး"

"ဆက်လုပ်"

သူတို့က သူ့အား မျက်ခြေမပြတ် စောင့်ကြည့်နေတော့မှာ သေချာသည်။

မထူးတော့…

သေမထူး နေမထူးပဲ…

မမေ့နာမည်တော့ မပျက်အောင် အတတ်နိုင်ဆုံး စောင့်ထိန်းရမည်။

"မင်းက အစွမ်းအစရှိမဲ့လူတစ်ယောက်ပဲလို့ ငါထင်တယ် မင်း တခြားလူတွေနဲ့မတူတာ အမှန်ပဲ"

ဗလကြီးကတော့ ဆရာဦးဘဒင် စကားကလွဲပြီး တခြား ဘယ်သူ့စကားကိုမှ နားမထောင်နိုင်ပေ။

ဆရာကြီးက သူ့ကျေးဇူးရှင်…

အဖွဲ့သားတွေကို မညှာမတာ နှိပ်ကွပ်တဲ့နေရာမှာ နာမည်ရခဲ့သည်။

ရက်စက်၏။

အပြစ်ရှိလျှင် အပြစ်ဒဏ်ကို တိကျစွာပေးတတ်လေ့ရှိသည်။

ဗလကြီးအား လူတိုင်းကြောက်ရွံ့လေးစားကြရ၏။

သံကြိုးပင် ဗလကြီး ခိုင်းစေသမျှ အတိအကျလုပ်နေရသည်။



"သံကြိုး"

"ဗျာ"

"မင်းနားတော့"

"ဟုတ်ကဲ့"

ရဲလေးနှင့် သူတို့ အခန်းထဲပြန်ဝင်လာခဲ့သည်။

"ရဲလေး"

"ပြော"

"ဒီလူတွေအားလုံး ဆေးစွဲနေကြတာလား"

"အဲဒါက သူတို့ကိစ္စပါ၊ ဒီမှာရှိတဲ့လူတွေ သူ နှစ်သက်ရာ လုပ်နေကြတာပဲ"

ဆရာကြီးဘဒင်က နည်းမျိုးစုံနှင့် ဘဝတွေကို နှစ်သထက် နှစ်အောင် လုပ်ဆောင်နေကြောင်း ရဲလေးကပြောသည်။

"မင်း ဆရာဘဒင်ကို သဘောကျရဲ့လား ရဲလေး"

ရဲလေး လေသံတွေက ဆရာဘဒင်အပေါ် မကျေနပ်တဲ့လေသံတွေ။

"ဘာကိုလဲ"

"လုပ်ဆောင်ချက်တွေ"

"မသိပါဘူးကွာ"

ရဲလေး မပြောချင်။

လူတွေက ယုံကြည်ရတာမှ မဟုတ်တာပဲ။

သံကြိုးကရော ဘာလဲ…

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကလဲ…

ဘာမှမပြော။

ရဲလေးလည်း မပြောချင်။

ဆရာဘဒင်ကိုတော့ ရဲလေးစိတ်ထဲမှာ သဘောမကျပေ။

သူ့အစ်မကို ဖျက်ဆီးပစ်ပြီး သူ့ကို ဒီအိမ်ကြီးထဲ ခေါ်လာခဲ့သည်။

အတင်းအကျပ် ခိုင်းစေနေ၏။

မမနှင့် မတွေ့ရ။

"မင်း သစ္စာမဲ့ရင် မင်းအစ်မငွေနှင်းကို သတ်ပစ်မယ်"

ခြိမ်းခြောက်ထားသည်။

အစ်မငွေနှင်း ဘယ်ရောက်နေမှန်းပင်မသိ။

ဘဒင်ဆိုတဲ့ လူကြီး ယုတ်မာကောက်ကျစ်ထားတာပဲဖြစ်နိုင်သည်။

အစ်မကို ဖွက်ထား၏။

ရဲလေး သတင်းစုံစမ်းနေသည်။

သိရင်တော့လား…

"ရဲလေး"

"ဟင်"

"မင်း ဘာတွေတွေးနေတာလဲ၊ ရေချိုးတော့လေ"

ရဲလေး သူ့အကြောင်းတွေ မပြောချင်မှန်း သူသိသည်။

သူ့လိုပဲပေါ့။



ဦးဘဒင်ကိုတော့ ကျေနပ်ပုံမရ။

ဒီမှာရှိတဲ့လူတွေအားလုံး သူ့အကြောင်းတွေနဲ့ သူပဲလေ။

လူကောင်းတော့မရှိ။

အားလုံး…

ဒုစရိုက်သမားတွေပဲ…

သူ…

ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

အိမ်မှာရှိတဲ့ ရေချိုးခန်းကို သတိရမိသွားသည်။

သန့်ရှင်းသပ်ရပ်ပြီး ခမ်းနားတဲ့ရေချိုးခန်းတစ်ခု။

ရေစိမ်ရန် ကြွေဇလုံကြီးတွေ…

ရေပန်းတွေ…

မွှေးပျံ့သင်းနေသော အကောင်းစားဆပ်ပြာတွေ…

အခုတော့…

အနံ့အသက်မကောင်းသော ရေချိုးခန်းတစ်ခုသာ ဖြစ်နေသည်။

စိတ်ပျက်စရာ…

မမေ့ကို မကျေမနပ်ဖြစ်ပြီး ထွက်လာခဲ့သော သူ့ဘဝသည် ကြမ်းတမ်းခက်ထန်သော ဘဝတစ်ခုသာ ဖြစ်နေရသည်။

ရေချိုးပြီး အပြင်သို့ပြန်၍ထွက်လာခဲ့မိ၏။

"သံကြီး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်ရတာ မျက်နှာကြီးက ရှုံ့မဲ့တွန့်နေတာပဲ၊ ဘာလဲ ရေချိုးခန်းက မင်းအိမ်လောက် မကောင်းလို့လား"

"အဟက်"

သူ…

ရယ်မိသည်။

ရဲလးနှင့်အတူ ရေဝင်ချိုးတော့ သူ အတော်လေး စိတ်ပျက်နေမိ၏။

မျက်နှာမကောင်း။

ညစ်ပတ်နံဆော်နေမှုတွေကို ညည်းမခံနိုင်ပဲ ဖြစ်ရသည်။

မတတ်နိုင်ဘူး။

သူ…

ရွေးချယ်ခဲ့တဲ့လမ်းပဲ။

ရှေ့ဆက်ပြီး သူ့ကံကြမ္မာတွေက ကြောက်စရာကောင်းနေလိမ့်မည်ဟုတော့ အကြမ်းဖျင်းတွေးထားပြီးသားပါ။

ရင်ဆိုင်ရတော့မှာပဲဖြစ်သည်။



## အခန်း (၇)

"သား အိမ်ကနေထွက်သွားတယ် ဟုတ်လား ဒေါ်စုစန်"

"ဟုတ်တယ် ခင်မြင့်မြတ်…အဝတ်အစားတွေကလွဲပြီး ငွေတစ်ပြားတစ်ချပ်မှတောင် ယူမသွားဘူး"

ခင်မြင့်မြတ် စိတ်ထဲမှာ သားအတွက် အတော်လေး စိတ်ထိခိုက်ကြေကွဲသွားမိသည်။

မိမိ မှားတာပဲ…

သားကို ငယ်စဉ်လေးထဲက အိမ်ဖော်တွေလက်ထဲမှာ ထားပြီး ဂရုတစိုက် မရှိခဲ့။

စီးပွားရေးပဲ လုံးပန်းနေသည်။

ဘဝတစ်ခုတိုးတက်အောင်မြင်ဖို့ပဲ လိုအပ်သည်ဟု မိမိ သတ်မှတ်ထားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

အောင်လည်း အောင်မြင်ခဲ့သည်။

သားအတွက် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ထားနိုင်ခဲ့၏။

ဒါပေမဲ့…

မောင်နှင့် သူမ စတင်၍ ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ကိုရာဇာ…

အသက်က သူမထက် ဆယ်နှစ်လောက်ငယ်နေသည်။

ပထမတော့…

ဒရိုင်ဘာပဲ…

သွားလာရင်းနှီးမှု များလာတော့လည်း သံယောဇဉ် တွယ်မိခဲ့သည်။

ချစ်သူတွေ ဖြစ်သွား၏။

သားက သဘောမကျ။

ကန့်ကွက်ခဲ့၏။

တားဆီးသည်။

နှောင့်ယှက်သည်။

သားကို နိုင်ငံခြားသွားဖို့ စီစဉ်တော့ ဗိုလ်ပြင် ပြဿနာတက်တော့၏။

"မေမေက သားကို နိုင်ငံခြား ပထုတ်တာလား"

မိမိ ဒေါသဖြစ်မိသည်။

သားသည်၊ မိမိအား မဆန့်ကျင်သင့်ဟု ထင်မှတ်ထား၏။

မိခင်စကားပဲ နားခံရမယ်။



မောင်ရာဇာသည် ရိုင်းရိုင်းစိုင်းစိုင်း ပထွေးတစ်ယောက်တော့ မဟုတ်ပေ။

ယဉ်ကျေးသည်။

ပညာတတ်၏။

မိမိဘဝအတွက် အားကိုးအားထားဖို့ ဖြစ်နိုင်တဲ့ယောကျ်ားတစ်ယောက်ပါ။

သားက လက်မခံ။

"သားနဲ့ မတိမ်းမယိမ်း ယောကျ်ားတစ်ယောက်ကိုတော့ ပထွေးအဖြစ် မတော်နိုင်ဘူး မေမေ"

သားကိုသာ ရိုင်းစိုင်းတဲ့ သားတစ်ယောက်အဖြစ် မိမိ ပြောခဲ့မိသည်။

မောင့်ကို မိမိ ချစ်မိနေ၏။

လက်ထပ်ဖို့အထိ ရည်မှန်းထားပြီးသား ဖြစ်ခဲ့သည်။

သားကိုလုပ်ငန်းတွေထဲမှာ မခိုင်းတာက မောင့်ကြောင့်ပဲ ဖြစ်၏။

မောင်နှင့် သား ထိပ်တိုက်မတွေ့စေချင်၍ သားအား နိုင်ငံခြားသို့ စေလွှတ်ခဲ့သည်။

"သား မသွားဘူး"

ငြင်းဆန်ခဲ့သည်။

မိမိက အရေးမစိုက်။

သား နှောင့်ယှက်တာတွေက ပေါ်တင်ဖြစ်လာတော့ သားအား မိမိ ရိုက်နက်ဆုံးမမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ ရိုက်ရမဲ့အရွယ်မဟုတ်။

သားသည် မိမိအား ရှောင်နေခဲ့ပြီး တစ်ပတ်လောက် ပျောက်နေသည်။

မိမိ အရေးမစိုက်ခဲ့။

မောင်နှင့် ခရီးပင်ထွက်သွားလိုက်သေးသည်။

ပြန်လာတော့…

သားမရှိ။

အိမ်က အပြီးအပိုင် ထွက်သွားတာဟု ပြောပြသည်။

"ဒေါ်စုစန်ကလည်း သား ဒီလိုထွက်သွားလိမ့်မယ်လို့ မထင်မှတ်မိဘူး…ကလေးပဲ ထင်နေတာလေ…သားက ကျောင်းနဲ့ အိမ်ပဲ သွားတတ်တာ၊ အခုအချိန်အထိ အပေါင်းအသင်းလည်း မရှိခဲ့ဘူး"

"ဒေါ်စုစန်"

"ပြော"

"သားမှာ ချစ်သူရှိလား"

"မရှိပါဘူး၊ ချစ်သူမပြောနဲ့ မိန်းကလေးသူငယ်ချင်းတောင် မရှိဘူး၊ သားက အရှမ်းရိုးတာ"

စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီး သားတစ်ယောက်လုံး အိမ်က ထွက်သွားတဲ့အထိ ကိုယ့်ထက် အသက်ငယ်သော ဒရိုင်ဘာတစ်ယောက်နှင့် ချစ်ကြိုက်မိခဲ့တဲ့ မိမိအဖြစ်တွေကို ပြန်တွေးပြီး ရှက်ရကောင်းမှန်း သိလာရသည်။

ခင်မြင့်မြတ်…



နင် အသုံးအဝေါ်မကျတာပဲ…

သားကိုလည်း ပစ်ထားတယ်…

ပတ်ဝန်းကျင်မှာ ဘယ်လောက်အထိ ကဲ့ရဲ့အတင်းပြောစရာ ဖြစ်နေပြီလဲ…

မောင်…

ကျွန်မနှင့် လက်ထပ်ထားပြီးပြီ။

ခင်မြင့်မြတ်သည် သား မသိအောင် မောင်ရာဇာနှင့် လက်ထပ်ပြီး ဟန်းနီးမွန်းခရီးပင် ထွက်သွားသေးသည်။

"ကျွန်မတို့ ဘာဆက်လုပ်ကြမလဲဟင် ဒေါ်စုစန်၊ အကြံပေးပါဦး…သားက ရှင့်လက်ပေါ်မှာပဲ ကြီးပြင်းလာတာနော်"

"ဒေါ်စုစန်လည်း ဘာလုပ်ရမှန်းမသိတော့ဘူး၊ သက်ဆိုင်ရာမှာ လူပျောက်တိုင်ပြီး ရှာမလား"

သား ဓာတ်ပုံထည့်ပြီး လူသိရှင်ကြား မရှာနိုင်ပေ။

မိမိဂုဏ်သိက္ခာက ရှိသေးသည်။

မောင်နှင့် မိမိကိစ္စကြောင့် သား လက်မခံ၍ အိမ်ကနေ ထွက်သွားခဲ့တာ ဖြစ်နေ၍ ခက်နေသည်။

"ကျွန်မကတော့ တိုးတိုးတိတ်တိတ်ပဲ ရှာချင်တယ် ဒေါ်စုစန်"

"ခင်မြင့်မြတ် သားပဲလေ…မင်းသဘောပဲပေါ့"

ခင်မြင့်မြတ်က သားကို ဂရုမစိုက်တော့ မိမိကလည်း စိတ်မထင်လျှင် မထင်သလို သားအား နှိပ်စက်ခဲ့မိသည်။

"သားက ဒေါ်စုစန်ကို ကြောက်မှ အုပ်ချုပ်လို့ရမှာနော် ခင်

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်…ညည်းက စီးပွားရေးပဲလုပ်နေပြီး အိမ်ကပ်တာမှ မဟုတ်တာ”

ခင်မြင့်မြတ်ကလည်း ဒေါ်စုစန့်လက် ဝကွက်အပ်ထားခဲ့သည်။

သားအတွက် လိုလေသေးမရှိ ထောက်ပံ့ခဲ့တာပဲရှိနေ၏။

အလုပ်တွေ များလွန်းသော စုစန်ကလည်း သားကို စိတ်မရှည်ချင်။

ဆူပူကြိမ်းမောင်းတတ်တာမျိုးလည်း ရှိတတ်သည်။

“ကျွန်မ မှားသွားပြီထင်တယ် ဒေါ်စုစန်…သားကို ဒီလောက်အထိ ရိုက်နှက်ဆုံးမပြီး ဥပေက္ခာပြုမထားသင့်ပါဘူး”

ခင်မြင့်မြတ် ရင်ထဲမှာ သားအတွက် ပထမဆုံးအကြိမ် နောင်တတရားတွေ တိုးဝင်လာမိတော့သည်။

အချစ်ကြောင့် မိမိဘဝအခြေအနေကို မေ့သွားခဲ့၏။

သားအိမ်ကနေ ထွက်သွားတဲ့အထိ မိုက်မဲခဲ့သော မိမိလုပ်ရပ်တွေအတွက် အရှက်ကြီးရှက်ရမှန်း သိလာရ၏။

သားကို ရှာရမယ်…

အရွယ်မရောက်သေးဘူး…

အခုမှ…

ဆယ့်ရှစ်နှစ်ပြည့်ပြီးကာစပဲ ရှိနေသေးသည်မဟုတ်လား။

ရင်ထဲမှာ…

ပူလောင်နေမိသည်။

သားကို ပေါ်ပေါ်တင်တင်ကြီး မရှာလိုပေ။



မိမိအသိုင်းအဝိုင်းတွေ သိသွားမှာလည်း အကြောက်ကြီးကြောက်နေမိသည်။

“သား သွားမဲ့နေရာတွေ ရှာဖို့ကလည်း သား ထွက်သွားတာ တစ်ပတ်လောက်ရှိနေပြီပဲ၊ သား ထွက်သွားပြီးပြီးချင်း ဒေါ်စုစန်မရှာဘူးလား”

မိမိသည် မောင်နှင့် ဟန်းနီးမွန်းထွက်နေမိ၍ သား ထွက်သွားတာပင်မသိ။

ပြန်လာတော့ သားမရှိတော့။

“ရှာတာပဲ…သားမှာ သူငယ်ချင်းအပေါင်းအသင်းလည်း ရှိမှမရှိတာ၊ သွားတတ်တဲ့နေရာတွေ ရှာတာပဲ၊ ခင်မြင့်မြတ်လည်း မရှိတော့ လူသိထင်ရှား ဘာမှမလုပ်ရဲဘူးလေ”

ဒေါ်စုစန့်ကိုလည်း အပြစ်တင်လို့မဖြစ်ပေ။

ဘာကြောင့်လည်းဆိုတော့ …

မိခင်ကိုယ်တိုင် တာဝန်တွေမဲ့ခဲ့သောကြောင့်ဖြစ်သည်။

“ခင်မြင့်မြတ် သဘောပဲ၊ ဒေါ်စုစန်ကတော့ မိသားစုကိစ္စတွေထဲ ဝင်မပါချင်ဘူး”

ခင်မြင့်မြတ် ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

သားကို ဘယ်လိုရှာရမလဲ။

မိမိ လက်ထပ်ထားတဲ့ မောင့်ကိစ္စ လူသိရှင်ကြားလုပ်လို့ မဖြစ်သေးဘူး။

မောင် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သား အိမ်ကထွက်သွားတယ်ဆိုတာသိတော့ အံ့အားသင့်သွားရ၏။

"မမမြတ်သားက မောင်နဲ့ လက်ထပ်တာ ဆန့်ကျင်တဲ့သဘောလား"

မောင်ကလည်း သား ထွက်သွားတာကို သဘောမကျသလိုဖြစ်နေသည်။

လက်ထပ်ပြီးမှ မောင့်လေသံတွေက ပိုင်စိုးပိုင်နင်းဖြစ်နေရ၏။

"သားကို ရှာရမယ် မောင်၊ မြတ် လူသိထင်ရှားတော့ မရှာချင်တာအမှန်ပဲ"

"မရှာနဲ့"

"ဘာပြောတယ် မောင်"

"မိဘကို ဆန့်ကျင်ပြီး ထွက်သွားတာပဲ မြတ်၊ ရှာစရာမလိုဘူးထင်တယ်၊ မှတ်လောက်သားလောက်အောင် ပစ်ထားသင့်တယ်"

"မောင် ဘယ်လိုပြောလိုက်တာလဲ၊ သားက ငယ်လွန်းသေးတယ်၊ မမမြတ်တို့ ပစ်ထားလို့မဖြစ်ဘူး"

"ဘယ်သွားမှန်းမသိတဲ့ သားတစ်ယောက်ကို မမမြတ်က ဘယ်လိုရှာရမလဲ"

မောင့်လေသံတွေက ပိုင်စိုးပိုင်နင်းဖြစ်နေသည်။

ခင်မြင့်မြတ် အံ့အားသင့်သွားရ၏။

"မောင်"

"ပြော"



"ကျွန်မတို့နှစ်ယောက် လက်ထပ်ထားတဲ့ကိစ္စ လျှို့ဝှက်ထားမှဖြစ်မယ်"

"မောင်က လူသိထင်ရှားကြေငြာမလို့ ညှိခံပွဲပါလုပ်ဖို့ စီစဉ်ချင်နေတာ"

"မဖြစ်နိုင်ဘူး"

"ဘာကြောင့်လဲ"

"သားကြောင့်"

"ဘာဆိုင်လို့လဲ"

"မြတ်က သားတစ်ယောက်ကို မထိန်းသိမ်းနိုင်တဲ့ မိန်းမတစ်ယောက်အဖြစ် ပတ်ဝန်းကျင်မှာ ရင်မဆိုင်ရဲဘူး မောင်"

"မမမြတ်က မောင့်ကို တိတ်တိတ်မှန်းယူမှာလား"

"မောင်"

"ကောင်းတာပဲ"

ခင်မြင့်မြတ်ရင်ထဲမှာ သားအတွက် မီးတောက်နေတာတော့ မောင်ရာဇာအနေနှင့် ငဲ့ကွက်ထောက်ညှာဖို့ ကောင်းသည်ဟု ထင်မိသည်။

ပြောင်ချော်ချော်မလုပ်သင့်ဟု ထင်၏။

မောင်ရာဇာအား သူမ အထင်ကြီးခဲ့မိတာ မှားသွားပြီလား။

"မမမြတ်"

"ဟင်"

"မမမြတ်ဘက်က ဖြစ်စေချင်တာ၊ ရှာလိုက်လုပ်ပေးပါ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဖေဖောင်က မောင်တို့ကိစ္စ မကျေနပ်တာပဲ၊ သားအတွက် မောင် ဖြစ်ပြီး ကွာရှင်းပေးရမလား”

မောင့်မျက်ဝန်းအကြည့်တွေကို ခင်မြင့်မြတ်သဘောမကျမိ။

မိမိအား ရှိနေတာလား။

သားအတွက် လေးနက်တည်ကြည်တဲ့ အကြံဉာဏ်တွေ မိမိ လိုလားမိသည်။

ပွဲပေါင်းကြံစည်တာမျိုး။

“မမြတ်…သားကို ဒီလောက်အထိ အဖြစ်သည်းနေရင် ဖေဖောင်က ပိုပြီး ရောင့်တက်သွားလိမ့်မယ်”

သားမှာ မိခင်အား မရှိမသေ မလေးမစားလုပ်လိုတဲ့ဆန္ဒတွေ သိပ်မရှိဘူးဆိုတာ ခင်မြင့်မြတ် သိနေသည်။

မိမိလုပ်ရပ်တွေကို သား ရှက်မှာတော့ မတွေးမိခဲ့ပေ။

အချစ်စိတ်တွေ မှန်သွားခဲ့သည်။

“မမြတ် စဉ်းစားပေါ့…မောင် အလုပ်သွားတော့မယ်”

မောင်သည် တကယ့်ကို လုပ်ငန်းပိုင်ရှင်ကြီးတစ်ယောက်ပုံစံ ဖမ်းနေသည်။

မိမိ လုပ်ငန်းတွေအားလုံး အစောကြီးထဲက တိုးတိုးဝင်ဝင် သိရှိပြီးသားဖြစ်နေခဲ့၏။

သင်ကြားခဲ့သည်။

သားကို မဝင်စေခဲ့။

မောင့်ကြောင့်ပဲ…



“ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ မမြတ်၊ မောင်တို့နှစ်ယောက် အကြောင်း ပတ်ဝန်းကျင်က မသိအောင် ထိန်ဖုံးပေးထားပါမယ် ဗျာ”

မောင်သည် ရယ်ကြဲကြဲ။

အရင်ကနှင့်မတူတော့။

ပြောင်စပ်စပ် မောင့်အမူအရာတွေကို သဘောမကျမိသလိုပင်။

ရှင်…

ဟန်ဆောင်နေတာပဲ။

ခင်မြင့်မြတ်ရဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောလို့ပဲ မဟုတ်လား။

“မင်း သားအတွက် နေခဲ့လေ၊ နောက်ပိုင်းစီးပွားရေးလုပ်ငန်းတွေ မောင်ပဲ ဦးစီးလုပ်တော့မယ်၊ မင်း အနားယူနိုင်ပြီ မမြတ်”

“ဘာကွ”

“မောင်က ယောကျ်ားလေး ဦးဆောင်ရမယ်၊ မိန်းမ ရှာဖွေတာ ထိုင်မစားသင့်တော့ဘူး၊ မိန်းမ အနားယူတော့ပေါ့”

မောင် ထွက်သွားသည်။

ခင်မြင့်မြတ် ရင်မောစွာဖြင့် ကျန်ရစ်ခဲ့တော့၏။

ရှင် ပြောင်းလွဲသွားပြီပဲ။

မထင်မှတ်မိ။

မိမိအပေါ် အချစ်တွေ သံယောဇဉ်တွေ ကြီးမားလိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင်…

သားထက် ပို၍ အရေးတယူလုပ်ခဲ့မိပြီး တရားဝင်လက်ထပ်ထားမိသည်။

မှားသွားပြီပဲ…

မိမိဦးစီးနေသော စီးပွားရေးလုပ်ငန်းတွေကိုပါ လက်ဝါးကြီးအုပ်ရန် မောင် စတင်ကြိုးပမ်းနေပြီဖြစ်သည်။

ခင်မြင့်မြတ် ညှိဖျင်းခဲ့၏။

မဆင်မခြင် လုပ်ခဲ့မိသည်။

"ခင်မြင့်မြတ်"

"ဒေါ်စုစန်"

"ညည်း မှားပြီထင်တယ်"

"အရေးကြီးတာက ကျွန်မ သားကိုရှာဖို့ပဲ"

"ကျိတ်ပြီး ရှာမှာလား"

"အင်း"

မိမိ နောက်အိမ်ထောင်ပြုလိုက်လို့ သား ထွက်သွားရတဲ့သတင်းတွေ ဟိုးလေးတကျော်ကျော် အဖြစ်မခံနိုင်ပေ။

ထိန်းထိန်းသိမ်းသိမ်း လုပ်ရမှာပဲ။

လူသိရှင်ကြား အဖြစ်မခံနိုင်ဘူး။

သား…

မင်း…ဘယ်မှာလဲ…

လူ့လောကကြီးအကြောင်း မင်း ဘာမှသိသေးတာမဟုတ်ဘူး



"လူ့လောကကြီးအကြောင်း နှော်ကြေအောင် သိနေတဲ့ ကျွန်မတောင် အမှားအယွင်းတွေ လုပ်မိခဲ့သေးတာပဲ၊ သားက ဘာမှမသိဘူး"

"မောင်ရာဇာ့ခြေလှမ်းတွေကို ဒေါ်စုစန် သဘောမကျချင်တော့ဘူး၊ အရင်ကနဲ့ တခြားစီပဲနော်"

"ထားလိုက်ပါ"

သားအကြောင်းတွေပဲ လောလောဆယ် မိမိ စဉ်းစားချင်မိသည်။

ဘယ်မှာရှာရမလဲ…

ဘာစလုပ်ရမှာလဲ…

မိမိမိတ်ဆွေတွေဆီမှာလည်း အကြံဉာဏ်မတောင်းရဲပေ။

"သား…သူငယ်ချင်းတစ်ယောက်လောက် သိပ်စာသိလား"

"မသိဘူး"

ဒေါ်စုစန်ရော မိမိပါ သားအပေါ် လုံးဝစိတ်ဝင်စားမှုမရှိကြသည်။

အခုကြည့်…

သားမှာ ဘယ်လိုအသိုင်းအဝိုင်းတွေရှိနေလည်းဆိုတာပင်မသိ။

သူငယ်ချင်းတစ်ယောက်တလေမှပင် မရှိတဲ့ ယောကျာ်းလေး ဖြစ်နိုင်ပါ့မလား။

ပတ်ဝန်းကျင်မှာ သားတစ်ယောက်ထဲ အထီးကျန်နေတတ်တာသား။

www.burmeseclassic.com

www.burmeseclassic.com



မိမိ ဘာမှမသိခဲ့။

စီးပွားရေးမှာ မိမိဘဝကို မြုပ်နှံထားခဲ့မိသည်။

သားကိုရှာဖို့ ဘယ်ကနေစရမှန်းမသိအောင်ပင်။

စိတ်တွေကို ငြိမ်ငြိမ်ထားမှ…

စီးကရက်တစ်လိပ် ထုတ်ပြီးဖွာရှိုက်နေမိသည်။

⚜ ⚜ ⚜



## အခန်း (၈)

"သံကြိုး…ပြေးပြေး အမြန်လစ်တော့ အခြေအနေမကောင်းဘူး"

"ဘာလဲကွ"

"ပြေးစမ်းပါ…ပြေးပြေး ကိုယ်လွတ်အောင်ရုန်း၊ နောက်မှ စုရပ်မှာ ပြန်ဆုံမယ်"

ရဲလေးကပြောပြီး လှစ်ခနဲ ထွက်ပြေးသွားတော့သည်။

သူလည်း ဘာမှမေးမြန်းမနေတော့ဘဲ ရှေ့ကို တစ်ဟုန်ထိုး ထွက်ပြေးသွားခဲ့၏။

ဘာတွေဖြစ်ကုန်ပြီလဲ…

ရဲတွေလိုက်လာတာလား…

www.burmeseclassic.com

www.burmeseclassic.com



သံကြိုး ခြေကုန်သုတ်ပြီး ရပ်ကွက်တစ်ခုထဲ.ဝင်လာခဲ့မိသည်။

ခပ်လှမ်းလှမ်းမှ လူစုလူဝေးအုပ်စုတစ်စု လိုက်လာတာ ကြား ရ၏။

မဖြစ်ဘူး…

အိမ်တစ်အိမ်ထဲဝင်မှ…

ရပ်ကွက်အစွန်မှာ ခြံဝင်းလေးနှင့်ရှိနေသော အိမ်လေးတစ်အိမ် ထဲ ဝင်လိုက်မိတော့သည်။

အထဲတွင် အဘွားကြီးတစ်ယောက်ထိုင်နေတာ တွေ့လိုက်ရ၏။ သူ့ကို ကြည့်နေသည်။

“မင်း..မင်း ဘယ်သူလဲ ညွှံ့သည်လား”

အဘွားကြီးက စမ်းတဝါးဝါးဖြစ်နေ၍ မျက်မမြင်ဒုက္ခိတကြီး တစ်ယောက်ဆိုတာ သံကြိုး သတိထားမိလိုက်သည်။

“ဟုတ်ပါတယ် အမေ၊ ကျွန်တော် ညွှံ့သည်ပါ”

“ဘယ်သူနဲ့ တွေ့ချင်လို့လဲ မောင်ရင်”

အဘွားကြီးအနားတွင် သူ ဝင်ပြီးထိုင်နေလိုက်သည်။

လူသံတွေက ဒီဘက်သို့ ပြန့်လွင့်မလားတော့ဘဲ ငြိမ်သက် သွား၏။

“အဘွားမြေးရော”

အဘွားကြီး ဖြစ်နေ၍ မြေးတစ်ယောက်ယောက်တော့ ရှိမှာ ဟုထင်ပြီး မေးလိုက်မိသည်။

စကားကမရှိ။



အကြောင်းအရာ ရှာကြံပြီးပြောရသည်။

“မြေးလေးလား…အပြင်ခဏထွက်သွားတယ်ထင်တယ်၊ မောင်ရင်က မြေးမလေးရဲ့ သူငယ်ချင်းလား”

“ဟုတ်ပါတယ် အဘွား”

အဘွားကြီးသည် အသက်ခုနစ်ဆယ်လောက်ရှိနေပြီဖြစ်သည်။

မြေးမလေးတဲ့…

ကောင်မလေးတစ်ယောက်ပဲထင်တယ်။

အတော်လေးဆင်းရဲနေပုံပင်။

သူ့ဘဝနှင့် တခြားစီပဲ…

“အဘွား ဘုရားရှိခိုးလိုက်ဦးမယ် မြေး၊ မင်း ခဏထိုင်စောင့် လိုက်ဦးနော်၊ မြေးမလေး ဈေးသွားတယ်”

“ဟုတ်ကဲ့”

အဘွားကြီး ဘုရားရှိခိုးနေသဖြင့် သူ ခြံလေးထဲဆင်းလာခဲ့ မိသည်။

ဆူညံဆူညံအသံတွေက ပျောက်သွားပြီဖြစ်၏။

သူ…

ပြန်ထွက်သွားရင်ကောင်းမလား တွေးမိသည်။

ဒီနေ့…

အလုပ်သင်ထွက်လာမိသည်။

ရဲလေးနှင့် ဘတုတ်က လူပ်ရှားပြီး သူက အခြေအနေကို စောင့်ကြည့်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ယောက်ရဲ့ဆီတ်ကို သွား၍ နိုက်ကြခြင်းဖြစ်သည်။

ရဲလေး နိုက်တာ…

မသေမသပ်ဖြစ်သွားပြီး အဘွားကြီး သိသွားတော့သည်။

အခြေအနေမကောင်းသဖြင့် သူ ရှောင်ထွက်လာခဲ့၏။

ရဲလေးလည်း သူ့ဆီပြေးလာပြီး လစ်နိုင်း၍ ခြေဦးတည်ရာထွက်လာခဲ့သည်။

ရပ်ကွက်တစ်ခုထဲရောက်လာခဲ့၏။

ခြံတစ်ခြံထဲ ခပ်တည်တည်နှင့် ဝင်လာခဲ့မိခြင်းသာဖြစ်သည်။

ခဏကြာတော့…

မိန်းကလေးတစ်ယောက် ရောက်လာသည်။

"ဟင်…ရှင်…ရှင် ဘယ်သူလဲ၊ ဘာကိစ္စ ကျွန်မတို့ခြံထဲဝင်လာရတာလဲ"

ကောင်မချောချောလေးက ပြူးတူးပြဲတဲနှင့် မေးနေသည်။

"အဓိ"

"ဟင်"

"ခဏလောက်ထိုင်ပါဦး၊ ကိုယ် အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

"ကျွန်မ…ရှင့်ကိုမသိဘူး၊ ရှင် ဘယ်သူလဲ"

"ကိုယ်နာမည် သံကြိုး"

"ဟင်"



သံကြိုးတဲ့…

နာမည်ကြီးက ကြောက်စရာ။

ဘယ်ကလူလဲ…

ဘာကြောင့်ရောက်နေတာလဲ…

အဘွားနှင့်ပတ်သက်တဲ့လူတစ်ယောက်လားဟု သူမ တွေးနေသည်။

မဖင်ယော် ထိုလူအား စူးစိုက်စွာကြည့်မိနေ၏။

"ရှင် အဘွားအညွှိလား"

အဘွားက ဘုရားရှိခိုးနေသည်။

"ကိုယ် ဒီကို ကိစ္စတစ်ခုရှိလို့လာတာပါ"

"ဘာကိစ္စလဲ"

"အသိတစ်ယောက်ကို လိုက်ရှာတာ၊ မင်းအဘွားကို ဝင်မေးမို…ဒုက္ခိတကြီးတစ်ယောက်ဖြစ်နေလို့ ကိုယ် စောင့်ကြည့်နေတာ"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ…မဖင်ယော်လည်း ရှင့်ကိုမသိဘူး၊ ငါ့အဘွားအသိလည်း ဟုတ်မှာမဟုတ်ဘူး…ရှင် ပြန်တော့"

"မင်းနာမည် မဖင်ယော်တဲ့လား"

ကိုယ်က ဝေဟင်လို့ ပြောချင်သည်။

သူ့နာမည်က သံကြိုး ဖြစ်နေ၏။

ဘဝက နာကြည်းကြေကွဲဖွယ်ဘဝတစ်ခုမှာ ရင်ဆိုင်နေရသည်။

"ရှင် ပြန်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မှာပါ မဇင်ယော်၊ ကိုယ်က လူကောင်းတစ်ယောက်ပါ၊ မင်းကို ဒုက္ခမပေးပါဘူး"

မဇင်ယော်မျက်နှာလေးက တင်းတင်းလေးဖြစ်နေသည်။

မာနရှိမည့်ပုံ။

ဆင်းရဲနွမ်းပါးတာကတော့ သိသာလွန်းနေသည်။

"မဇင်ယော်"

"ဘာလဲရှင့်"

"မင်းတို့အိမ်လေးထဲ ကိုယ် ဝင်လာမိတာ ကိုယ် မင်းတို့မိသားစုလေးအကြောင်း အတော်လေးစိတ်ဝင်စားသွားမိတယ်"

"ကျွန်မကို ဘာမှ ရှင် စိတ်ဝင်စားစရာမလိုဘူး၊ ရှင်ပြန်ပါ၊ ကျွန်မလည်း ရှင့်ကို မသိဘူး၊ ဘာအကြောင်းနဲ့မှ ရှင်နဲ့ ပတ်သက်စရာမရှိဘူး"

သူမ…

ခပ်တင်းတင်းလေးပြောမိသည်။

အသွားနှင့်နေရသော သူမဘဝကို ဘယ်ယောကျ်ားမှ အထင်သေးတာမျိုးတော့ မဇင်ယော် လက်မခံနိုင်ပေ။

သူမသည် ရိုးသားဖြူစင်စွာ နေထိုင်စားသောက်ခဲ့သည်။

ပတ်ဝန်းကျင်က အထင်သေးကဲ့ရဲ့မှာလည်း အကြောက်ကြီးကြောက်မိ၏။

"ရှင် သွားနော်…မသွားရင် ကျွန်မ ပတ်ဝန်းကျင်ကို အော်ပြီး အကူအညီတောင်းလိုက်မှာ"



"မလုပ်ပါနဲ့ အမိရာ…သွားဆိုသွားပါ့မယ်၊ ကိုယ့်နာမည်က သံကြိုးနော်…မှတ်ထားပါ အမိ"

သူမ အော်ဟစ်လိုက်လျှင် ပြဿနာဖြစ်မှာစိုး၍ သူ ထွက်လာခဲ့မိသည်။

အပြင်မှာက…

အခြေအနေတွေက အေးချမ်းသွားပြီဖြစ်သည်။

လူပ်ရှားမှု မတွေ့ရ။

စုရပ်ကို သွားရမည်။

ရဲလေးနှင့် တုတ်ကြီးလည်း ဘယ်လိုအခြေအနေမျိုး ရောက်နေပြီမသိ။

မဇင်ယော်တဲ့…

သူ့စိတ်ထဲမှာ မဆီမဆိုင် မဇင်ယော်အကြောင်းတွေ စဉ်းစားနေမိသည်။

တော်တော်ချောတဲ့ မိန်းကလေးပဲ။

ဆင်းရဲနွမ်းပါးပေမဲ့ မာနတော့ ရှိပုံရသည်။

မျက်နှာထားလေးက တင်းနေ၏။

ချောလိုက်တာ…

ချစ်စရာလေး…

ဒီလောက်ချောတဲ့ကောင်မလေးတစ်ယောက် ဘာဖြစ်လို့ ဒီဘဝမျိုး ရောက်နေရတာလဲ…

"သံကြိုး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... တုတ်ကြီး"

"မင်း ဘာမှမဖြစ်လို့ တော်သေးတယ်၊ တို့က မင်းကိုပဲ စိတ်ပူနေတာ"

တုတ်ကြီးက သူ့ကို တွေ့သွားမှ စိတ်အေးသွားသလိုဖြစ်သွားရသည်။

"ရဲလေးရော"

"ရှိတယ်"

"အလုပ်မဖြစ်ကြဘူးလား တုတ်ကြီး"

"ဖြစ်တာပေါ့"

"ဟာ"

သူက မဖြစ်ဘူးထင်မိခဲ့တာ။

တုတ်ကြီးက ဖြစ်သည်တဲ့။

"ရဲလေးပြောတော့ အခြေအနေမကောင်းဘူးဆို"

"အခြေအနေတော့ မကောင်းဘူး။ လူမိသွားတယ်၊ ငါကတော့ ပစ္စည်းကို အလစ်သုတ်ပြီး ထွက်ပြေးသွားနိုင်ခဲ့တယ်"

ပစ္စည်းကို ပြသည်။

ပိုက်ဆံအိတ်က ဖောင်းနေ၏။

အတော်ကြီးသည်။

တုတ်ကြီး ဘယ်လိုများရအောင်ယူလာခဲ့သည်မသိပေ။

ပိုက်ဆံအိတ်ကြီးကို ငေးကြောင်စွာ သူ စိုက်ကြည့်နေမိသည်။

သူ...



ငွေကြေးချမ်းသာတဲ့မိဘတွေက ပေါက်ဖွားလာတဲ့လူတစ်ယောက်။

သူများပိုက်ဆံအိတ်ကို မတရားလုယူခဲ့သောဘဝမှာ ရောက်ရသည်။

ရင်ထဲမှာ နာကျင်သွားရ၏။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

သူ···

ကောင်မလေးကို သတိရနေမိသည်။

မဇင်ယော်တဲ့···

ဆင်းရဲနွမ်းပါးပေမဲ့ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ မိန်းကလေးတစ်ယောက်။

မျက်နှာလေးက ဖြူနုပြီး ဝိုင်းစက်စက်လေး။

နှုတ်ခမ်းလေးက ထူအမ်းအမ်း။

ဘယ်လိုပြောရမလဲ···

ချစ်စရာကောင်းလွန်းတဲ့ မိန်းကလေးတစ်ယောက်ပဲဟု ထင်မိသည်။

ခြံလေးတစ်ခြံ။



အိမ်စုတ်လေးတစ်ခု·

မျက်မမြင်အဘွားအိုကြီး။

ချောမောလှပတဲ့ ကောင်မလေး။

မဇင်ယော်···

မင်း ဘာအလုပ်တွေလုပ်ပလဲ···

မျက်မမြင်အဘွားအိုတစ်ယောက်ကို ရှာဖွေကျွေးမွေးနေတာလား။

သူ စိတ်ဝင်စားနေမိသည်။

ဖူးစာလား···

ကောင်မလေးထံ ကြံဖန်ပြီး ရောက်သွားရသည်။

"သံကြိုး"

"ဟင်"

"မင်း ဘာတွေစဉ်းစားနေတာလဲ"

"မမ"

"ပြော"

"ကျွန်တော် အလုပ်အကြောင်းတွေစဉ်းစားနေတာပါ မမ"

"မနေ့က ပြေးခဲ့ရတယ်ဆို သံကြိုး"

"ဟုတ်တယ်"

"အောင်မြင်ရဲ့လား"

"အရမ်းအောင်မြင်တာပဲ မမ၊ ခြေကုန်သုတ်ရတာလေ···မမ သင်ကျင့်ပေးထားတဲ့ ပညာအကုန်ပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း"

သံကြိုးအပေါ် မမ အတော်လေး စိတ်ဝင်စားနေပြီဖြစ်သည်။

ယွန်းမမ…

ယောက်ျားတွေကြားထဲမှာနေခဲ့တာ…

အချစ်မရှိ။

နှလုံးသားတွေက သံမဏိကဲ့သို့ မာကျောခဲ့သည်က များနေ သည်။

ယွန်းမမအား စိတ်ဝင်စားခြင်းမရှိခဲ့။

ထိ၍မရ။

တို့၍မရ။

စိတ်ကူးနှင့်ပင် မပြစ်မှားနဲ့…

ဒီကောင်လေးကျမှ…

ယွန်းမမ စိတ်တွေလှုပ်ရှားပြီးရင်း လှုပ်ရှားနေမိသည်။

နှစ်သက်မြတ်နိုးနေမိ၏။

သံကြိုး ဘယ်ကလာတာလဲ…

ဘယ်သူလဲ…

ဘယ်လိုကောင်လေးမျိုးလည်းဆိုတာ မသိပေ။

ချစ်နေမိသည်။

စိတ်တွေလှုပ်ရှားနေမိသည်။

မနက်တိုင်း…

ကောင်လေးနှင့် တွေ့သည်။



ယွန်းမမ စိတ်တွေလှုပ်ရှားနေမိတော့သည်။

ကောင်လေး ရှေ့မှာ အဝတ်အစားတွေကို မလုံ့တလုံ ဝတ်ရ ၏။

စိတ်ဝင်စားအောင်လုပ်ပြမိသည်။

"သံကြိုး"

"ဗျာ"

"မမစိတ်ထဲမှာ မင်းကို အတော်လေးစိတ်ဝင်စားနေမိတယ်"

"ကျွန်တော့်အကြောင်းက မမ စိတ်ဝင်စားလောက်အောင် ဘာတစ်ခုမှ မရှိနိုင်ပါဘူး မမ"

"ဒါပေမဲ့ မမ စိတ်ဝင်စားတယ်"

"အဟက်"

"မရယ်နဲ့"

"အဟက်"

မမကို သူ လုံးဝစိတ်မဝင်စား။

သူ စိတ်ဝင်စားမိနေတဲ့ကောင်မလေးတစ်ယောက်ရှိနေသည်။

မဇင်ယော်တဲ့…

မင်းနဲ့ ဘယ်လိုပတ်သက်ရမလဲ…

ခင်မင်ရင်းနှီးအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားမိမိ သည်။

မမနဲ့ လေ့ကျင့်ပြီးပြီ။

တုံးစံအတိုင်း…

www.burmeseclassic.com

www.burmeseclassic.com



အအေးတိုက်သည်။

မမသည် တခြားကောင်လေးတွေကို ထိုကဲ့သို့ ညှို့ခံတတ်ခြင်းမရှိပေ။

အရေးပင်မလုပ်ဘူးတဲ့။

ရဲလေးက ပြောတာ…

"မောင်လေးကို မမ အရမ်းခင်တယ်"

မောင်လေးတဲ့…

အခေါ်အဝေါ်က ချက်ချင်းကြီးပြောင်းလဲသွားရသည်။

စိတ်ပျက်တယ်…

ထိုအသုံးအနှုန်းမျိုးကို သူ သဘောမကျမိပဲဖြစ်ရသည်။

မေမေနှင့် ကိုရာဇာ…

သူ…

ထလိုက်သည်။

"မောင်လေး သွားတော့မလားကွယ်"

"အင်း"

"နေပါဦး"

"ကျွန်တော် အနားယူချင်လို့ပါ မမ"

သူ…

ထွက်လာခဲ့မိသည်။

မမအား ဣန္ဒြေသိက္ခာမဲ့လွန်းတဲ့ မိန်းမတစ်ယောက်အဖြစ် သူ မြင်တွေ့မိ၏။



မဇင်ယော်နှင့် ဘာမှမဆိုင်။

ဆင်းရဲပေမဲ့ ဣန္ဒြေသိက္ခာကြီးမားလွန်းတဲ့ မဇင်ယော်။

မမတစ်ယောက် မကျေမနပ်နှင့် ကျန်ခဲ့သည်။

မတတ်နိုင်။

မောင်လေးနှင့် မမ ဇာတ်လမ်းတွေကို သူ လုံးဝအမြင်ကတ်နေမိသည်။

မေမေ…

သူ့ကို လူသိထင်ရှားမရှာခဲ့။

ကောင်းတာပဲ…

သူ့အတွက် မေမေ စိတ်သောကရောက်မှာစိုးရိမ်တာ သူသိနေသည်။

မရှိလေကောင်းလေးပဲနေမှာ…

မေမေ စိတ်ချမ်းသာရင်ပြီးတာပါပဲလေဟု တွေးမိနေသည်။

အခန်းထဲပြန်ရောက်လာ၏။

"သံကြိုး"

"ဟင်"

"တစ်ပတ်လောက်ခြေငြိမ်နေမှဖြစ်တော့မယ်"

သူက…

ဘာမှမလုပ်တာပဲ…

အဖေးကနေ စောင့်ကြည့်ရသူ။

လှေလာအကဲခတ်ရသူ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က သူ ခြေကုန်သုတ်ပြေးတာပင် အမိပွာယ်မရှိပာ့ထင်သည်။

"ကိုယ်က လူသစ်ပဲ"

"ဘာလဲ…မောင်ရင်က ထပ်လိုက်ချင်သေးလို့လား"

"အင်း"

သူ…

အပြင်ထွက်မှဖြစ်မည်။

မဇင်ယော်အား တွေ့ချင်နေမိသည်။

ညက…

အိပ်၍ပင်မပျော်။

မဇင်ယော့်အကြောင်းတွေကို စဉ်းစားနေမိ၍ ဖြစ်သည်။

"မင်းကို မမက အရမ်းအရေးပေးတာပဲနော် သံကြိုး"

"အမှာက်"

"မမက ဆရာကြီးဘဒင်ကိုတောင် သိပ်ပြီး အရေးပေးတာ မဟုတ်ဘူး"

မမ…

သူ အထင်မကြီးပါဘူး။

စိတ်လည်းမဝင်စား။

"မမက ကိုယ့်ဘဝအတွက် ဘာမှအရေးမပါဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဆရာကြီးနဲ့ ပြဿနာတွေ အကြီးအကျယ်ဖြစ်ရမှာတွေ ကိုယ် မလိုလားဆုံးပဲ"



"တကယ်လား"

"တကယ်"

"မမကို ဒီမှာရှိတဲ့လူတွေအားလုံးက စိတ်ဝင်စားကြတာနော်"

သူ…

ရေချိုးလိုက်သည်။

တဖြည်းဖြည်းနှင့် ထိုလူတွေနှင့် အနေအထားကျနေပြီဖြစ်၏။

စိမ်းမနေတော့။

မကောင်းတဲ့ အနံ့အသက်တွေ ညစ်ပတ်ပေရေမှုတွေ ညှီဟွမ်းဟွီး ပေါ်ပေါ်လောလောအသုံးအဆောင်ပစ္စည်းတွေ…

ဘာမှမလိုတော့။

နေသားကျလာသည်။

သံကြိုး အဝတ်အစားလဲပြီးသွားပြီဖြစ်၏။

"သံကြိုး"

"ဘာလဲ ရဲလေး"

"မင်း အဝတ်အစားတွေက အရမ်းသားနားတယ်ကွာ… အိုးတန် လွန်းတဲ့ပစ္စည်းတွေပဲဖြစ်မယ်"

သူ…

ဘာမှမပြော။

သူ့မေမေသည် ချမ်းသာကြွယ်ဝတဲ့ မိန်းမတစ်ယောက်။

အောင်မြင်တဲ့လုပ်ငန်းရှင်ကြီး…

www.burmeseclassic.com

www.burmeseclassic.com



“မင်း…သာမန်လူတစ်ယောက်တော့ မဖြစ်နိုင်ဘူးထင်တယ် သံကြိုး”

သူ…

ပခုံးကို တွန့်ပစ်လိုက်မိသည်။

“ကိုယ် အလစ်သုတ်လာတာပါ”

“ဟင်”

“မင်းတို့ စဉ်းစားကြည့်လေ…ကိုယ့်ကို ဘယ်သူမှမရှာတာ ပဲကြည့်…ကိုယ် သာမန်လူတစ်ယောက်ပါ၊ ဘာမှ စိတ်ဝင်စားစရာ မရှိပါဘူး”

မေမေ့ဂုဏ်သိက္ခာအတွက် သူအတတ်နိုင်ဆုံး ကိုယ်ရောင် ဖျောက်နေခဲ့ရသည်။

သူသည် ဝိတ်ဝိတ်မှောင်နေသော အမှောင်ထုထဲသို့ မိုက်ကန်း စွာ တိုးဝင်လာခဲ့မိပြီဖြစ်၏။

လွတ်လမ်းမမြင်တော့။

ဆရာဘဒင်က သူ ဘာပြစ်မှုမှ မကျူးလွန်ရသေး၍ အလွတ် မပေးပေ။

အဖွဲ့ဝင်တွေ လက်ဖြောင့်လူယုံတော်တွေနှင့်ထားသည်။

“ကိုယ်နောက်တစ်ဖွဲ့နဲ့ လိုက်သွားဦးမယ် ရဲလေး”

“တယ်ဟုတ်ပါလား၊ အပြင်လောကကြီးကို မင်း စိတ်ဝင်စား နေပြီထင်တယ်”

“ရဲလေး”



“ဟင်”

“ငါ့မှာ ရင်ဖွင့်စရာတစ်ခု ရှိနေသေးတယ်၊ ဘာပဲပြောပြော ပါ မင်းကိုတော့ ယုံကြည်နေမိသလိုပဲ”

“ပြော”

“ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်”

“ဘယ်က ကောင်မလေးလဲ”

“မဇင်ယော်တဲ့”

သူ…

တွေ့ကြုံခဲ့ရသောအကြောင်းအရာတွေကို ပြန်ပြောပြမိသည်။

“ဟား…ဟား…ဟား…”

“ဘာရယ်တာလဲကွ”

“သဘောကျလို့ပါ”

“မဇင်ယော်ကို ကိုယ်က သဘောကျမိတာ ရယ်စရာလား ဗျ”

“သံကြိုး”

“ဘာလဲ”

“မဇင်ယော်နဲ့ မင်း ခင်မင်ချင်လား”

“အင်း”

“ဒီနေ့ ကျွဲညိုကြီးနဲ့ လိုက်သွား”

သူတို့ခုတင်အတန်းတွေရဲ့အစွန်တွင် အိပ်နေသော ကျွဲညိုကြီး လှမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဇင်ယော်က ကျွဲညိုကြီးရဲ့ ညီမကွ"

"ဘာ"

သူ အထင်ကြီးခဲ့သော မဇင်ယော်သည် ဒုစရိုက်သမား ကျွဲညို ရဲ့ ညီမတစ်ယောက်ဖြစ်နေသည်။

"ဟုတ်ရဲ့လားကွာ"

မယုံနိုင်။

ကျွဲညိုကြီးသည် ဆားဗစ်ရင့်သော ထောင်ကို ခြင်တောင်လုပ် နေသော လူတစ်ယောက်သာဖြစ်နေခဲ့သည်။

ဆရာကြီးဘဒင်ရဲ့ လူယုံတော်ကြီး။

"ဟုတ်တယ် သံကြိုး…တစ်ခုတော့ရှိတယ်နော်၊ မဇင်ယော် က ရိုးသားဖြူစင်တယ်၊ သူ့အစ်ကို ဘာတွေလုပ်နေလည်းဆိုတာ မသိဘူး၊ ကျွဲညိုကြီးက အဲ့ဒါနဲ့ ညီမကိုတော့ ရှာဖွေကျွေးနေတာပဲ"

"ဆင်းရဲလိုက်တာကွာ"

"ကျွဲညိုကြီးက ဆေးစွဲနေပြီကွ၊ မျက်မမြင်အဘွားနဲ့ ညီမကို အရင်လောက် မကြည့်နိုင်တော့ဘူး၊ လစဉ်မှန်မှန်တော့ ထောက်တယ်"

သူ…

အရမ်းကို အံ့သြတုန်လှုပ်သွားမိသည်။

ဘာတွေဖြစ်ကုန်ပြီလဲ…

မထင်မှတ်နိုင်။

မဇင်ယော်တို့ မြေးအဘွားကတော့ ကျွဲညိုကြီးလုပ်ရပ်တွေကို မသိဘူးတဲ့။



"မဇင်ယော်က မာနကြီးတယ်၊ ကျွဲညိုကြီးကလည်း သူ့ညီမ ကို လုံးဝအထိမခံဘူး၊ သူ့လို ဘဝထဲကကောင်တွေနဲ့ ငြိသွားမှာ အကြောက်ဆုံးပဲတဲ့"

သူ…

ကျွဲညိုကြီးနှင့်ပဲ လိုက်သွားရမလို ဖြစ်နေမိတော့သည်။

မဇင်ယော်…

ကိုယ် အရမ်းစွဲလမ်းနေမိပြီ…

မင်းကို မတွေ့ရင် မနေနိုင်လောက်အောင်ပဲကွာ…

"သံကြိုး"

"ဟင်"

"ဘယ်လိုလဲ"

"လိုက်မယ်ကွာ"

"ကျွဲညိုကြီးက ဒီနေ့ သူ့ညီမဆီ ငွေသွားပို့ပြီးထောက်ပံ့လိမ့် မယ်"

သူ လိုက်သွားဖို့ ဆုံးဖြတ်ထားလိုက်မိသည်။

ကျွဲညိုကြီးနဲ့ခင်အောင် ပေါင်းရမယ်။

ရဲလေးက သံကြိုးတစ်ယောက် ကျွဲညိုကြီးနဲ့ လိုက်ရိုကြောင်း ပြောမိသည်။

ကျွဲညိုကြီးအကြည့်တွေက သူ့ထံ ဆတ်ခနဲ ရောက်လာ၏။

"မင်း မနာဘူးလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီလုပ်ငန်းကို တော်တော်ဝါသနာပါတယ်ထင်တယ် မောင်ရင်"

ကျွဲညိုကြီးကတော့ ဒီကောင်လေးဘဝကို စိတ်ဝင်စားနေမိသည်။

ဆရာဘဒင် ဘယ်ကခေါ်လာတာလဲ…

နောက်ကြောင်းရာဇဝင် ဘာမှမသိပဲဖြစ်နေမိသည်။

"သံကြိုး"

"ဗျာ"

"မင်းကို ငါ သနားတယ်"

"ကိုကျွဲကြီး"

"ပြော"

"ကျွန်တော် မနေ့က ထွက်ပြေးရင်း ကိုကျွဲကြီး အဘွားနဲ့ ညီမဆီ ရောက်သွားတယ်လေ"

"ဟင်"

အဘွား…

ညီမလေး…

သူ့ဘဝကို အဘွားနှင့် ညီမလေး ဘာမှမသိပေ။

မျက်မမြင်အဘွားနှင့် ညီမလေးအား ထောက်ပံ့ဖို့ ကြိုးစားရှန်းကန်ရင်း ဒီဘဝဆိုးကြီးထဲ ရောက်သွားခဲ့ရသည်။

ရှန်းထွက်၍မရတော့။

နစ်နေပြီ။



အဘွားနှင့် ဇင်ယော်သာ သူ့အလုပ်အကိုင်အကြောင်းသိလျှင် ထောက်ပံ့တဲ့ငွေတွေကို လက်ခံမှာမဟုတ်။

"ကျွန်တော်…မဇင်ယော်နဲ့ ခင်မင်ချင်တယ်"

"ဘာကွ…မင်းလို ဒုစရိုက်သမားတစ်ယောက်နဲ့ ငါ့ညီမ လုံးဝမပတ်သက်စေရဘူး သံကြိုး"

ညီမလေးအား အစွန်းအထင်းဖြစ်သွားမှာ ကျွဲညို အစိုးရိမ်ဆုံးဝင်။

ဖြူစင်သန့်ရှင်းနေစေချင်သည်။

ငြိမ်းချမ်းတဲ့ဘဝလေးတစ်ခုကို ညီမလေး ပိုင်ဆိုင်စေချင်၏။

လင်ကောင်းသားကောင်း ရစေချင်မိနေသည်။

သူ့အသိုင်းအဝိုင်းတွေနှင့် လုံးဝမပတ်သက် မဆက်ဆံစေရပေ။

"မင်း မလိုက်ရဘူး…မင်း…မင်း…"

ဒီကောင်လေးကို ကြည့်ရတာ လူရည်သန့်လေးဟု ထင်မိနေသည်။

သူ တစ်ခုခုဖြစ်လျှင်…

အဘွားနှင့် ညီမလေးအတွက် စိတ်ပူပင်နေမိသေးသည်။

သံကြိုး…

မင်းကို ဒုစရိုက်သမားတစ်ယောက်မဖြစ်စေချင်ဘူး…

ဆရာကြီးဘဒင် လက်ထဲရောက်လာမှာတော့ လူကောင်း သူကောင်းတော့ ဖြစ်မလာနိုင်။

"ကဲပါကွာ…မင်းလိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးကိုတော့ ကျွဲညိုကြီး စောင့်ရှောက်ဖို့ ဆုံးဖြတ်ထားမိလိုက်သည်။

⚜ ⚜ ⚜



## အခန်း (၁၀)

"ဟင်…ရှင်က အစ်ကိုကြီးရဲ့သူငယ်ချင်းဆိုတာ ဘာဖြစ်လို့ ပြောရတာလဲ"

မဖင်ယော် အစ်ကိုကြီးနှင့်ပါလာတဲ့လူအား မနေ့က မချောမင် ဆက်ဆံလိုက်မိသည်။

အားနာသွားမိ၏။

သူက…

အစ်ကိုကြီးမိတ်ဆွေပဲ။

"အဘွားရော"

"အခန်းထဲမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး သွားတွေ့လိုက်မယ်၊ အဘွား နေမကောင်းဘူး ထင်တယ်"

"ဟုတ်တယ် အစ်ကိုကြီး၊ အဘွား နေမကောင်းဘူး…အိပ်ရာထဲမှာလဲနေတာ နှစ်ရက်လောက်ရှိပြီ အစ်ကိုကြီး"

"ဟင်"

သံကြိုးအား ညီမလေး ချော့ခံထားလိုက်ဦးဟုပြောကာ အခန်းထဲဝင်သွားသည်။

မဇင်ယော်သည် အားနာတောင်းပန်သောမျက်ဝန်းတွေနှင့် သူ့အား ကြည့်နေ၏။

"မနေ့က ကျွန်မ မထေမဲ့မြင်ဆက်ဆံမိသလို ဖြစ်သွားရတာ တောင်းပန်ပါတယ်နော် ကိုသံကြိုး"

"ကိစ္စမရှိပါဘူး မဇင်ယော်…အခုလို ခင်မင်ခွင့်ရတာပဲ ကျေးဇူးတင်လှပါပြီ"

မဇင်ယော်နှင့် ခင်မင်ခွင့်ရတာပဲ ကျေးဇူးတင်နေမိသည်။

ဝမ်းသာနေမိ၏။

ကိုကျွဲကြီး ဘာတွေလုပ်နေလည်းဆိုတာ မဇင်ယော် မသိဘူးတဲ့။

ဆင်းရဲလွန်းသည်။

ဆရာကြီးဘဒင်ကတော့ အချမ်းသာကြီး ချမ်းသာနေ၏။

ကိုကျွဲကြီးဘဝကမလွယ်။

ညီမဖြစ်သူ ဘဝပျက်မှာကိုလည်း အစိုးရိမ်ကြီး စိုးရိမ်နေသည်။



"ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်နော်"

"မဖျော်ပါနဲ့တော့ မဇင်ယော်၊ ကိုယ်တို့သောက်ခဲ့ပြီးပါပြီ"

"ဘာပဲဖြစ်ဖြစ် ကော်ဖီလေးတစ်ခွက်လောက်တော့ ထပ်ပြီး သောက်ပါဦး"

မဇင်ယော် မနေတတ်။

သူက သူမအား စူးစိုက်စွာ ကြည့်လွန်းနေ၍ဖြစ်သည်။

မီးဖိုခန်းထဲ ဝင်လာမိသည်။

ဘယ်လိုလူလဲ…

မဇင်ယော်က အစ်ကိုဖြစ်သူရဲ့ စည်းကမ်းတင်းကျပ်မှုအောက်မှာ ဗိုင်းကောင်းကျောက်ဖိုကြီးပြင်းခဲ့ရသည်။

အစ်ကိုကြီးက ရပ်ကွက်ထဲမှာရှိတဲ့ ကောင်လေးတွေ စနောက်လျှင် ပြဿနာအကြီးအကျယ် ရှာတတ်၍ ကျွဲကြီးဆို ကြောက်ကြသည်။

ဘယ်သူမှ မစရဲကြ။

"ညီမလေးကို အတည်တကျ လက်ထပ်မဲ့သူရှိရင် လက်ဆပ်…အစ်ကိုကြီးခွင့်ပြုတယ်၊ အပျော်လာကြံရင်တော့ မသာဖြစ်ပြီမှတ်"

အစ်ကိုကြီးက ကြိမ်းဝါးထား၍ မဇင်ယော်အား မထေမဲ့မြင် ဆောင်ရဲကြ။

သူမကလည်း မာနနှင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးတွေကို အရေးမစိုက်ဘဲ အဘွားအိုကြီးအား ပြုစုနေမိ၏။

သူမတို့တွင် မိဘတွေမရှိကြ။

ငယ်စဉ်လေးထဲက ဆုံးပါးသွားခဲ့ကြသည်။

မောင်နှမနှစ်ယောက် အဘွားလက်ထဲတွင် ကြီးပြင်းလာခဲ့ရ၏။

လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှ အဘွား မျက်စိကွယ်သွားသည်။

အစ်ကိုကြီးပဲ ကျွေးမွေးရှာဖွေနေရ၏။

မခင်ယော်...

ဆယ်တန်းအောင်ပြီးပြီ။

သင်တန်းတွေတက်ပြီး အလုပ်ဝင်ဖို့ဟာ အဘွားက နေမကောင်းဖြစ်နေသည်။

အစ်ကိုကြီးက အလုပ်မလုပ်နဲ့ဦးတဲ့။

သူမ...

ကော်ဖီဖျော်ရင်း အတွေးတွေနှင့် ငိုနေမိသည်။

"ခင်ယော်"

"ဟင်...အစ်ကိုကြီး"

အစ်ကိုကြီးဝင်လာသည်။

သူမ...

အသိဝင်သွားသည်။

"ကော်ဖီဖျော်လေ...ညှော်သည်ကို အပြင်မှာထားပြီး ဘာဝင်လုပ်နေတာလဲ"



"ဟို...ဟို...အဘွားအကြောင်း တွေးနေလို့ပါ၊ အခုတလော ချူချာနေတယ် အစ်ကိုကြီးရယ်"

ခင်ယော် စကားပြောင်းသွားအောင် စိတ်ထဲထင်တာတွေ ပြောလိုက်ရသည်။

"အစ်ကိုကြီး"

"ဘာလဲ"

"ကျွန်မ အလုပ်တစ်ခုခုတော့ ဝင်ချင်တယ်"

"နေပါဦး...အဘွားမှ နေမကောင်းသေးတာပဲ"

အဘွား အိပ်ရာထဲမှာ လဲနေတာ ကျွဲကြီး စိတ်မကောင်းဖြစ်မိသည်။

မိမိငွေကြေးထောက်ပံ့ဖို့ကလည်း အခုတလော အလုပ်တွေ မကောင်းပေ။

အဖမ်းအဆီးတွေများနေသည်။

အဘွားအတွက် စိတ်ပူမိ၏။

ပြီးတော့...

ညီမလေးအတွက်။

ချောမောလှပတဲ့ ညီမလေး ဘဝပျက်သွားမှာ သူ့ အကြောက်ဆုံးပင်။

ဆရာကြီးဘဒင်က စည်းကမ်းတင်းကျပ်လွန်းတာတွေသည်။

ပေးဆပ်ရတာတွေ များနေ၏။

ကျွဲကြီးက မလွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးစွဲနေပြီဖြစ်သည်။

ငွေကြေးက ရှာမလောက်။

သူ့အကြောက်ဆုံးက ညီမလေး ဘဝပျက်သွားမှာပင်။

ဒုစရိုက်လောကထဲက သူ့လိုဘဝတူတွေနှင့် လက်မထပ်စေလိုပေ။

သံကြိုး…

လူရည်သန့်လေးပဲ…

ဒီကောင့်ကတော့ ဒုစရိုက်လုပ်ငန်းတွေ ဘာမှမလုပ်ရသေးပေ။

“အပြင်လာခဲ့တော့ ညီမလေး”

“ဟုတ်ကဲ့”

သူမ အပြင်ထွက်ခဲ့သည်။

ကော်ဖီခွက်လေးကို ညှိသည်ရှေ့မှာ ချထားသည်။

“သုံးဆောင်ပါဦး”

“ဟုတ်ကဲ့”

သံကြိုး…

မဖင်ယော်အား အကြီးအကျယ် ကြွေနေပြီဖြစ်သည်။

မိန်းမချောလေး မဖင်ယော်ရဲ့ဘဝကို သူ စိတ်ဝင်စားနေမိ၏။

စောင့်ရှောက်ချင်သည်။

သူ့မှာ…

တွယ်တာမှုဖြစ်နေသည်။

မေမေ အရိပ်အာဝါသနှင့် ကင်းနေတဲ့ဘဝ။



ဦးဘဒင်ရဲ့ လောင်းရိပ်အောက်မှာ မိနေခဲ့ရသည်။

ကော်ဖီသောက်၏။

စားရတာ အားနာနေမိသည်။

မဖင်ယော်တို့က ဆင်းရဲ၏။

အဘွားကလည်း အိပ်ရာထဲမှာ လဲနေသည်။

သံကြိုး ဘယ်လိုကူညီရမလဲ…

သူ့မှာ ငွေမရှိ။

အိမ်ကနေယူမလာပေ။

ဘာမှမရှိ။

“သံကြိုး သွားကြမယ်”

“ဟုတ်ကဲ့”

သံကြိုး ထွက်လာခဲ့မိသည်။

“သံကြိုး”

“ဗျာ”

“ငါ မင်းကို မထိခိုက်စေချင်ဘူး သံကြိုး”

“ဗျာ”

ကျွဲကြီး ထိုအလုပ်တွေနှင့် ပြဿနာအကြီးအကျယ်တက်ခဲ့လျှင် အဘွားနှင့် ညီမလေး ဒုက္ခရောက်တော့မည်။

“မင်းကို ငါ ပြောစရာရှိတယ်”

“ပြောပါ ကိုကျွဲကြီး”

“မင်း ဥပဒေနဲ့ မကင်းတဲ့အလုပ်တွေမလုပ်နဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးဘဒင်က လက်ခံမလား"

"မင်း ငါနဲ့လုပ်၊ မင်းက ဘေးကပဲကြည့်နေ…ငါ လက်တွေ့လုပ်မယ်"

"ကိုကျွဲကြီး"

"ပြော"

"ကျွန်တော် မလုပ်ချင်ဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ဒုစရိုက်လုပ်ငန်းတွေမှာ မလုပ်ပါရစေနဲ့…ကျွန်တော် မလုပ်လို့လည်း မဖြစ်ဘူးထင်တယ်"

ဆရာကြီးဘဒင်ကိုလည်း ကြောက်နေရသေးသည်။

သူ…

လက်တွေ့လုပ်ဆောင်ရမှာပဲဖြစ်သည်။

"သွားမယ်ကွာ…မင်း အခြေအနေမကောင်းရင် လစ်သာလစ်၊ ဘယ်သူ့မျက်နှာမှ ထောက်မနေနဲ့…အတတ်နိုင်ဆုံး မင်း မလုပ်တာ အကောင်းဆုံးပဲ"

ကျွဲကြီး စိတ်ထဲမှာ လေးနေသည်။

အဘွား နေမကောင်းဘူး။

သူသာ တစ်ခုခုဖြစ်လျှင်…

"သံကြိုး"

"ဗျာ"



"တကယ်လို့ ကိုယ် တစ်ခုခုဖြစ်သွားရင် အဘွားနဲ့ ညီမလေးကို မင်းစောင့်ရှောက်ပါ"

"စိတ်ချပါ ကိုကျွဲကြီး"

"ငါ မိုက်တယ် သံကြိုး"

"ဗျာ"

"မကောင်းတဲ့ ဒုစရိုက်လုပ်ငန်းတွေတင်မကတော့ဘူး၊ ငါ ဗူးယစ်ဆေးတွေပါ စွဲနေပြီ၊ ရုန်းထွက်လို့မရတော့အောင် နစ်နေပြီ သံကြိုး"

သံကြိုးကို သူ့ကဲ့သို့ မနစ်စေချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်နေမိသည်။

"မင်း ဘာဖြစ်လို့ ဒီဘ၀ထဲရောက်လာရတာလဲကွာ"

ဆရာကြီး ဦးဘဒင်သည် ကျွဲကြီးဘ၀ကို ကယ်တင်စောင့်ရှောက်ခဲ့တာတော့ အမှန်ပဲဖြစ်သည်။

အဘွား ဒုက္ခိတဖြစ်သွားလို့ ဆင်းရဲနွမ်းပါးနေချိန်တွင် ငွေကြေးတွေ အမြောက်အမြား ထောက်ပံ့ခဲ့၏။

ထောင်မြင်လို့ ရာစွန့်တာ…

နောက်ပိုင်း သူ့ဘ၀နှင့် ရင်းပြီး ပေးဆပ်ခဲ့ရတော့သည်။

မလွယ်တော့။

နစ်သထက် နစ်လာသည်။

ကျွဲကြီးထောင်နန်းစံရတာ အကြိမ်ကြိမ် အခါခါ။

မိသားစုဘ၀ ဘာထူးလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတာက ဆင်းရဲတာပဲ။

သူ့လုပ်ရပ်တွေအတွက် အဘွားနှင့် ညီမလေး ဘာမှမသိ။ သူ…

ထောင်ကျတာက နှစ်အကြာကြီးမဟုတ်။

လအနည်းငယ်ပဲ။

အကယ်၍…

နှစ်အများကြီးကျသွားလျှင်…

"အား"

"ဘာဖြစ်တာလဲ ကိုကျွဲကြီး"

"ငါ့စိတ်တွေ အရမ်းလေးနေတယ် သံကြိုး"

"ဘာဖြစ်လို့လဲ"

"အဘွား နေမကောင်းဘူး၊ ငါ တစ်ခုခုဖြစ်သွားရင်ခက်မယ်"

"ကိုကျွဲကြီး"

"ပြော"

"အကယ်၍ ခင်ဗျား ထောင်ကျတဲ့အခါ အဘွားနဲ့ မဖင်ယော်တို့ကို ဘယ်လိုထောက်ပံ့ထားလဲ"

"ငါပေးထားတဲ့ငွေကို ချွေတာစားတယ်ကွာ၊ ဆရာဘဒင်က မသေစာလောက်တော့ ထောက်ပံ့တာပေါ့ သံကြိုး၊ ငါ့ကိုတော့ ခရီးထွက်သွားတာလို့ ပြောပေးတယ်၊ နှစ်အကြာကြီးတော့ ငါ အခြစ်ထေ မခံရသေးဘူး"

စိတ်မောစရာ။



မလွယ်ပါလား။

"အဘွားအတွက် ပူတယ်၊ ညီမလေး ဘဝပျက်မှာစိုးရိမ်နေမိတယ် သံကြိုး"

မင်းကိုတော့ ငါ့စိတ်ထဲမှာ ယုံကြည်လေးစားနေမိသလိုပဲ သံကြိုး။

ငါ့ဘဝလို မနစ်စေချင်ဘူး။

"ကိုကျွဲကြီး ဘာမှစိတ်မပူပါနဲ့…ပြဿနာတစ်ခုခုဖြစ်ရင် ကျွန်တော် သေသေချာချာ စောင့်ရှောက်ပါ့မယ်"

"မင်းလည်း တစ်နေ့ ငါ့အဝလိုဖြစ်မှာပဲ"

ကျွဲကြီး စိတ်မောစွာ ဆိုမိသည်။

သူ့ကို အတွေကြီးတယ်ပဲပြောပြော…

ဒုစရိုက်သမားတွေနဲ့တော့ သူ့ညီမလေးကို လက်မထပ်လိုပေ။

"သံကြိုး"

"ဗျာ"

"မင်း ငါ့ကို ကတိတစ်ခုပေးရမယ်"

"ပြော"

"ငါ့ညီမလေးကို ချစ်သူအဖြစ် ဘယ်တော့မှ မကြိုးစားပါဘူးလို့ကွာ"

"ဗျာ"

သူက…

ချစ်နေတာ…

www.burmeseclassic.com

www.burmeseclassic.com



ကိုကျွဲကြီးက ရိပ်မိပုံပင်။

"ငါ့ညီမလေးဘဝကို ဖြူစင်သန့်ရှင်းပြီး အေးချမ်းသာယာစေချင်တယ် သံကြိုး"

သံကြိုးရင်ထဲမှာ နာကျင်စူးနင့်စွာ ခံစားလိုက်ရတော့သည်။

"မောင်ရင်တို့ ဒုစရိုက်သမားတွေနဲ့ ငြိစွန်းသွားရင် ကိုယ့်ညီမလေးဘဝ နစ်မွန်းရမှာပဲ"

"ကိုကျွဲကြီးကလည်း စိတ်ပူမနေစမ်းပါနဲ့၊ ဘဝဆိုတာ သူ့မှာသူ ပြဋ္ဌာန်းထားပြီးသားပါဗျ"

ကျုပ်ကတော့ ခင်ဗျားညီမလေးကို ချစ်နေမှာပဲဗျဟု စိတ်ထဲမှ ပြောမိသည်။

မဖင်ယော်ကို သူ ချစ်မိနေ၏။

ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့။

သူ…

ဝေဟင်အာကာဆိုရင် ကိုကျွဲကြီး သဘောကျမှာမဟုတ်လား။

"သံကြိုး"

"ဗျာ"

"ကတိပေးလေကွာ"

"အဟက်"

"ဘာရယ်တာလဲ"

"ကိုကျွဲကြီးက စိတ်ပူနေလို့ပါ"

"ဟော့ကောင်…မင်း မအူမလယ်တော့မလုပ်နဲ့နော်၊ ငါက



တို့အဖွဲ့သားတွေကို ပြောပြီးသားပဲ၊ ငါ့ညီမကို ထိရင် မင်းတို့ မသာပေါ်ပြီသာမှတ်"

သံကြိုးကိုတော့ ကျွဲကြီး နည်းနည်းတော့ စိတ်ချနေမိသည်။

ဒီကောင်လေးက မဆိုးဘူး။

အေးချမ်းတည်ငြိမ်တယ်။

"အလကားစတာပါ…ကိုကျွဲကြီး၊ ကျွန်တော် စောင့်ရှောက်မှာပါ၊ မဖင်ယော် ဒုက္ခရောက်အောင်တော့ ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး"

"မင်းကိုယုံတယ်"

ကျွဲကြီး နှုတ်ဆက်ပြီး သူ့ခွင်အတွက် လှုပ်ရှားနေမိသည်။

ဆရာကြီး ဘဒင်အတွက် လူအင်တိုက်အားတိုက် ရှာဖွေပေးနေရ၏။

မိသားစုအတွက်မဟုတ်။

နည်းနည်းပါးပါးပဲရတာပါ။

သူ့ဆေးဖိုးကလည်း ရှာဖွေနေရသေးသည်။

အဘွား နေမကောင်းဘူး။

ငွေများများရှာမှ…

မိန်းမကြီးတစ်ယောက်ကို သူ မျက်စိကျနေမိသည်။

ဆွဲထားတဲ့ဆွဲကြိုးက ငါးကျပ်သားလောက်ရှိမည်ထင်၏။

ဘတ်စ်ကားဂိတ်မှာ…

ကားပေါ်တက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကပ်စေးနည်းတဲ့မိန်းမကြီးတစ်ယောက်ပဲ။

ဒီလောက်ဝတ်စားထားပြီး ဘတ်စ်ကားတိုးစီးဖို့ စဉ်းစားနေသည်။

ကျွဲကြီးတို့အကြိုက်ပဲဟု စိတ်ထဲက တွေးရင်း ပီတိဖြစ်နေမိသည်။

ဘတ်စ်ကား ထိုးရပ်လာ၏။ အဘွားကြီး ကားပေါ်တက်သည်။

သူ့…

လှုပ်ရှားလိုက်သည်။

လက်ထဲမှကိုင်ထားသော ရွှေဖြတ်တဲ့ကတ်ကြေးအသေးစားလေးနှင့် ဖြတ်လိုက်၏။

ဆွဲကြိုးကြီးက လျှောခနဲဝါလာသည်။

"ဟင်…ကျွန်မ ဆွဲကြိုးဖြတ်သွားပြီ…လုပ်ကြပါဦး၊ ဟိုမှာ အသားမည်းမည်းနဲ့လူ လုပ်ကြပါဦး…လိုက်ဖမ်းပေးကြပါဦး"

ကျွဲကြီး ခြေကုန်သုတ်ပြေးပေမဲ့ မလွတ်တော့။

လူအုပ်ကြီးက ဝိုင်းအုံခဲလိုက်လာသည်။

အဝေးကနေ အခြေအနေကို စောင့်ကြည့်နေသော သံကြိုးခတွက် မချောင်တော့။

ပြေးမှ…

ကျွဲကြီးအခြေအနေကတော့ အဆိုးဆုံးအခြေအနေ ရောက်သွားသည်။

✤ ✤ ✤



## အခန်း (၁၁)

ကျွဲကြီး မှောက်နေသည်။

လူတစ်ယောက်ကိုလည်း ဓားနှင့်ထိုးလိုက်သေး၏။

ဝိုင်းဖမ်းလာကြတဲ့လူတွေကို လက်တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ကျွဲကြီးတော့ မလွယ်ဘူး…

သူ့…

ဘာဆက်လုပ်ရမလဲ…

အဘွား…

မဇင်ယော်…

မျက်စိထဲ မြင်လာသည်။

"တစ်စုံတစ်ခုပြဿနာဖြစ်လာရင် မင်း ကိုယ်လွတ်ရုန်း၊ နောက်ကိုလှည့်မကြည့်နဲ့နော် သံကြိုး"

www.burmeseclassic.com

www.burmeseclassic.com



ကျွဲကြီးက ပြောခဲ့သည်။

သူ…

စိတ်ထင့်နေပုံပင်။

ကျွဲကြီးအား လူအုပ်ကြီးထဲမှ မထုတ်ပြီး ကားပေါ်တင်ကြသည်။

ရဲတွေ ရှုပ်ယှက်ခက်နေ၏။

သံကြိုး ကယ်၍မရတော့။

"ငါတစ်ခုခုဖြစ်ရင် အသွားနဲ့ ညီမလေးကို စောင့်ရှောက်ပါ"

အသွား နေမကောင်းဘူး…၊

မခင်ယော်ကို ဘယ်လိုပြောရမလဲ။

ထုံးစံအတိုင်း…

ကိုကျွဲကြီး ခရီးထွက်သွားပြီလို့ပဲ ပြောရမှာပဲ။

သူ့ခြေလှမ်းတွေ နှေးကွေးလာရသည်။

မေမေ့ဆီ ပြန်ရင်ကောင်းမလား။

အခု…

သံကြိုး ဘာပြစ်မှုမှ မကျူးလွန်ရသောအချိန်ဖြစ်သည်။

သက်ဆိုင်ရာတွေဆီသွားပြီး အဖြစ်မှန်တွေ ထုတ်ဖော်ပြောပြီး ဘဒင် ဆိုတဲ့ ဒုစရိုက်သမားကြီးကို အဖမ်းခိုင်းရင်ကောင်းမလား။

လူငယ်တွေ…

ဘယ်လောက်ပျက်စီးနေပြီလဲ…

မပိုင်ပဲနှင့် သွားလုပ်လို့လည်း မဖြစ်သေးပေ။



မေမေ့ကို ထိခိုက်နိုင်သည်။

သူ…

မှားပြီပဲ…

မေမေ့ကို ဆန့်ကျင်ပြီး ထွက်လာမိတာ အခက်အခဲ ဒုက္ခတွေနှင့် ရင်ဆိုင်နေရသည်။

ဒုစရိုက်လုပ်ငန်းတွေမလုပ်ချင်။

စိတ်ရှုပ်စရာ။

ပြဿနာတွေဖြစ်တော့ ကိုယ်ဖြစ်ကိုယ်ခံပဲ။

ဆရာဘဒင်က လွတ်နေသည်။

ဘယ်သူမှလည်း မဖော်ထုတ်ကြ။

နောက်မှာကျန်ခဲ့တဲ့လူတွေ ဒုက္ခရောက်မှာစိုး၍ပဲဖြစ်မည်။

"သံကြိုး"

"ဟင်"

ရဲလေး…

"ကျွဲကြီး"

"သိတယ်…ဒီတစ်ခါတော့ မလွယ်ဘူး၊ သူက ပြန်ပြီး ခုခံတယ်တဲ့"

ရဲလေးက သူ့အနားရောက်လာသည်။

သူတစ်ယောက်ထဲ ယောင်ချာချာနှင့်ဖြစ်နေတဲ့အချိန်ပင်။

"ဒီအလုပ်တွေ ငါမလုပ်ချင်ဘူးကွာ"

သူ…

www.burmeseclassic.com

www.burmeseclassic.com



ပြောမိသည်။

"ငါလည်း မလုပ်ချင်တော့ဘူး သံကြိုး"

"ဟင်"

ရဲလေး ပါးစပ်မှ ထိုကဲ့သို့သောစကားတွေ ထွက်လာလိမ့်မည်ဟု မထင်ပါ။

"မင်း"

"ငါ့ဘဝမှာ ထွက်ပေါက်မရှိဘူး၊ ဆရာဘဒင်ကို ကြောက်တယ်ကွာ"

"ရဲလေး"

"ပြော"

"တို့နှစ်ယောက်..."

"ထွက်ပြေးဖို့လား"

"သက်ဆိုင်ရာတွေကို ဖွင့်ပြောပြီး..."

ရဲလေးက သူ့ကို စူးခနဲတစ်ချက်စိုက်ကြည့်သည်။

"ဆရာဘဒင် ဘယ်မှာနေလည်းဆိုတာ တို့မှမသိတာ"

"တို့နဲ့အတူတူနေတာမဟုတ်ဘူးလား"

"မဟုတ်ဘူး...နေချင်တဲ့နေရာမှာနေတာ၊ အဖွဲ့ဝင်တွေအားလုံး ဘယ်သူမှ မသိကြဘူး"

"ကိုဗလတို့ တုတ်ကြီးတို့ရော"

"မသိဘူး...မင်း ဒီကိစ္စတွေကို ဘယ်သူ့မှ သွားမပြောနဲ့နော် ကြမ်းကြားလေကြား ပြဿနာတွေဖြစ်ရင်မလွယ်ဘူး"



ဆရာဘဒင် အသိုင်းအဝိုင်းတောင့်တင်းကြောင်း ပြောနေသည်။

မေမေ...

အခု...

အဘွားနှင့် မဖင်ယော်...

မျက်မမြင်အဘွားကြီးတစ်ယောက်ရဲ့ ဒုက္ခတွေ။

သံကြိုး စိတ်လျှော့မှ။

"ရဲလေး"

"ပြော"

"မင်းရော ပြစ်မှုတွေ ဘယ်လောက်အထိ ကျူးလွန်ထားပြီးပြီလဲ"

"နုပါသေးတယ်"

နုသာနုတယ် ရဲလေးက အလုပ်ဖြစ်နေတတ်လေသည်။

လျှင်မြန်၏။

"မင်းမိဘတွေရော"

"သေပြီ...မင်းရော"

"မင်းလိုပါပဲ"

မေမေ့အကြောင်းတွေကို မပြောချင်။

မေ့ပစ်ထားချင်သည်။

"ဒီဆွဲကြိုးလေးကို သွားရောင်းပေးပါလား ရဲလေး"

"မင်း ဘယ်ကရလာတာလဲ...အကြံ့အဖန်လား"

"မဟုတ်ပါဘူး၊ ကိုယ် ပါလာတာပါ၊ ကိုယ်က အလုပ်သင်

www.burmeseclassic.com

www.burmeseclassic.com



ဝဲရှိသေးတာပဲ၊ အခုတလော အပြေးချန်ပီယံပဲ ဖြစ်နေရတယ်"

"အစဆိုတော့ ဒီလိုပါပဲ"

"ကိုယ်…ကျွဲကြီးအဘွားနဲ့ ညီမကို တောက်ပွံချင်တယ်ကွာ"

"အဟက်"

"မျက်မမြင်အဘွားကြီး သနားတာပါ"

"ကျွဲကြီးကပြောထားတယ်၊ သူ့အဖွဲ့ထဲကကောင်တွေ သူ့ညီမကိုထိရင် အသေသတ်မှာတဲ့"

ကိုယ်…

မစင်ယော်ကို ချစ်နေမိပြီ။

ဖူးစာပဲလား။

မိန်းကလေးတစ်ယောက်အား မြင်မြင်ချင်း ချစ်မိသွားတယ်ဆိုတာ အံ့သြစရာပဲ။

"သံကြိုး"

"ပြော"

"မင်း…ဆရာဘခင်ကို ဆန့်ကျင်ဖို့တော့ လုံးဝစိတ်မကူးနဲ့ကွာ ဆရာကြီးက အင်အားတောင့်တယ်၊ တစ်ယောက်မဟုတ် တစ်ယောက်က ဒုက္ခလာပေးမှာပဲ"

"အင်း"

"အတတ်နိုင်ဆုံး အန္တရာယ်ကြည့်ရှောင်…မင်းအတွက် စိတ်ပူတယ်"

မေမေ…



သားဘဝ ပြန်ပြီး အဖက်ဆယ်လို့မှ ရပါတော့မလားမသိပါဘူး။

မေမေက သူ့အား လူသ ငေ်ရှားမရှာခဲ့။

ငြိမ်သက်နေသည်။

ကိုရာဇာ့ကြောင့်ပဲနေမယ်

တကယ်ဆို…

သူ…

သားတစ်ယောက်အနေနှင့် မိခင်အား ကာကွယ်စောင့်ရှောက်သင့်သည်ဟု ထင်မိလာရသည်။

မေမေကတော့ သူ့ကို မေ့နေမှာပါ။

ကိုရာဇာနဲ့ လက်ထပ်ပြီးရောပေါ့။

မေမေနှင့် ပတ်သက်ပြီး အရှက်ကြီးရှက်၍ သူ ထွက်ပြေးလာခဲ့မိသည်။

"သံကြိုး"

"ဘာလဲ"

"မင်းခွဲကြိုးရောင်းတာတောင် ဆရာကြီးကို ကော်မရှင်ပေးရမှာ"

"ဘာဖြစ်လို့လဲ"

"ထုံးစံပဲ…မင်းပစ္စည်းလို့ ထင်မှာမဟုတ်ဘူး"

"ဆရာကြီးက ခေါင်းပုံဖြတ်လွန်းတယ်ကွာ"

"ရှုး"

www.burmeseclassic.com

www.burmeseclassic.com



ရဲလေး ကြောက်နေသည်။

"ဘာဖြစ်လို့လဲ"

"မင်းကိုစောင့်ကြည့်နေ ခွဲ့ဝင်တွေ အများကြီးပဲရှိတယ်၊ မင်း မသိနိုင်ဘူး၊ ဆရာကြီး မဂေ ဦးကြောင်းတွေ ငါ့တစ်ယောက်ထဲကိုပဲ ပြောနော် သံကြိုး"

"အင်း"

ရဲလေးက သူ့ဆွဲကြိုးအ လျှို့ဝှက်စွာ ရောင်းပေးသည်။

သူ့အသက် ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့က မေမေ ပေးထားသော ဆွဲကြိုးဖြစ်၏။

သုံးကျပ်သားကို အကျစ်လုပ်ထားခြင်းဖြစ်သည်။

"မင်းယူလေ ရဲလေး"

"မယူဘူး…မင်း ကျွဲကြီးရဲ့မိသားစုကို ထောက်ပံ့မလို့မဟုတ်လား"

"အင်း"

"မင်းပဲသုံးပါ"

ရဲလေးက ဘဝတူချင်း ကိုယ်ချင်းစာစိတ်ရှိသည်။

"ငါသွားမယ် ရဲလေး"

"သွား"

သံကြိုးထွက်လာခဲ့မိသည်။

မဇင်ယော်ဆီပါ။

ကိုကျွဲကြီးက သူ့အသွားဆေးဖိုးအတွက် ငွေရှာတာတဲ့။



ငွေကမရ။

သေပြီလားမသိဘူး။

မသေရင်တောင် ထောင်နန်းကတော့ နှစ်အကြာကြီးစံရတော့မည်။

မတွေးရဲစရာပဲ။

မဇင်ယော်ဆီရောက်တော့ အသွားနေမကောင်းလို့ ပြုစုနေသည်။

"မဇင်ယော်"

"ဟင်…သံကြိုး"

"အသွားရော"

"အိပ်နေပြီ"

သူမ အပြင်ထွက်လာခဲ့သည်။

အသွားအတွက် သူမ စိတ်ထိခိုက်ကြေကွဲနေရ၏။

ငွေကမရှိ။

အစ်ကိုကျွဲကြီးပေးတာလည်း လောက်လောက်ငငမ ရှိပေ။

"အစ်ကိုရော"

"ခရီးထွက်သွားပြီ"

"ဟင်"

စောစောကလည်း အစ်ကိုက ဘာမှပြောမသွားပေ။

"မင်းအစ်ကို စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံခြားကိုထွက်သွားပြီး ငွေရှာမယ် မဇင်ယော်"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ငွေပေးနိုင်းလိုက်တယ်"

"ကျွန်မကို ဘာမှမပြောပါလား ကိုသံကြိုး…အင်းလေ

ကိုကြီးက ဒီလိုပဲ…အရင်ကလည်း သွားနေတာပဲ"

ကိုကြီးကတော့ မဇင်ယော်တို့နှင့် မကြာခဏခွဲပြီး ခရီး

နေကျပင်။

ငွေရှာနေရတာပဲ။

"မဇင်ယော်"

"ရှင်"

"မင်းအစ်ကိုကြီးက သူ့အဖွဲ့တောင့်တုန်း နိုင်ငံခြားကို

သွားတာတဲ့၊ မင်းတို့အတွက် ဒီထက်ပိုပြီး ချမ်းသာအောင်လို့

"မဇင်ယော်လည်း မချမ်းသာချင်ပါဘူး၊ ကိုကြီး ဒီ

အထိ ပင်ပင်ပန်းပန်း မလုပ်စေချင်တော့ပါဘူး"

ကိုကြီးက ကုမ္ပဏီမှာ ညစောင့်အဖြစ် အလုပ်လုပ်နေ

မဇင်ယော်ကတော့ မလုပ်စေချင်။

မကြာခဏ ခရီးအကြာကြီးထွက်နေရတတ်လေ့ရှိသည်

"ရော့လေ…မဇင်ယော်"

ဆွဲကြိုးရောင်းထားတဲ့ငွေတွေ ထုတ်ပေးလိုက်မိသည်။

"ဟင်…ငွေတွေကများလိုက်တာ၊ ကိုကြီးပေးတာမှ

လား"

"ဟုတ်ပါတယ်…သူ့သော့စ်တစ်ယောက်နဲ့တွေ့ပြီး

ငွေထုတ်ပေးလိုက်တာလေ"



မဇင်ယော် အံ့သြတုန်လှုပ်စွာဖြင့် ငွေကိုလက်မခံရဲအောင် ဖြစ်

နေသည်။

"လက်ခံပါ မဇင်ယော်၊ မင်းအဘွားကိုလည်း ဆေးကုပါတဲ့"

"ကိုကြီး ဒီလောက်တစ်ခါမှ မပေးဘူးဘူး၊ ရှင် ထောက်ပံ့တာ

ဆိုရင်တော့ ကျွန်မ လက်မခံဘူးနော်"

ယောကျ်ားတစ်ယောက်က သနားပြီး ထောက်ပံ့တာမျိုး မဇင်

ယော် လက်မခံနိုင်။

သူမအား ထိကပါးရိကပါးလုပ်ချင်တဲ့လူတွေများသည်။

"ကိုကြီး တစ်ခါထဲထွက်သွားတာတော့မဖြစ်နိုင်ဘူး"

"တကယ်ထွက်သွားတာပဲ၊ အောက်လမ်းကသွားတာလေ

မဇင်ယော်"

"ဟင်"

မဇင်ယော်ကတော့ အစ်ကိုကြီးအတွက် စိတ်မကောင်းဖြစ်နေ

မိသည်။

ငွေတွေကို လက်ခံလိုက်ရင်…

"နောက်လည်း မင်းတို့မြေးအဘွားကို ဆက်ပြီး စောင့်ရှောက်

ထားဖို့ ကိုကြီးကြီးက ငါ့ကို တာဝန်ဆက်ပေးထားတယ် မဇင်ယော်"

"ဟင်"

အစ်ကိုကြီးက ယုံကြည်စိတ်ချရလောက်၍ ကိုသံကြိုးအား

သူမတို့ထံ ခေါ်ဆောင်လာခြင်းသာဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ထံ မိတ်ဆွေအပေါင်းအသင်း ခေါ်ဆောင်လာလေ့မရှိပေ။

"မဇင်ယော်"

"ရှင်"

"ကိုယ့်ကိုယုံပါ"

"ဟုတ်ကဲ့"

"ကိုယ် လူကောင်းတစ်ယောက်ပါ၊ ညနေ အဘွားကို ဆေးခန်းပြရအောင်နော်"

"ဟုတ်ကဲ့"

အဘွားကို ဆေးခန်းပြရမှာပဲဖြစ်သည်။

မတတ်နိုင်။

သူမမှာ အလုပ်မှမရှိတာပဲ။

"အဘွားဆေးခန်း ကိုယ်ပါလိုက်ပို့မယ်နော်"

"ဟုတ်ကဲ့"

ညနေကျတော့...

ဆေးခန်းပို့ပေးသည်။

မေမေ့ကို တွေ့သွားသဖြင့် သူ ပုန်းလိုက်မိသည်။

ဆေးခန်း မေမေ ဘာလာလုပ်တာလဲ...

နေမကောင်းလို့လား...

မေမေနှင့် ကိုရာဇာ...

သူ့ကိုမတွေ့။



ရင်ထဲမှာ နာကျင်မှုဝေဒနာတွေ ခံစားနေရသည်။

မေမေ...

သားကို သတိမရတော့ဘူးလား။

နည်းနည်းတော့ ပိန်ကျသွားသည်ဟု သူ့စိတ်ထဲမှာ ထင်မိသည်။

"ကိုသံကြိုး"

"ဟင်"

"ရှင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ကိုယ်အသိတွေနဲ့ မတွေ့ချင်လို့ ပုန်းနေတာပါ"

မေမေသည် သူ့ကိုတောင် စွန့်ပစ်ထားလိုက်ပြီလား။

အဘွား ဆေးခန်းကိုပြသည်။

သူ...

ချမ်းသာကြွယ်ဝတဲ့ သူဌေးသားတစ်ယောက်ပါ။

"ပြန်မယ် မဇင်ယော်"

"ကိုသံကြိုးလည်း ကျွန်မတို့အတွက် အလုပ်တွေများနေပါပြီ"

"ကိစ္စမရှိပါဘူးဗျာ...ကိုယ်က ကိုကျွဲကြီးနဲ့ အရမ်းရင်းနှီးတယ်လေ...မဇင်ယော်တို့ကို ကူညီဖို့တာဝန်ရှိပါတယ်"

မဇင်ယော်ရဲ့ အားနာနေတဲ့အကြည့်လေးတွေကို ရင်ထဲမှာ အသိမ့်သိမ့် ခံစားသွားရတော့သည်။

သူ...

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး ပြန်ဖို့ပြင်ဆင်ရသည်။

ခမမေနှင့် တွေ့မှာကြောက်နေမိ၏။

ဆရာကြီးဘခင်ရဲ့ လောင်းရိပ်အောက်ကနေ လွတ်မြောက်ဖို့ ခလွှယ်။

ဆေးခန်းကနေ ပြန်လာခဲ့သည်။



## အခန်း (၁၂)

ခင်မြင့်မြတ်ကတော့ သားမရှိတော့မှ သားကိုပဲ တမ်းတနေမိသည်။

နှလုံးရောဂါက ပြန်ထချင်လာ၏။

ဆေးခန်းပြရသည်။

သား…

ဘယ်ရောက်နေပြီလဲ…

မေမေ့ကို တကယ်ပဲ မေ့ပစ်သွားပြီလား သားရယ်…

ရက်စက်လိုက်တာ…

သား ဘယ်လိုအခြေအနေမျိုး ရောက်နေပြီလဲမသိဘူး။

ခင်မြင့်မြတ်ကတော့ သားကိုကျိတ်ပြီး ရှာနေသည်။

လူသိထင်ရှားတော့ မရှာ ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိမိ ကိုယ်ကျင့်တရားပျက်ပြားမှုတွေအတွက် သား ထွက်သွားပြဿနာဖြစ်၍ ပတ်ဝန်းကျင်က သိမှာ ကြောက်နေမိသည်။

"မမမြင့်"

"ဟင်"

"သားမိုက်တစ်ယောက်အတွက် မင်း ဘာဖြစ်လို့ ဒီလောက်အထိ ခံစားနေရတာလဲ"

မောင်က မနှစ်သက်။

တစ်ယောက်ထဲ စီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ထားသည်။

ခင်မြင့်မြတ် မပြောသာ။

အရှက်သိက္ခာတွေအတွက် အခြေအနေကို စောင့်ကြည့်နေရသည်။

သားကို တွေ့ချင်၏။

မင်း ဘယ်မှာလဲ...

ရင်ထဲမှ စူးအောင့်လာရသည်။

ရောက်တဲ့နေရာမှာ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း သားကို ရှာဖွေနေမိတော့၏။

သားကို ရှာမိသည်။

ခင်မြင့်မြတ်အကြည့်တွေက လမ်းမပေါ်ရောက်နေ၏။

"မမ"

"ဟင်"



"ကားမောင်းပြီး ပြန်နှင့်တော့"

"မင်း ဘယ်မှာနေရစ်ခဲ့မှာလဲ ရာဇာ"

"ကလပ်တစ်ခုမှာပေါ့...အခုတလော အလုပ်တွေများနေလို့ စိတ်ပင်ပန်းလွန်းနေတယ်ဗျာ...ကျွန်တော် အနားယူမလို့"

"ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ"

"မမ နေမကောင်းဘူး၊ သားအတွက် စိတ်ထိခိုက်နေတယ်၊ မင်းက ကူပြီးမရှာပဲနဲ့ အနားယူတော့မလို့လား"

ရာဇာသည် အခုတလော ခြေလှမ်းတွေပျက်ချင်နေသည်။

စီးပွားရေးအကြောင်းရှာပြီး ဝန်ထမ်းကောင်မလေးတွေနှင့် ရှုပ်ချင်နေ၏။

မိမိကိုလည်း စီးပွားရေးလုပ်ငန်းတွေမှာ ဝင်ပါတာ ဟန့်တားနေသည်။

အိမ်ရှင်မက အိမ်မှာပဲနေတဲ့။

ခင်မြင့်မြတ်ဘဝတစ်လျှောက်လုံး အိမ်ရှင်မအလုပ် ဘယ်တော့မှမလုပ်ခဲ့။

စီးပွားရေးပဲ လုပ်ခဲ့သည်။

"မမ သားကိုလိုက်ရှာတဲ့အလုပ်မလုပ်နိုင်ဘူးဗျာ၊ သူ ကလေးမှမဟုတ်တာပဲ၊ ကျွန်တော် အလုပ်တွေလုပ်နေတယ်၊ စီးပွားရှာနေသယ်၊ တခြားအလုပ်တွေ မလုပ်နိုင်ဘူး"

"မင်း"

www.burmeseclassic.com

www.burmeseclassic.com



ရာဇာကို ဆက်မပြောချင်တော့။

မိမိ လက်ထပ်ထားပြီး လူသိရှင်ကြား ဖော်ထုတ်မှာပင် ကြောက်နေရသည်။

ရာဇာက ကားကိုရပ်ပြီး ကလပ်တစ်ခုမှဆင်းသွား၏။

ကားမယူသွား၍ မိမိထံ ပြန်မလာဘူးဆိုတဲ့သဘောပင်။

မထူးတော့…။

ကားကို မောင်းလာခဲ့သည်။

ရင်ထဲမှာ နာကျင်နေ၏။

ရာဇာ…

မင်း ဖောက်ပြန်နေပြီပဲ။

ခင်မြင့်မြတ် ဘာဆက်လုပ်ရမှန်းမသိအောင်ပင်ဖြစ်နေသည်။

ရာဇာက မာနထောင်လွှားနေ၏။

စီးပွားရေးလုပ်ငန်းတွေ သူက အပိုင်သိမ်းချင်နေသည်။

သားရှိမှဖြစ်မယ်…

မင်း ငယ်သေးတယ်…

မေမေ ဘယ်မှာရှာရမလဲ…

ရာဇာ့အား ကွာရှင်းပြတ်စဲဖို့ကအတွက် မိမိ စီစဉ်နေမိသည်။

"ခင်ဗျားကြီး ကျုပ်ကို ပထုတ်ဖို့ မကြိုးစားနဲ့နော်၊ ကျုပ်က ခင်ဗျားကြီး အရှက်သိက္ခာကျအောင် လုပ်ပစ်လိုက်မှာ"

ရာဇာက မိမိအား ခြိမ်းခြောက်ထားသဖြင့် ခက်နေသည်။

မလွှဝ်ရဲ။



သားကိုပဲ တွေ့ချင်တယ်။

ကြည့်စမ်း…

ရာဇာ ဘယ်လောက်အထိ ရက်စက်လဲဆိုတာ…

မိမိရင်ဘတ်အောင့်၍ နှလုံးရောဂါအထူးကုဆရာဝန်ကြီးနှင့် ခဲ့ ပြလာခဲ့ရတာကိုပင် မငဲ့ညှာမထောက်ထားပေ။

အပျော်ကျူးရန် ကျန်ခဲ့သည်။

မဖြစ်ဘူး…

သားကို တွေ့အောင်ရှာရမယ်။

ပတ်ဝန်းကျင်မှာ ရှိနေတဲ့ကားတွေ လူငယ်တွေကို ခင်မြင့်မြတ် မောင်းရင်း မျက်ခြေမပြတ် စောင့်ကြည့်နေမိသည်။

"ဟင်"

အရိပ်တစ်ခုသည် မိမိမျက်ဝန်းထဲသို့ ဖျတ်ခနဲပြေးဝင်လာ သည်။

သားအရိပ်…

အငှားကားတစ်စီးပေါ်မှာ သားနှင့် အဘွားကြီးတစ်ယောက် ကောင်မလေးတစ်ယောက် စီးသွားတာ တွေ့လိုက်ရသည်။

ခင်မြင့်မြတ် ကားအရှိန်ကို မြင့်လိုက်ပြီး ထိုအငှားကားနောက် တ်ခဲ့၏။

ရင်တွေ တဒိန်းဒိန်းတုန်နေသည်။

သား…

သားမှ သားအစစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိမိ အမြင်မမှားဘူး။

အပြာကားလေးက မီးပွိုင့်လွတ်သွားပြီး မိမိကားက နောက်ကျ ကျန်ရစ်ခဲ့တော့သည်။

မီးပွိုင့်လွတ်သည်နှင့် ကားကို အမြန်ဆုံးရှာနေမိ၏။

မတွေ့တော့။

ဟူး...

မောလိုက်တာ...

စိတ်မောစွာဖြင့် ကားကို အရှိန်လျှော့ပစ်လိုက်မိသည်။

သားပါ...

မင်း မေမေ့ကားကို မမြင်ဘူးလား။

သား အိမ်ထောင်များကျသွားပြီလားဟု တွေးမိနေသည်။

မေမေ့ဆီ ပြန်လာပါတော့။

မင်း ဘယ်လိုမိန်းကလေးနဲ့ လက်ထပ် လက်ထပ် မေမေ သဘောတူပါတယ်။

အတင့်တယ်အခမ်းနားဆုံး မင်္ဂလာဆောင်ပေးချင်တယ်။

သားဘဝ အခြေခိုင်အောင် မေမေ စီးပွားရေးလုပ်ငန်းတွေ လုပ်ပေးချင်တယ်။

အရင်က...

မိမိလုပ်ငန်းတွေထဲမှာ သားကို မပါဝင်စေခဲ့ပေ။

ရာဇာကြောင့်။



သားကို ဦးစားပေးလွန်းလျှင် ပျက်စီးသွားနိုင်သည်ဟု ပြောသည်။

မိမိကလည်း အချစ်စိတ်တွေမွန်ပြီး သားအပေါ် ဥပေက္ခာခဲ့မိ၏။

ရာဇာ့ကို ယုံပြီးပုံအပ်ခဲ့သည်။

မင်းသစ္စာမဲ့လွန်းတယ်ရာဇာ...

ငါ့အပေါ် ရက်စက်တယ်...

ဖောက်ပြန်တယ်။

ငွေကြေးအတွက် မင်းက ငါ့ကို ချစ်ဟန်ဆောင်ပြီး လက်ထပ်ခဲ့တာပဲ။

သားကို မတွေ့တော့။

မောလိုက်တာ။

မိမိကားတစ်စီးနှင့် တစ်မြို့လုံးပတ်ပြီး ရှာဖွေနေခဲ့မိသည်။

မတွေ့ပေ။

စိတ်မောစွာဖြင့် အိမ်သို့ပြန်လာခဲ့သည်။

"ခင်မြင့်မြတ်တစ်ယောက်ထဲ ဘာဖြစ်လို့ ပြန်လာရတာလဲ"

ဒေါ်စုစန်က စိတ်ပူစွာဖြင့် ပြောလိုက်သည်။

"မောင်ရာဇာရော"

"ကျန်ခဲ့ပြီ"

မိမိရင်ပတ်ကိုဖိပြီး မောပန်းစွာဖြင့် ထိုင်နေမိသည်။

"အချိုရည်သောက်မလား ခင်မြင့်မြတ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဆရာဝန်က ဘာပြောလဲဟင်"

"ဒေါ်စုစန်"

"ဟင်"

"ကျွန်မ သားကို လမ်းမှာတွေ့ခဲ့တယ် ဒေါ်စုစန်"

"ဟင်"

သားကိုလည်း ဒေါ်စုစန် အမြန်ဆုံး တွေ့ချင်နေမိသည်။

မလွယ်ဘူး…

ခင်မြင့်မြတ်ဘ၀က ရေစုန်မှာမျောတော့မည်ထင်သည်။

"ဘယ်မှာတွေ့တာလဲ၊ တစ်ခါထဲ ဘာဖြစ်လို့ မခေါ်

ခဲ့တာလဲ"

"ပျောက်သွားတယ်"

"ဟင်"

လမ်းတွေ့ခဲ့ကြောင်း ပြောပြမိသည်။

"ကောင်မလေးကတော့ ခပ်နွမ်းနွမ်းလေးပါပဲ"

"ခင်မြင့်မြတ် လူမှားတာဖြစ်မယ်ထင်တယ်၊ သားမှာ

လောက်ဆင်းရဲနွမ်းပါးတဲ့ချစ်သူ မရှိပါဘူး"

သား ရှိစဉ်က တော်တော်လေး ဘ၀င်မြင့်ခဲ့သည်။

မိန်းကလေးတွေနှင့် ပတ်သက်ဆက်ဆံခြင်းမရှိခဲ့

ချမ်းသာတဲ့ကောင်မချောချောလေးတွေ ဝိုင်းပိုင်းလည်

သားပဲ။



"ကျွန်မ သေသေချာချာ မြင်လိုက်တာပါ ဒေါ်စုစန်၊ သားမှ

သားအစစ်"

သားက သူ့ကို မတွေ့တာလည်းဖြစ်နိုင်သည်။

"ခင်မြင့်မြတ် အနားယူလိုက်ဦး"

"ဟုတ်"

အိပ်ရာထဲသို့ ဒေါ်စုစန်ပင် တွဲပြီး ခေါ်သွားပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

ကျွဲကြီး သေပြီတဲ့။

ပိုင်းအရိုက်ခံရ၍ပင်ဖြစ်သည်။

သက်ဆိုင်ရာတွေက လိုက်လံ၍ ဖမ်းဆီးနေပြီဖြစ်သည်။

ဘယ်သူမှ မထွက်ရဲကြတော့။

ဆရာကြီးဘဒင်က မကျေနပ်။

ဆူပွက်နေသည်။

“မင်းတို့ အသုံးမကျတဲ့ကောင်တွေပဲ၊ ဒီလောက် လေ့ကျင့်ထားတာတောင် မလွတ်ဘူး၊ မင်းတို့ကို ဒီအတိုင်း ကျွေးမထားနိုင်ဘူး၊ မင်းတို့အလုပ်လုပ်ရမယ်”

ဘဒင်ကိုယ်တိုင် အချိုကြီးလုပ်ဖို့ ကြံစည်တော့သည်။

“သံကြိုး”



“ဪ...” ပြီ ... ည်။

“မင်း ဘာမှအစွမ်းအစမပြရသေးပါလား”

“ဟုတ်တယ်...ကျွဲဝါသွားတိုင်း ပြောနေရသည်။ တစ်နေ့ နေ့တော့ အောင်မြင်မှာပါ ဆရာကြီး”

ဆရာကြီးရှေ့မှာ သူ့ လုပ်ငန်းတွေ စိတ်ဝင်စားတဲ့ [illegible] မြင်နိုင်ဟု ရဲလေးက ကျိတ်၍ သတိပေးထားသည်။

အမြဲတက်ကြွနေမှတဲ့။

မကျေနပ်သလိုသွားလုပ်လျှင် အဲဒီလူရဲ့ ကျန်းမာရေးအခြေအနေ က အညွှန့်ဖျင်းဆုံးဖြစ်သွားမည်တဲ့။

ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိတဲ့ဆရာကြီးဖြစ်သည်။

“ကြီးမားတဲ့အလုပ်ကြီးတစ်ခုရှိတယ်၊ လောလောဆယ်တော့ မပြောတော့ဘူး၊ မင်းတို့စွမ်းရည်ကို လေ့ကျင့်ထားကြရလိမ့်မယ်... ကြားလား”

“ဟုတ်ကဲ့”

သံကြိုးကတော့ စိတ်ပျက်မိသည်။

ဒီအလုပ်တွေ မလုပ်ချင်။

ရုန်းထွက်ချင်သည်။

အရင်က...

မေမေ...

အခု...

မခင်ယော်...

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွယ်စရာတွေ သူ့ထံတွင် ရှိပြီဖြစ်သည်။

မကောင်းမှုဒုစရိုက်တွေကို ဆက်ပြီလုပ်ချင်တဲ့ဆန္ဒ…

မေမေပြောသလို နိုင်ငံခြားကိုသွားပြီး အလုပ်လုပ်ချင်တယ်။

ဘာပဲဖြစ်ဖြစ်…

စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ပစ်ချင်တယ်။

မရေရာ မသေချာတဲ့ဘဝ…

ဥပဒေနှင့် မကင်းတဲ့အလုပ်တွေ။

ထစ်ခနဲဆို ခွေးပြေးဝက်ပြေး ပြေးနေရတဲ့ဘဝ။

အခုဆို…

ကျွဲကြီး သေပြီ။

လက်နက်နှင့် ခုခံတော့ ပိုဆိုးဝါးတဲ့အခြေအနေတစ်ခုကို ခံစားလိုက်ရ၏။

သေပြီ။

မဇင်ယော်နှင့် သွားတွေ့လျှင်…

"ငါ့ညီမလေးဘဝပျက်မှာကြောက်တယ်၊ ငါ့လိုဘဝတူကောင်မျိုးတွေနဲ့ လက်မထပ်စေရဘူး"

သံကြိုးက မဇင်ယော်အား အချစ်ကြီး ချစ်မြတ်နိုးနေမိသည်။

လက်ထပ်မယ်…

သူသာ မေမေဆီမှာနေလျှင်…

မေမေကို တွေ့လိုက်သည်။

မီးပွိုင့်မှာ မေမေနောက်မှလိုက်လာတာတွေ့လိုက်ရ၏။



တမင်ရှောင်ခဲ့တာ။

ကားသမားကို အမြန်မောင်းနှင်ခိုင်းပြီး ထွက်ပြေးလာခဲ့သည်။

"ကိုသံကြိုး ဘာဖြစ်နေတာလဲ"

မဇင်ယော်က မေးသည်။

မတွေ့ချင်ဘူး…

မပြောချင်ဘူး။

မေမေကလည်း သူ့ကို တွေ့သွားပုံရသည်။

ပထမ ကိုရာဇာနှင့်…

နောက်တော့…

မေမေတစ်ယောက်ထဲ တွေ့သည်။

"သံကြိုး"

"ဗျာ"

"မင်း အထူးလေ့လာသင်ယူထားပါ"

"ဟုတ်ကဲ့ ဆရာကြီး"

"နောက်တစ်ခါ မင်းအလှည့်ပဲ၊ တို့အဖွဲ့အတွက် မင်း ဘာမှအလုပ်ပေးရသေးဘူး"

"ကျွန်တော့်ကိုခိုင်းပါ"

"ကောင်းပြီ…မင်း အဆင်သင့်လုပ်ထား"

"ဟုတ်ကဲ့"

ဆရာဘခင် ဩဝါဒတွေခြွေပြီး ထွက်သွားတော့သည်။

"မောင်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မမ"

"မင်းနဲ့ မမ ညစာထွက်စားရအောင်"

"ဗျာ"

မမယွန်းနှင့် မသွားချင်။

ဒီမိန်းမကို သူ့စိတ်တွေထဲက မသဒီပဲဖြစ်နေသည်။

ဆရာဘဒင် ကြံရွယ်ထားတာတဲ့။

ယောကျ်ားတွေကြားထဲမှာနေရတဲ့ မိန်းမတစ်ယောက်ကို သံကြိုး စိတ်ထဲမှာ အထင်မကြီးမိပေ။

ရှုံ့ရှာနေမိသည်။

"မစားတော့ဘူး မမ"

"လာပါကွာ"

မမက ဖွတ်အတင်းပင်ဆွဲပြီး ခေါ်နေတော့သည်။

သူ…

လိုက်ခဲ့ရသည်။

မမက အရေးပေးတာ သံကြိုးအတွက် အကြီးမားဆုံးသုလဒ် ကြီးပဲတဲ့။

သေချင်တယ်။

ရှုံစရာကြီး။

မိန်းမချောလေးတစ်ယောက်ဖြစ်ပေမဲ့ သူ ထိုမိန်းမမျိုးကို မုန်း သက်။

ကားနှင့်ထွက်လာခဲ့သည်။



မမက ဦးဘဒင် အထူးအခွင့်အရေးပေးထားခြင်းခံရသော မိန်းမ တစ်ယောက်။

"မောင်လေး"

"ဗျာ"

"မင်း ဘာသောက်မလဲ"

"မမ"

"ပြော"

"ဆရာဘဒင် သိရင်…"

"မမ အခွင့်အရေးပဲ"

"ဗျာ"

"အဟက်"

မမက ရယ်သည်။

အလှပတွေ ပြင်ဆင်ထားပေမဲ့ သူကတော့ သရဲသဘက်မကြီး တစ်ယောက်ကဲ့သို့ ထင်မှတ်ထားမိ၏။

"မမက ယောကျ်ားတွေကြားထဲမှာနေရတော့ မင်း အထင် သေးမှာပဲ"

သူ…

အရက်မသောက်တတ်။

အနံ့ပင် မခံဖူးဘူး။

အကောင်းစားအရက်တွေကို မမက မှာနေသည်။

"နည်းနည်းတော့ သောက်ကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သံကြိုးကို မမ ချစ်မိနေသည်။

သူမဘဝကို သူမ စိတ်ပျက်နေတာကြာပြီဖြစ်၏။

လူယုတ်မာကြီး…

သူမအား လက်ထပ်ယူဖို့ ကြံစည်ကြိုးပမ်းနေတာ သိနေသည်။

လွတ်ဖို့မမြင်။

"သောက်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲကွ၊ မင်း ယောက်ျားပဲ…ဘာမှမဖြစ်ပါဘူး"

ယွန်းမမ ရှေ့မှာ ပိုပြီး အရက်မသောက်သင့်ဟု ထင်မိသည်။

သူက အရှိုင်း.

တစ်ကြိမ်တစ်ခါမျှပင် အရက်သောက်ဖူးခြင်းမရှိခဲ့ပေ။

မူးသွားလျှင်အခက်။

မမက သောက်သည်။

သူ ကြောက်လာမိ၏။

"မောင်လေး"

"ဗျာ"

"လောကကြီးက အရမ်းစိတ်ပျက်စရာကောင်းတယ်ကွာ၊ ဖြစ်ချင်တာလည်း မဖြစ်ရ…မဖြစ်ချင်တာတွေလည်း ဖြစ်လာရနဲ့"

မမ ဘာတွေပြောနေတာလဲ။

အကြည့်တွေက ကြောက်စရာကောင်းလာနေသည်ဟု ထင်သည်။



"စားလေ မောင်လေး"

သူ စားသည်။

မဝင်။

မဇင်ယော်ကို သတိရနေမိသည်။

ဒီညစာစားပွဲလေးကို မဇင်ယော်နှင့်ဆို ဘယ်လောက် ကောင်းမလဲ။

"မမ"

"ဟင်"

"ပြန်စို့"

"ဟင့်အင်း"

"သိပ်နောက်ကျနေရင်မကောင်းဘူး…ကျွန်တော်တို့အဝေးကြွက်လပ်ဘူးလေ မမ"

"မကြောက်ပါနဲ့ မောင်လေးရယ်…မမရော မင်းရော ဘာဖြစ်ဖြစ် ကျူးလွန်ခဲ့သေးတာမှ မဟုတ်တာ"

သူ…

ကြောက်လာမိသည်။

မမ…

ဘာတွေလဲ…

ရီဝေတဲ့မျက်ဝန်းတွေနှင့် သူ့အား စူးစိုက်စွာကြည့်နေသည်။

"ပြန်မယ်"

"နေဦး"

www.burmeseclassic.com

www.burmeseclassic.com



"မမတစ်ယောက်ထဲနေခဲ့ရင်လည်း နေခဲ့တော့၊ ကျွန်တော် ပြန်မယ်"

သူ...

ထသည်။

ဆက်ပြီး မနေချင်။

မမရဲ့ ထောင်ချောက်ထဲ သူ တိုးဝင်သွားမှာ ကြောက်မိသည်။

သူ...

ထွက်သွားတော့သည်။

ယွန်းမမတစ်ယောက်ထဲ မကျေမနပ်နှင့် ဒေါသဖြစ်ပြီး ကျန် ခဲ့၏။

"တောက်"

ဒေါသတွေက ဝုန်းခနဲပေါက်ကွဲသွားပြီး တောက်တစ်ချက် ကို ပြင်းထန်စွာ ခေါက်ပစ်လိုက်မိတော့သည်။

"ဝုန်း"

"ဒိုင်း"

"ဝုန်း"

"ဂျလွမ်း...လွမ်း"

တွေ့တဲ့ပစ္စည်းတွေကို ထုရိုက်လွှင့်ပစ်နေမိတော့သည်။

"မင်း...ယွန်းမမအကြောင်း ကောင်းကောင်းသိစေရမယ် သံကြိုး...မင်းကို ဘယ်တော့မှ အလွတ်မပေးဘူး မှတ်ထား"

"ဝုန်း"



"ဒိုင်း"

"ဝုန်း"

ယွန်းမမ မကျေမနပ်နှင့် ပေါက်ကွဲချင်တိုင်း ပေါက်ကွဲနေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မဇင်ယော်"

"ဟင်"

"အဘွားရော"

"အိပ်နေတယ်"

"နေမကောင်းဘူးလား"

"အင်း"

"ဆေးတွေတိုက်တယ်မဟုတ်လား"

"တိုက်တာပဲ…အဘွားကြည့်ရတာ သိပ်ပြီး နလံမထူတော့ဘူးထင်တယ်၊ အစ်ကိုကြီးက ဘာကြောင့်များ ခရီးအဝေးကြီးကို ထွက်သွားရတာလည်း မသိပါဘူး၊ အဘွားအခြေအနေက မလွယ်တော့ဘူး ကိုသံကြိုး"



သူ…

ဝေဟင်အာကာအဖြစ်ပဲ မဇင်ယော်ကို ပတ်သက်ဆက်ဆံရှိသည်။

သံကြိုးဘဝကို သူ ရွံမုန်းနေမိ၏။

ဘယ်လိုဖျောက်ဖျက်ရမလဲ။

အေးချမ်းနေတဲ့ ဘဝလေးတစ်ခုကို တည်ဆောက်ချိုသည်။

မဖြစ်နိုင်တော့ဘူးထင်တယ်။

သူ့ကို ဒုစရိုက်သမားတစ်ယောက်အဖြစ် သိသွားလျှင် မဇင်ယော် လက်ခံမှာမဟုတ်မှန်း သိနေသည်။

"အဘွားကို ဂရုစိုက်နော် မဇင်ယော်၊ ဆေးပိုးပါးခတွေ ဘာအမှုနဲ့…ကိုယ့်ကိုလည်း ကိုကျွဲကြီးလိုပဲ သဘောထားစေချင်တယ်"

"ဟုတ်ကဲ့"

သူမမျက်နှာလေးအား သူ ငေးစိုက်ကြည့်မိနေသည်။

အပြစ်ကင်းစင်တဲ့မျက်နှာလေး။

ဆင်းရဲပေမဲ့ ကိုယ်ကျင့်တရားကို စောင့်ထိန်းလွန်းတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သူ အထင်ကြီးလေးစားမိ၏။

မမနဲ့ တခြားစီပဲ။

ယောကျ်ားတွေနှင့် ရင်ဘောင်တန်းနေတဲ့ ယွန်းမမရဲ့ ကိုယ်ကျင့်တရားကို အထင်သေးမိသည်။

ရွံမုန်းခဲ့မိ၏။

ငေးငေးက ရှောင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မမ…

သူ့ကို ညှိုးတော့မယ်။

အလွတ်ပေးမှာမဟုတ်။

"ကိုသံကြိုး"

"ပြော"

"အစ်ကိုကြီးကို ဘယ်လိုဆက်သွယ်ရမလဲဟင်"

သူ…

စိတ်မကောင်းဖြစ်သွားသည်။

ကိုကျွဲကြီးက သေပြီ။

ဘယ်လိုဆက်သွယ်ရမလဲ။

မပြောချင်။

တစ်နေ့နေ့တော့…

ဖွင့်ပြောဖို့ စဉ်းစားထားမိသည်။

"ကျွန်မ အစ်ကိုကြီးကို အိပ်မက်မက်တယ်၊ သွေးသံရဲရဲနဲ့ အစ်ကိုကြီး နိုင်ငံခြားမှာ တစ်ခုခုများဖြစ်နေပြီလားပဲ"

မဖင်ယော် စိတ်ပူနေမိသည်။

အစ်ကိုကြီးက အောက်လမ်းကထွက်သွားတာဆိုတော့ ပိုပြီး စိတ်ပူရ၏။

"ကျွန်မ စိတ်ပူနေတယ်"

"မဖင်ယော်"

"ရှင်"



"မင်းကို အဖြစ်မှန်တစ်ခုဖွင့်ပြောမယ်၊ မင်း စိတ်တွေကိုထိန်းချုပ်ထားဖို့တော့ လိုအပ်မယ်ထင်တယ်"

"ပြောပါ ကိုသံကြိုး၊ အစ်ကိုကြီး ဘာဖြစ်လို့လဲဟင်"

မဖင်ယော် ထိတ်ထိတ်ပျာပျာဖြစ်နေ၍ ပြောရမှာခက်နေသည်။

မပြောချင်တော့။

နောက်မှပဲ အေးအေးဆေးဆေးပြောဖို့ ဆုံးဖြတ်ထားပစ်လိုက်သည်။

"ကိုကျွဲကြီး ဘာမှမဖြစ်ပါဘူး၊ မင်းအသွားအတွက်ပဲ ပူတာပါ၊ ကိုကျွဲကြီးနဲ့ ဆက်သွယ်ဖို့ မဖြစ်နိုင်သေးဘူးလေ"

"အစ်ကိုကြီး တစ်ခုခုဖြစ်မှာ ကျွန်မ အရမ်းစိတ်ပူတာပဲ… အသွား နေကောင်းသွားရင်တော့ ကျွန်မ အလုပ်တစ်ခုခုလုပ်ချင်တယ် ကိုသံကြိုး"

"အလုပ်က အရေးမကြီးသေးပါဘူး၊ မင်း အသွားကိုပဲ ဂရုစိုက်ပါ"

သူ…

မဖင်ယော်ကို ချစ်မိနေသည်။

ဖွင့်ပြောဖို့ ခက်နေ၏။

ကိုကျွဲကြီးက ပို့လိုက်တာ[illegible] တွေကို ပို့ပေးနေရသည်။

ပစ္စည်းတွေရောင်းပေး[illegible]

သူ့မေမေဆင်ထားတဲ့ လက်ဝတ်ရတနာပစ္စည်းတွေ[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်လုပ်ရမလဲ။

ဒုစရိုက်မှုမကင်းတဲ့အလုပ်တွေကိုလည်း လုံးဝမလုပ်လို။

မဇင်ယော်အား ကိုကျွဲကြီးက ဒုစရိုက်သမားတွေနှင့် မပတ်သက်စေလိုပေ။

သူ...

အတတ်နိုင်ဆုံး ရှောင်နေမိသည်။

ရှောင်လွှဲလို့တော့ရမှာမဟုတ်။

ရဲလေးက ပြောသည်။

မမက မင်းကိုမဲပြီတဲ့။

ဘယ်ယောက်ျားတစ်ယောက်ကိုမှ ဒီလိုအခွင့်အရေးမျိုးပေးတာ မဟုတ်ဘူးတဲ့။

ရှက်ရမ်းရမ်းပြီး မင်းတော့ နာပြီသာမှတ်တော့တဲ့။

မတတ်နိုင်ဘူး...

သူကတော့ ယွန်းမမကို ရွံနေမိသည်။

မပတ်သက်ချင်ပေ။

"အဟွတ်...ဟွတ်"

"အဟွတ်"

အဘွား ချောင်းဆိုးသံက အဆက်မပြတ်ထွက်ပေါ်လာ၍ အခန်းထဲ ပြေးဝင်သွားကြသည်။

"အဘွား"

အဘွား ထလိုက်သည်။



"မောင်သံကြိုး"

"ဗျာ အဘွား"

"အဘွားမြေးရော"

"ဟို...ခရီးထွက်သွားတယ် အဘွား၊ အဘွားနဲ့ မဇင်ယော်ကို စောင့်ရှောက်ဖို့ ကျွန်တော့်ကို တာဝန်ပေးသွားပါတယ်"

"ဒီကောင်လေး ခရီးခဏခဏထွက်နေတယ်၊ အဘွား နေမကောင်းတဲ့အချိန်မှာတော့ မသွားသင့်ပါဘူး"

အဘွား ကျန်းမာရေးက သိပ်ပြီးမကောင်းတော့ပေ။

တစ်ခါတစ်ခါ...

အသက်ရှူရပ်မတတ်မောသည်။

မြေးမကို စိတ်မချဘူး...

"မြေးမလေးကို စောင့်ရှောက်ဖို့ လိုအပ်တယ်"

အဘွား စိတ်ပူနေမိသည်။

အသက်ကြီးလာပြီ။

လူ့လောကကြီးထဲမှာ အဘွားနေရဖို့ မလွယ်တော့ဘူး။

"မင်းကိုလည်း အားနာပါတယ်ကွယ်...မြေးက ဆက်သွယ်ရင် အဘွား အသက်မီချင်ရင် အမြန်လာလို့ ပြောလိုက်ပါ"

သူ...

စိတ်ထိခိုက်ကြေကွဲစွာဖြင့် အဘွားအား ကြည့်လိုက်မိသည်။

အဘွားမြေးက ဆုံးပြီ။

ထောင်ထဲမှာပင် သကြိုးပြတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟွတ်…ဟွတ်"

"အဟွတ်"

"အဘွား သတိထားပါ၊ မဖင်ယော် အဘွားကို ဆေးတိုက်ပါဦး"

"ဟုတ်တယ်…အဘွား ဆေးသောက်ရဦးမယ်နော်"

မဖင်ယော့်မျက်နှာလေးက ညှိုးရော်ရော်လေးဖြစ်နေသည်။

အဘွား အခြေအနေမကောင်းမှန်း မိမိလည်းသိနေ၏။

ဆေးတိုက်ပြီး အဘွားမှိန်းသွားသဖြင့် အပြန်ပြန်ထွက်သွားသည်။

"မဖင်ယော်"

"ဟင်"

မဖင်ယော့်မျက်နှာလေးကို သူ ကြင်နာစွာကြည့်မိသည်။

"မင်း စိတ်မကောင်းမဖြစ်ပါနဲ့၊ ကိုယ်တစ်ယောက်လုံး ရှိပါသေးတယ်ကွာ"

နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ရီလာအောင် မဖင်ယော် ဝမ်းနည်းကြေကွဲနေသည်။

သူ…

နှစ်သိမ့်ပေးချင်မိသည်။

မဖင်ယော့်မျက်ဝန်းလေးတွေကို စူးစိုက်စွာကြည့်မိနေ၏။

"မဖင်ယော်"

"ဟင်"



"ကိုယ် မင်းကိုချစ်တယ်၊ လက်ထပ်ပါရစေ"

"ဟင်"

သူမ ရှက်ရွံ့စွာဖြင့် မျက်နှာလေးငုံ့ကျသွားတော့သည်။

"မဖင်ယော်"

မဖင်ယော် မလှုပ်။

ကိုသံကြိုး…

သူ ဘယ်သူလဲ…

ဘာလုပ်လဲ…

သူမ ဘာမှမသိခဲ့ပေ။

အစ်ကိုကြီးရဲ့ မိတ်ဆွေတစ်ယောက်အဖြစ်ပဲ သိနေသည်။

"ကိုယ့်ကို ယုံပါ၊ ကိုယ် မိကောင်းဖခင်သားသမီးတစ်ယောက်ပါ"

ကိုသံကြိုးက လူရည်သန့်သည်။

မဖင်ယော်ဘဝမှာ ယောကျ်ားလေးတွေနှင့် ပတ်သက်ဆက်ဆံခြင်းမရှိခဲ့။

ရင်တွေတုန်ရီနေသည်။

စိတ်တွေမငြိမ်သက်။

"မင်း ကိုယ့်တောင်းဆိုမှုတွေကို လက်ခံပါ"

"ဟင်"

"မဖင်ယော့်ကို ချစ်တယ်"

မဖင်ယော့်လက်လေးကို သူ ဆုပ်ကိုင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက မရှန်းပေ။

"မဖင်ယော်"

"ရှင်"

"ကိုယ်တို့လက်ထပ်ကြမယ်နော်"

"ကျွန်မ…ကျွန်မ"

"ကိုကျွဲကြီးကလည်း မင်းနဲ့ နီးစပ်စေချင်လို့ ကိုယ့်ကို ခေါ်လာတာပါပဲ"

အစ်ကိုကြီး သူ့အား ခေါ်လာတာတော့ အမှန်ပဲဖြစ်သည်။

တခြား…

သူငယ်ချင်းမိတ်ဆွေတွေကို ခေါ်ဆောင်လာလေ့မရှိပေ။

ကိုသံကြိုးနှင့် နီးစပ်စေချင်တာလား။

မဖင်ယော်ကလည်း အားကိုးရာမဲ့နေသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

အစ်ကိုကြီးက နိုင်ငံခြားမှာ အကြာကြီးနေမှာတဲ့။

"ကိုသံကြိုး"

"ဘာလဲ မဖင်ယော်"

"အစ်ကိုကြီး ပြန်လာမှပဲ လက်ထပ်ဖို့ကိစ္စ စဉ်းစားပါရစေနော်"

"အင်း"

သူလည်း လောလောဆယ် အနာဂတ်က မသေချာသေးပေ။ ဆရာဘခင်ရဲ့ စက်ကွင်းမှ လွတ်ကင်းဖို့ မဖြစ်နိုင်သေး။



မမက ရှိသေးသည်။

"မဖင်ယော် ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

"အို…ဟို…ဟို"

မဖင်ယော် ဘာပြောရမှန်းမသိ ဖြစ်နေစဉ် မဖင်ယော့်ကိုယ်လုံးအား ဆတ်ကနဲ ပွေ့ယူဖက်ထားလိုက်မိသည်။

"ဟို…ရှင်…ရှင်"

"ချစ်တယ် မဖင်ယော်…ကိုယ့်အချစ်ဦးပါပဲ"

"ကိုယ် ယုံအောင် ဘယ်လိုသက်သေပြရမလဲ မဖင်ယော် င်"

မဖင်ယော် ကိုယ်လုံးလေးအား ဖက်ထားပြီး မျက်နှာအနှံ့ မိသည်။

ရင်တွေခုန်နေ၏။

မမနဲ့ တခြားစီပဲ။

ဆင်းရဲနွမ်းပါးတဲ့မိန်းကလေးတစ်ယောက်ဖြစ်ပေမဲ့ ကိုယ်ကျင့် းမပျက်ပြား၍ သူ အထင်ကြီးမိသည်။

ချစ်မြတ်နိုးမိ၏။

"မဖင်ယော်"

"ရှင်"

"ကိုယ့်ကိုချစ်လား"

"ကျွန်မ ဘယ်လိုဖြေရမလဲဟင်"

သူမ ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဖင်ယော့်လက်လေးကို တင်းကျပ်စွာဆုပ်ကိုင်ထားမိ၏.

"မင်း ဘာမှအားမငယ်နဲ့နော်၊ ကိုယ်အားလုံးတာဝန်ယူပါ တယ်"

ကိုကျွဲကြီးအကြောင်း ပွင့်လင်းစွာ ပြောဖို့ ဆုံးဖြတ်ထားမိသည်။

"မင်းအစ်ကိုနဲ့ပတ်သက်ပြီး ကိုယ်ပြောစရာရှိတယ် မဖင်ယော်"

"ဘာပြောမလို့လဲ ကိုသံကြိုး…ပြောပါ…မဖင်ယော့်ကို ဘာမှ အားမနာပါနဲ့နော်…ပြောပါ"

"ကိုကျွဲကြီးက ဆုံးသွားပြီ"

"ဘာရှင့်"

"မင်းအစ်ကို ကိုကျွဲကြီး ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွား တယ်"

"ဟင်"

မဖင်ယော်ကိုယ်လေး သူ့ရင်ခွင်ထဲသို့ ပျော့ခွေကျသွားသည်။

မပြော၍မဖြစ်တော့။

လိမ်မထားချင်ပေ။

"သူ့အလုပ်ရှင်ကပဲ သင်္ဂြိုဟ်ပေးလိုက်တယ်၊ မင်းတို့ကို ဒုက္ခ မပေးချင်လို့"

ကိုသံကြိုးလက်မောင်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထား သည်။

အစ်ကိုကြီး ဆုံးပြီ။

အဘွားကို ပြော၍မဖြစ်ပေ။



သူမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာရ သည်။

"အဟင့်…ဟင့်"

အဘွား မသိအောင် ကျိတ်ပြီး ငိုရှိုက်နေမိသည်။

သူမ အားကိုးရာ ကိုသံကြိုးပဲ ရှိတော့၏။

"ကိုယ်…မဖင်ယော်ကို စောင့်ရှောက်မှာပါ"

"ကိုယ်ရှယ်"

သေဆုံးသွားတဲ့ အစ်ကိုကြီးအတွက် စိတ်မကောင်းဖြစ်ရသည်။

အစ်ကိုကြီး ဘာလုပ်မှန်းမသိဘဲ သူမတို့ မြေးအဘွားကို ထောက်ပံ့ခဲ့၏။

တစ်ခါတစ်ရံ…

ခရီးထွက်သွားတတ်သည်။

အစ်ကိုကြီးသည် လျှို့ဝှက်စွာနေတတ်သောလူတစ်ယောက် ဖြစ်၏။

"ကိုယ်"

"ပြော"

"ရှင်ရော ဘာအလုပ်တွေလုပ်လဲဟင်"

"အရောင်းအဝယ်လေ"

"အစ်ကိုကြီး အလုပ်ရှင်က မဖင်ယော်တို့ကို ဘာဖြစ်လို့ လာပြီးမတွေ့ရတာလဲဟင်"

"ကိုယ်တို့အလုပ်ရှင်က နိုင်ငံခြားမှာလေ…မဖင်ယော်တို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုယ်ကတစ်ဆင့် ထောက်ပံ့ကြေးပေးထားတာပဲ”

“ကိုယ်ရော…အစ်ကိုကြီးလိုပဲ ခရီး မကြာခဏထွက်ရမလား ဟင်”

“အင်း”

ပြောမရ။

သူ့အလုပ်က ထောင့်နှုတ်ခမ်းနင်းနေရတဲ့အလုပ်တွေ။

မလုပ်ချင်၍မရ။

လုပ်ရမည်။

ဦးဘဒင် ထောင်ချောက်ထဲ တိုးဝင်မိတဲ့ လူတစ်ယောက် အတွက် နစ်သထက်နစ်ဖို့ပဲ ရှိနေတော့သည်။

လုပ်ခိုင်းမှာပဲ။

အခု…

ကြီးမားတဲ့အကြံအစည်ကြီးတစ်ခုကို ကြံစည်နေပြီတဲ့။

ညွှန်ကြားချက်က ဘာမှမလာသေး။

မေမေ့ဆီပြန်ပြီး ဝန်ချတောင်းပန်လိုက်ရင် ကောင်းမလား။

မဖြစ်သေးပါဘူး။

ကိုရာဇာနှင့် ရင်မဆိုင်လို။

မေမေကလည်း မဇင်ယော်လို အဆင့်အတန်းမျိုးကလာတဲ့ ကောင်မလေးတစ်ယောက်နှင့် သဘောတူမှာမဟုတ်ပေ။

“ကိုယ်”

“ဟင်”



“ဘာတွေစဉ်းစားနေတာလဲဟင်”

“မဇင်ယော်နဲ့ လက်ထပ်ဖို့ ကိုယ့်အနာဂတ်အတွက် ဘာတွေ လုပ်ဆောင်ထားသင့်တယ်ဆိုတာတွေ စဉ်းစားနေတာပါ”

“ကိုယ့်ကို ဘယ်ကမှန်းမသိ ဘာလုပ်မှန်းမသိ၊ မိဘတွေက ဘာမှန်းမသိ…ကျွန်မ ချစ်မိသွားတာနော်”

“မင်း စိတ်မပူပါနဲ့၊ ကိုယ် ကြိုးစားမှာပါ၊ မင်းအတွက် ကိုယ် တာဝန်ယူမှာပါ”

“ကိုယ်ရယ်”

မဇင်ယော့်ဘဝတွင် မှီခိုအားထားရာကင်းမဲ့နေသည်။

အသွားကလည်း လူ့လောကကြီးမှာ နေရဖို့ အချိန်မရှိတော့။

ကျန်းမာရေးအတော်လေး ချို့တဲ့နေရသည်။

အစ်ကိုက ဆုံးပြီတဲ့။

ချစ်သူတစ်ယောက်ပဲ အားကိုးတွယ်တာရာရှိတော့မည်ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ခင်မြင့်မြတ် ဘဝအတွက် နာကြည်းခါးသီးစရာတွေပဲ ဖြစ်နေရသည်။

မတ်ဝန်းကျင်မှာ အရှက်သိက္ခာမဲ့ရမည့်အခြေအနေတွေပဲ ဖြစ်နေရှ၏။

သားကိုလည်း ရှာမတွေ့။

ပေါ်တင်လည်း လူသိရှင်ကြား မရှာရဲတဲ့ဘဝ ဖြစ်နေရသည်။

မောင်နှင့် လက်ထပ်ထားတာလည်း မဖော်ထုတ်ရဲတော့ဘဲ ဖြစ်နေမိ၏။

မိမိနှလုံး ပြန်ထနေသည်။

အလုပ်လည်းမသွားရ။

အိမ်ထဲမှာပဲ ဖြစ်နေသည်။

သားကိုပဲ တစ်နေ့တစ်နေ့ တစ်မြို့လုံးပတ်ပြီး ရှာနေမိ၏။



"မမ"

"ဟင်"

ရာဇာရယ်ပါ။

အိမ်ပင် ပြန်မလာသော ရာဇာသည် သူ့အတွင်းရေးမှူးမနှင့် ရှုပ်နေသည်ဟု သတင်းတွေကြားနေရသည်။

မိမိ ဘာမှမပြောလို။

ရာဇာနှင့် ကွာရှင်းပြတ်ဆဲဖို့ပဲ မိမိ ကြိုးစားချင်နေမိသည်။

"မမ နေကောင်းလား"

"အင်း"

"အေးစက်လှချည်လား"

"ရာဇာ"

"ဟ…မောင်လို့တောင်မခေါ်တော့ဘူးလားဗျာ"

မမဆီက ဘာမှ အထုပ်အထည်နှင့် မရသေး၍ ရာဇာကင်းရှင်းလို့မဖြစ်သေး။

ရအောင်ယူရဦးမည်။

ခင်မြင့်မြတ်က မိန်းမလယ်မ။

လုပ်ငန်းတွေသာ ဦးဆောင်လုပ်နိုင်းပြီး နာမည်လွှဲမပေးသေးပေ။

ခင်မြင့်မြတ် ဘယ်လောက်ချမ်းသာတယ်ဆိုတာ မိမိ သိနေသည်။

ဘဏ်မှာ ငွေတွေ၊ ရွှေတုံးတွေ အပ်ထားတာရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မမ အပြတ်သားဆုံးစကားပြောချင်တယ်"

"ပြောပါ မမရာ…မောင့်ကို ဘာပြောချင်တာလဲ ပြော"

"မမကို ကွာရှင်းပေးပါ"

"မဖြစ်နိုင်တာပဲ"

"မင်း ငွေကြေးကြောင့် ငါ့ကို လက်ထပ်တယ်ဆိုတာ သိနေပြီ၊ မင်း အတွင်းရေးမှူးမလေး မေနဲ့လည်း ဖောက်ပြန်နေတာ မဟုတ်လား"

"မဟုတ်တာပဲ"

"ဘာကွ"

"မမ စွပ်စွဲတာပါ၊ မောင်က မမရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဧဇာမှာနဲ့ လုပ်ပေးနေတာပါ"

မမ လက်တွေကို ဆုပ်ကိုင်လိုက်စဉ် ဆတ်ခနဲ ရုန်းကန်ပစ်သည်။

အခြေအနေမကောင်းတော့။

ရာဇာ အတွက်မှားသွားသည်။

မိမိအား ခင်မြင့်မြတ် အရှုးအမူး စွဲလမ်းမယ်ထင်နေတာ။

"မင်းကို မင်းအခုလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းပေးမယ် ရာဇာ မမကို ကွာရှင်းပေးပါ"

"မမ…လွှလယ်မကျနဲ့နော်၊ ရာဇာက အခု လူမသိအောင် လျှို့ဝှက်ထားပေးထားတာ၊ ပတ်ဝန်းကျင်ကို ကြေညာမှဖြစ်တော့မယ်ထင်တယ်"



"ဟင်…မင်း…မင်း"

ခင်မြင့်မြတ်အား ရာဇာ အပြတ်ခြိမ်းခြောက်ပစ်လိုက်မိသည်။

ဒီမိန်းမ နာမည်တစ်လုံးနှင့် နေသောလုပ်ငန်းရှင်ကြီး။

အရှက်သိက္ခာကျမှာ ကြောက်သူ။

စီးပွားရေးကလွဲပြီး ဘာကိုမှ စိတ်ဝင်စားတတ်သူလည်း မဟုတ်။

ရာဇာနဲ့တွေ့မှ…

ရှုပါဖြောင့်သော ရာဇာရဲ့အပြောအဆိုတွေ ကြားထဲမှာနစ်သွားတာ။

အသိဝင်နေပုံပဲ။

သား အိမ်က ထွက်ပြေးသွားတာရော သူနှင့်လက်ထပ်တာရော ရှက်နေသည်။

လူသိရှင်ကြားမထုတ်ဖော်ရဲ။

ခင်မြင့်မြတ်မှာ နှလုံးရောဂါရှိနေသည်။

သေရင်…

ရာဇာတစ်ယောက်ထဲရပြီ။

ဗိုကောင်လေး ဝေဟင်အာကာတစ်ယောက်လည်း ဘယ်ရောက်နေမှန်းပင်မသိ။

"မောင့်ကို ကွာရှင်းဖြတ်ဆဲဖို့ မစဉ်းစားပါနဲ့ မေ၊ မောင့်အကြောင်း မမသိတယ်မဟုတ်လား"

မမကတော့ သူ့အား စိမ်းကားစွာကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိမ်းမနေစမ်းပါနဲ့ မမရာ၊ မောင်က ဒီလောက်အထိ မရက်စက်ပါဘူး၊ မောင့်အပေါ် ကောင်းရင် မောင့်ဘက်ကလည်း လျှို့ဝှက်စရာရှိတာတွေ လျှို့ဝှက်ထားပေးပါ့မယ်"

"မင်း…ငါ့ကို လာပြီး ခြိမ်းခြောက်နေတာလား ရာဇာ"

"အဟက်"

"မင်း"

"ဘာဖြစ်လို့ ဒီလောက်အထိ စိမ်းကားနေရတာလဲ မမရာ။ ရာဇာ့ကို လျော့မတွက်ထားနဲ့နော်"

ရာဇာနှင့် ယှဉ်ပြိုင်ပြီးပြောမနေချင်တော့သဖြင့် ခင်မြင့်မြတ် အခန်းထဲမှ ထွက်သွားဖို့ပြင်သည်။

"မမ"

"ဘာလဲ"

"ကျုပ် ငွေလိုလို့"

"ဘာ"

"ငွေ"

"မင်း"

"သိန်းငါးဆယ်ထဲပါ"

"မပေးနိုင်ဘူး"

"အရမ်းမပြောနဲ့နော်…ခင်ဗျားရဲ့ အရှက်သိက္ခာတွေ ကျမသွားအောင် ကျုပ်က ထိန်းပေးထားရတာ"

"မင်း ဘာထိန်းတာလဲ"



"ပတ်ဝန်းကျင်မှာ မမနဲ့ ဘာမှမဆိုင်သလိုလုပ်ပြတာပါ မမရာ၊ တခြားကောင်မလေးနဲ့ တွဲပြတာလေ"

"အပိုတွေ"

မိမိအပေါ် သစ္စာမဲ့တဲ့လုပ်ရပ်တွေကို ရာဇာက ပေါ်တင်လုပ်ဆောင်နေခြင်းသာ ဖြစ်နေသည်။

သစ္စာမဲ့တာပဲ…

"မမ ပေးမှာလား"

"မပေးဘူး…မင်းလုပ်ငန်းမှာ ငွေကြေးလည်ပတ်နေတာအားလုံး မင်းတစ်ယောက်ထဲ သုံးနေတာပဲ"

"ကျုပ်နာမည်နဲ့မှမဟုတ်တာပဲ…ခင်ဗျားတာ ကျုပ် သေုံးနိုင်အောင် လုပ်ထားတာ…ကျုပ်နာမည်နဲ့ လွှဲပေးပါ"

"မင်း…ငါ့ကို ကွာရှင်းပေးမလား ရာဇာ"

"မပေးဘူး"

"ဘာ"

"လူသိရှင်ကြား ထုတ်ဖော်ဖို့တောင် ကျုပ်က စီစဉ်ထားတာ"

"ဘာကွ"

"မမ…ခင်ဗျား မမိုက်မဲချင်ပါနဲ့၊ ခင်ဗျားအတွက် ငွေသိန်းငါးဆယ်လောက်က ဘာမှမဟုတ်ဘူးနော်"

"တောက်"

ခင်မြင့်မြတ် ဒေါသဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇာရဲ့ ထောင်ချောက်ထဲမှာ တိုးဝင်မိသွားတာ အမှားကြီး မှားသွား၏။

သားကိုလည်း ဆုံးရှုံးရတော့မလား။

ခင်မြင့်မြတ် ဒီလောက်အထိ ကိုယ်ကျင့်တရား ပျက်ပြားဖို့ မသင့်ပေ။

သားနှင့် ပတ်သက်ပြီး မိမိ အမှားတွေကိုပဲ စဉ်းစားနေရသည်။

"မမ"

"ဗျာ"

"ပေးမှာလား"

"မင်းလုပ်ငန်းတွေကရတဲ့ငွေတွေ..."

"ကျုပ်ကို မပေးကြဘူး...မယုံတာလေ...ကျုပ်က ခင်ဗျား ဒရိုင်ဘာပဲဟာ"

သူ့ကို ဒရိုင်ဘာအဖြစ်ပဲ မမ အသိုင်းအဝိုင်းက ယူဆထားသည်။

ငွေကြေးအရ မယုံ။

လုပ်ငန်းရှင်ကြီးတွေက ရာဇာနှင့် မဆက်ဆံလိုကြ။

ဒရိုင်ဘာအဆင့်ပဲ။

"ကျုပ်က ခင်ဗျားလင်ပဲ...အခုတော့ လှို့ဝှက်ထားပြီး ဒရိုင်ဘာအဆင့်ပဲ နေရတာလေ...ကောင်းလား...တကယ်တော့ ကျုပ်က ဘာကောင်လဲ"

ရာဇာ မကျေနပ်။



ခင်မြင့်မြတ်လို မိန်းမကြီးတစ်ယောက်နဲ့ လက်ထပ်ထားရပြီး အကျိုးအမြတ်မရှိလို့တော့ မဖြစ်ဘူး။

"အပိုတွေပြောမနေပါနဲ့ ရာဇာ...မင်း အပြတ်စဉ်းစားထားပါ...မင်း ဘယ်လောက်ရရင် ကွာရှင်းပြတ်ဆဲပေးမလဲ"

"လောလောဆယ် ကျုပ် သိန်းငါးဆယ်ယူချင်တယ်၊ ကျုပ် ဘယ်လောက်အထိ ရသင့်တယ်ဆိုတာ ခင်ဗျား သိပါတယ်နော်"

ခင်မြင့်မြတ် ပေးလိုက်ရသည်။

မတတ်နိုင်တော့။

"ဒီလိုလိမ္မာမှပေါ့"

"မင်းထွက်သွားစမ်း"

ရာဇာ ထွက်သွားသည်။

ကားကို မောင်းထွက်သွားသံ ကြားလိုက်ရ၏။

မောလိုက်တာ...

"ခင်မြင့်မြတ်"

ဒေါ်စုစန် ပြေးဝင်လာပြီး ရေအေးအေးလေးတစ်ခွက်တိုက်သည်။

"ဒီကောင် ယုတ်မာတယ်"

"ခင်မြင့်မြတ် ဒုက္ခလည်းမသေးဘူး"

"ကျွန်မ ဝဋ်လည်တာ"

"ဒေါ်စုစန်လည်း ဘာမှမတတ်နိုင်ဘူးကွယ် သားကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းရှာနေလို့မဖြစ်ဘူးထင်တယ်၊ ဓါတ်ပုံတွေဘာတွေထည့်ပြီး ကြော်ငြာမှဖြစ်မယ်ထင်တယ်"

"ဟင်"

ခင်မြင့်မြတ် လန့်သည်။

သားတစ်ယောက်လုံးကိုတောင် မထိန်းသိမ်းနိုင်တဲ့ မိန်းမတစ်ယောက် နာမည်ပျက်မှာ စိုးမိ၏။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲကွယ်"

"ကျွန်မ ဂုဏ်သိက္ခာတွေ…"

"ဒါတွေ အရေးမကြီးတော့ဘူး ခင်မြင့်မြတ်၊ သားအတွက်ပဲ အဓိက အရေးကြီးပါတယ်"

သားကို မိမိ အလွန်အမင်း တွေ့ချင်နေတာတော့အမှန်ပဲဖြစ်သည်။

မိမိအများတွေအတွက် နောင်တတွေ ကြီးစွာရနေခဲ့ပြီဖြစ်သည်။

ဒါပေမဲ့…

အရှက်အတွက်…

နာမည်ဂုဏ်သတင်းကြောင့်…

"ခင်မြင့်မြတ်"

"ရှင်"

"ညည်း ရာဇာနဲ့ တွဲနေတုန်းက အရှက်သိက္ခာဆိုတာကို ထည့်ပြီး မစဉ်းစားဘူးလား"



ဟုတ်ပါရဲ့။

မစဉ်းစားမိခဲ့ဘူး။

ရာဇာနှင့် ကျွန်မ တွဲစဉ်က မှန်တူပြီး ဘာမှမသိခဲ့။

အရာအားလုံး မေ့ပျောက်နေခဲ့သည်။

အရှက်သိက္ခာတွေ မဲ့ခဲ့မိ၏။

အခုမှ…

ခင်မြင့်မြတ် ဘာဖြစ်တာလဲ…

သားကိုပင် ဆုပ်ကိုင်ရိုက်နှက်မိခဲ့သည့်အဖြစ်တွေ…

ရာဇာ…

သစ္စာမရှိဘူး…

ဖောက်ပြန်တယ်…

ကောင်မလေးတွေနှင့် သူ့ကွယ်ရာမှာ တွဲနေသည်။

ဒရိုင်ဘာ ရာဇာမဟုတ်တော့…

လုပ်ငန်းရှင်ကြီးရာဇာ။

"သားအတွက် စဉ်းစားပါ၊ တော်ကြာ ခင်မြင့်မြတ် အပေါ် အထင်လွဲပြီး နာကြည်းနေတယ်၊ မေမေက ယောကျ်ားကြောက်ရလို့ သူ့ကို မရှာဘူးထင်နေမယ်"

သား အထင်လွဲနေမလား…

ဒါကြောင့်…

မေမေ့ဆီ မလာတာလား။

"တော်ကြာ လူဆိုးဂိုဏ်းတွေထဲရောက်နေရင် ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒေါ်စုစန်ပြောမှ ခင်မြင့်မြတ် စိတ်ပူပင်မှုတွေ အထွတ်အထိပ်ရောက်သွားရသည်။

သား…

လူဆိုးဂိုဏ်းတွေထဲ ရောက်သွားရင် အခက်။

စိတ်ပူလိုက်တာ…

ခင်မြင့်မြတ် ဘယ်လိုလုပ်ရမလဲ…

"ကျွန်မ ဘာလုပ်ရမလဲဟင်"

"ကြော်ငြာထည့်"

ဒေါ်စုစန် အကြံပေးတဲ့အတိုင်းလုပ်ရင် ကောင်းမလားဟု စဉ်းစားမိ၏။

မဖြစ်နိုင်ဘူး။

ရှာခနဲ့လည်း အရှုပ်အရှင်းတွေ ဖြေရှင်းရဦးမယ်။

"မဖြစ်သေးပါဘူး…ကျွန်မလုပ်ငန်းတွေရှိသေးတယ်၊ သားကို ကျွန်မ တွေ့အောင်ရှာမယ်၊ ဟိုနေ့က မြို့ထဲမှာ တွေ့ခဲ့တာ သားပါ"

သားနောက် ကျွန်မလိုက်တော့ မီးပွိုင့်တွင် ပျောက်သွားသည်။

"ကျွန်မ သားကို အိမ်ထောင်ချပေးဖို့အထိ စိတ်ကူးထားတယ်၊ သားကိုတွေ့ရင်တော့ ဘာကိစ္စပဲဖြစ်ဖြစ် သားဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမယ် ဒေါ်စုစန်"

"တွေ့ဖို့ဆိုတာ တိတ်တိတ်လေးကိုတ်ရှာနေလို့ မဖြစ်သေးဘူး ခင်မြင့်မြတ်….အတိအလင်းရှာ



သား…

ဘယ်ရောက်နေလဲ…

မေမေ ရင်ပူလိုက်တာ။

နယ်စပ်တွေဘာတွေများ သားရောက်သွားပြီလား။

မဖြစ်နိုင်တာပဲ။

သားကိုတွေ့လိုက်ပါတယ်။

"ကျွန်မ သွားရှာဦးမယ်"

"ညည်း နေမကောင်းဘူး၊ ကျုပ်ပါလိုက်ခဲ့မယ်"

"ကောင်းတယ် ဒေါ်စုစန်"

နှစ်ယောက်သား ကားနှင့်ထွက်လာကြပြီး မြို့အနှံ့ ပတ်မောင်းမိသည်။

မတွေ့ပေ။

"နားဦး ခင်မြင့်မြတ်"

"ဟုတ်ကဲ့"

စားသောက်ဆိုင်ကြီးတစ်ခုထဲဝင်ပြီး အအေးသောက်ကြသည်။

"ဒီအတိုင်း ရှာနေလို့မဖြစ်သေးဘူးထင်တယ်နော် ခင်မြင့်မြတ်၊ သည်းခံရဦးမှာ ရှိသေးတယ်"

ရေးဆို…

ခင်မြင့်မြတ်တွင် တိုင်ပင်ဖော်တိုင်ပင်ဖက် မရှိပေ။

ရှာခကလည်း မိမိအား ငွေကြေးကြောင့်ပဲ ဝတ်သောက်တာ။

လက်ထပ်ပြီးနေတော့ မာန်မာနတွေ ထောင်လွှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိစီးပွားရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ရန် ကြိုး
နေ၏။

အမြင်ကတ်တယ်။

နောင်တရလွန်သွားပြီ။

သားအမိနှစ်ယောက် အေးအေးချမ်းချမ်းဘဝကို တည်ဆော
နိုင်ပါလျက်နှင့် မိမိ ဆတ်ဆော့မိတာ။

"ခင်မြင့်မြတ်"

"ဟင်"

"မော့မကြည့်နဲ့"

"ဘာလဲ"

"ညည်းစိတ်ကိုထိန်းနော်၊ ညည်းမှာ ရောဂါနဲ့အပြင် ရှ
သိက္ခာပိုင်းက ရှိနေသေးတယ်"

"ဘာလဲ ဒေါ်စုစန်ရ"

"ညည်းအကောင် အတွဲနဲ့ ဝင်လာလို့"

"ဟင်"

ဆတ်ခနဲ မော့ကြည့်ဖြစ်သည်။

ရာဇာနှင့် ကောင်မချောချောလေးတစ်ယောက် လက်ချိတ်
ပြီး ဝင်လာ၏။

အတင့်ရဲလိုက်တာ...

ရင်ထဲမှာ...

ဗလောင်ဆူသွားရသည်။



ဒေါသတွေကို ထိန်းချုပ်ပစ်လိုက်ရ၏။

ခင်မြင့်မြတ်ရဲ့ အရှက်သိက္ခာတွေအတွက်ပဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



### အခန်း (၁၆)

"ပစ္စည်းတွေများလိုက်တာ ကိုရယ်၊ ဘာဖြစ်လို့ ဒီလော[...] ဖယ်လာရတာလဲ၊ မဖင်ယော်တို့အတွက် ဒီလောက်အထိ မလို[...] ပါဘူး"

ကိုက အဝတ်အစားတွေနှင့် အသုံးအဆောင်တွေ ဝယ်[...] သည်။

အဘွားအတွက်လည်း အားဆေးတွေ အစားအသောက်[...] ပါလာ၏။

အစ်ကိုကြီးပင် မထောက်ပံ့နိုင်။

"ကို"

"ဟင်"

"ရှင် ဘာလုပ်တာလဲ"

"အရောင်းအဝယ်"



"အစ်ကိုကြီးတောင် ကျွန်မတို့ကို ဒီလောက်အထိ မထောက်ပံ့နိုင်ဘူး၊ ကို ဘာတွေလုပ်နေလဲ"

"ကိုယ့်ကို မဖင်ယော်က အထင်သေးတာလား"

"မဟုတ်ပါဘူး...ကျွန်မတို့ကြောင့် ကို အန္တရာယ်တစ်ခုခုတွေ့မှာ အရမ်းစိတ်ပူမိတာပဲ၊ ဆင်းရဲတာ ချမ်းသာတာ ထားကြပါ ပဲ ကိုရယ်...ကျွန်မ နေတတ်ပါတယ်"

သူကလည်း မေမေဆီက ပါလာတဲ့နောက်ဆုံးပစ္စည်း စိန်လက်စွပ်အား ရောင်းလိုက်ခြင်းသာဖြစ်သည်။

ဘာမှမရှိတော့။

ဆရာကြီးဘဒင်မသိအောင် သိုဝှက်ထားတာတွေ ထုတ်ရောင်းခြင်းဖြစ်သည်။

ငွေကို တချို့တဝက် ဘဏ်မှာအပ်လိုက်ပြီး ကျန်တာနှင့် မဖင်ယော်တို့ မြေးအဘွားအတွက် လိုအပ်တာတွေ ဝယ်ပေးခြင်းဖြစ်သည်။

"အဘွား နေကောင်းလား"

"အင်း"

"တော်သေးတယ်၊ အဘွားရှိတော့ မဖင်ယော်အတွက် ကိုယ် စိတ်ချရတာပေါ့"

"အဘွား နေကောင်းပါတယ်"

မဖင်ယော့်စိတ်ထဲတွင် ကို ပေးတဲ့ငွေတွေအပေါ် သံသယ ဖြစ်မိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဒုစရိုက်တွေက ရလာတာတွေပဲလား။

မဇင်ယော် မသုံးချင်ပါဘူး။

အေးချမ်းတဲ့ဘဝလေးတစ်ခုမှာပဲ နေချင်မိသည်။

"ကို"

"ဟင်"

"ကျွန်မ အလုပ်လုပ်ချင်တယ်"

"မလုပ်ပါနဲ့"

သံကြိုးကတော့ ချစ်သူအား စိတ်မချနိုင်အောင်ဖြစ်နေမိသည်။

အလုပ်မလုပ်စေချင်ပေ။

"ကိုယ်ပေးနေတာတွေ လက်ခံရတာ ကျွန်မ စိတ်မလုံဘူး"

မင်းဟာ ကိုယ့်ဇနီးလောင်းဖြစ်လာမှာပဲဟု ပြောတော့…

'ကိုမော်' ဟု ရှက်စနိုးနှင့်ပြောပြီး ထုသည်။

မဇင်ယော်ဟာ ရိုးသားဖြူစင်တဲ့မိန်းမတစ်ယောက်ပဲ။

သူ…

မြတ်နိုးမိသည်။

မေမေ သိရင်ရော…

သဘောတူပါ့မလား။

မေမေ့အကြောင်းတွေ မတွေးတာအကောင်းဆုံးပါပဲလေ။

အခုထိ…

သူနှင့်ပတ်သက်ပြီး ဘာမှ အဲ့ဒီအလင်းရှာတာတွေ မလုပ်ခဲ့။

ကိုရာဇာကြောင့်ပဲ နေမှာ…



ဟိုက ပတွေးပဲ…

မေမေ စိတ်ချမ်းသာရင်ပြီးတာပါပဲလေ။

"ကို"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ"

"မဇင်ယော်အကြောင်း"

"ဘာတွေလဲ"

"မဇင်ယော်နဲ့ လက်ထပ်ပြီး သားသားလေးတွေ မီးမီးလေးတွေ မွေးမဲ့အကြောင်း"

"ဟာ…ကို မကောင်းဘူးကွာ…သွား…ဘာတွေပြောနေတာလဲ"

သူမက လက်သီးလေးတွေနှင့် သူ့အား ထုရိုက်နေသည်။

ရှက်နေ၏။

ချစ်သူသည် အရှက်အကြောက်ကြီးပြီး ကျေနွေသိက္ခာကြီးမားလှန်းသည်။

သူ့ကိုပင် အခွင့်အရေးတွေ အလွန်အမင်းမပေးခဲ့ပေ။

လွတ်လပ်မှု အပြည့်ရှိနေပေမဲ့ သူမရဲ့ အပျိုစင်ဘဝကို ထိန်းသိမ်းထားသည်။

သူ…

အထင်ကြီးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်ယော်ဟာ ဆင်းရဲပေမဲ့ တန်ဖိုးထားတတ်တဲ့ မိန်းကလေးပါ။

သံကြိုးကိုယ်တိုင်ကလည်း ချစ်သူရဲ့ဘဝလေးကို မဖျက်ဆီးရက်ပေ။

စောင့်ထိန်းနေသည်။

အနာဂတ်က ဘာတွေဖြစ်လာမယ်ဆိုတာ မသိနိုင်သေးပေ။

"တီ…တီ"

"တီ…"

"ဟင်"

အိမ်လေးရှေ့တွင် ကားတစ်စီးထိုးရပ်လာ၍ သူ ကြည့်လိုက်မိသည်။

မမကား။

ယွန်းမမ ဒီကို ဘာလာလုပ်တာလဲ။

"ဟင်…မမပါလား"

မခင်ယော်က သိနေသည်။

ယွန်းမမက ကားတံခါးဖွင့်ပြီး အိမ်လေးထဲဝင်လာ၏။

"ကို…ဒါ မမယွန်းလေ…အစ်ကိုကြီးခရီးထွက်သွားရင် မခပဲလာပြီး ထောက်ပံ့နေတာ"

ကိုကျွဲကြီးက ယောက်ျားလေးတွေ မနိုင်းချင်တိုင်း မမအားတာဝန်ပေးခြင်းဖြစ်သည်။



"ကို…ဒါ မမယွန်းတဲ့၊ သိပ်ပြီးသဘောကောင်းတာပဲ၊ မခင်ယော်တို့ကိုလည်း ကူညီထောက်ပံ့တယ်"

သော်ပြီပဲ…

မခင်ယော်နှင့် ယွန်းမမ သိနေတာကိုက အန္တရာယ်ဖြစ်နေသည်။

"မမ…သူက…"

"မမ သိပါတယ်၊ လုပ်ငန်းတူတွေပဲဟာ…နော် မောင်သံကြိုး"

ယွန်းမမ လေသံတွေကို သူ သဘောမကျမိပေ။

အကြည့်တွေက ကြောက်စရာကောင်းလွန်းနေသည်။

"အဘွား နေကောင်းလား မခင်ယော်"

"ဟုတ်ကဲ့"

"လိုအပ်တဲ့အကူအညီတွေရှိရင်လည်း မမကိုပြောနော်"

"ဟုတ်ကဲ့"

"မောင်လေး"

"ဗျာ"

"ဆရာက မင်းကို ကိစ္စရှိလို့ အခေါ်ခိုင်းလိုက်တာလေ"

မဖြစ်နိုင်တာပဲ။

ဒီမိန်းမ သက်သက်မဲ့အကြောင်းရှာတာပဲဖြစ်သည်။

သူ ဒီမှာရှိတာ ဘယ်သူပြောလိုက်တာလဲ။

ဆရာမင်းဒင်ပင်မသိ။

သိလည်း သူချစ်တဲ့မိန်းကလေးတစ်ယောက်ဆီသွားတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မြန်စို့"

"ကျွန်တော် ပြန်လာခဲ့ပါ့မယ် မမ"

"အခုပဲ လိုက်ခဲ့ပါ၊ ဆရာက အရေးကြီးတယ်တဲ့"

မလိုက်လျှင်လည်း ဒီမိန်းမက ဖွတ်အတင်းခေါ်တော့မှာ သေချာသည်။

"ကို လိုက်သွားလေ…မမက အလုပ်ကိစ္စအရေးကြီးလို့ လာခေါ်တာပဲဟာ…မဇင်ယော်က ဘာမှအရေးမကြီးပါဘူး"

သူ…

ထလိုက်သည်။

တော်တော်အကျင့်မကောင်းတဲ့မိန်းမတစ်ယောက်ပဲ။

မဇင်ယော်ရှေ့မှာ ပြဿနာတွေ မတက်လိုပေ။

သူ့ဘဝဇာတ်ကြောင်းတွေလည်း မသိစေချင်၍ဖြစ်သည်။

"သွားမယ်"

သူ…

ထွက်လာခဲ့မိသည်။

"မမ သွားမယ်နော်၊ နောက်မှ ညီမလေးဆီလာလည်ဦးမယ်၊ ရောက်တာတောင် ကြာနေပြီပဲ"

"ဟုတ်ကဲ့ မမ"

ယွန်းမမ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

"မင်း ကားမောင်း"

ကားသော့ယူပြီး သူ ကားကို အမြန်ဆုံး မောင်းထွက်လာခဲ့သည်။



"ခင်ဗျား ဘာလာလုပ်တာလဲ အမိ"

"မင်းနောက်လိုက်လာတာလေ မောင်"

"ဘာဗျ"

"မင်း ဘာဖြစ်နေတာလဲ မောင်ရယ်၊ ဘာလဲ…မဇင်ယော်လေးနဲ့ မင်းက ချစ်သူတွေဖြစ်နေကြပြီလား"

"ဟုတ်လား"

"ဘာကွ"

"ခင်ဗျား နှောင့်ယှက်မယ်လို့တော့ မကြံနဲ့နော်၊ ကျုပ် ခွင့်လွှတ်မှာမဟုတ်ဘူး"

"နှောင့်ယှက်မှာပဲ မောင်…အဟင်း…ဟင်း…ဟင်း"

"ခင်ဗျား"

သူ…

ဒေါသတကြီးနှင့် ကားကို စောင့်ခနဲ ဘရိတ်တွေအုပ်ပစ်လိုက်မိသည်။

"မင်းအလုပ်အကိုင်တွေက ဘာဆိုတာ မင်းကောင်မလေးကို ပြောပြရမှာပဲ"

"ခင်ဗျား…ခင်ဗျား…"

"မင်း၊ ကောင်မလေးက မကောင်းမှုဒုစရိုက်သမားတွေကို အရမ်းမုန်းတီးတာပဲ၊ သူ့အစ်ကိုတောင် မပြောရဲဘူး"

ယွန်းမမက သဘောကျစွာဖြင့် ဟားတိုက်ပြီးရယ်မောနေသည်။

သူ့စိတ်တွေ တုန်လှုပ်ချောက်ချားလာမိ၏။

www.burmeseclassic.com



မဖေင်ယော်ကို သူချစ်သည်။

လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်နေ၏။

ယွန်းမမက ဖျက်ဆီးပစ်တော့မဲ့အနေအထားဖြစ်နေသည်။

"မင်း နောက်ဆုတ်လိုက်ပါ၊ မဖေင်ယော်ကို မင်းလက်ထပ်ရှင် မမ အဆိုးမဆိုးနဲ့နော်၊ လိမ္မာစမ်းပါ မောင်လေးရယ်"

ဒေါသတွေနှင့် ပြင်းထန်စွာ ပေါက်ကွဲပစ်ချင်လာမိသည်။

⚜ ⚜ ⚜



## အခန်း (၁၇)

"ခင်ဗျား ...ကျုပ်ကို မနှောင့်ယှက်ပါနဲ့ မမ တောင်းပန်ပါ တယ်၊ ကျုပ် မဖေင်ယော်ကလွဲပြီး ဘယ်သူ့မှမချစ်ဘူး"

"ဘာ"

"ကျုပ် မဖေင်ယော်ကို လက်ထပ်မယ်၊ မဖေင်ယော်မှာ အားတိုးရာမရှိတော့ဘူး၊ အစ်ကိုလည်းသေပြီ၊ ခင်ဗျားတို့အဖွဲ့သားတွေ ကြည့်ရှုထောက်ပံ့သင့်တယ်"

"အဲဒါ မမကိစ္စမဟုတ်ဘူး သံကြိုး၊ မမ မင်းကိုချစ်တယ်၊ ဆိုင်လိုတယ်၊ မင်းနဲ့လက်ထပ်မယ်"

"ခင်ဗျား ရူးနေလား"

"ဆရာဘဒင်က ခင်ဗျားကို ရည်မှန်းထားတာပဲ၊ ခင်ဗျားကို တ်ပေးမယ်ထင်လို့လား ယွန်းမမ"

www.burmeseclassic.com

www.burmeseclassic.com



"ဂရုမစိုက်ဘူး၊ မမ လမ်းတွေရှိတယ်၊ မင်းသာလက်ခံမယ် ဆိုရင် ဒီကနေထွက်ပြေးကြမယ်လေ"

သူ

စိတ်ပျက်မိသည်။

ဒီမိန်းမနဲ့တော့ လောဘစည်းစိမ်တွေမခံစားချင်မိ။

နတ်ပြည်တက်ရမယ်ဆိုရင်တောင် မလိုက်လိုပေ။

ဝေးဝေးက ရှောင်ပစ်ရမည်။

"မင်း ဒီလောကထဲမှာ အနှစ်မွှန်းခံမလား၊ မမနဲ့ဘဝတစ်ခု ထူထောင်မလား မောင်"

"မဖြစ်နိုင်ဘူး"

"ဘာကွ"

"ခင်ဗျားနဲ့ကျုပ် ဘယ်လိုအခြေအနေမျိုးမှ လက်မထပ်နိုင်ဘူး"

"မောင်"

"ခင်ဗျား အရှက်မရှိဘူးလား၊ ကျုပ်ကို မောင်လို့မခေါ်ပါနဲ့ ကျုပ်ခင်ဗျားဆန္ဒတွေကို ဘာတစ်ခုမှ မလိုက်လျောနိုင်ဘူး၊ ကျုပ်နဲ့ တာ မဖင်ယော်ပဲ"

"မင်းစဉ်းစားနော် ယွန်းမမက ဘယ်လိုမိန်းမလည်းဆိုတာ မင်းသိပါတယ်၊ လိုချင်တာကို ရအောင်ယူတတ်တဲ့မိန်းမသားမျိုး"

"ကျုပ်ပြောပြီးပြီပဲ၊ ခင်ဗျားကို ဘာအကြောင်းနဲ့မှ လက်မထပ် နိုင်ဘူး၊ ကျုပ်ဘဝဘာတွေပဲဖြစ်ဖြစ် ရင်ဆိုင်မယ်"

"သံကြိုး"



ယွန်းမမ အသံတွေက ရှုံရာစက်ဆုတ်ဖွယ်အတိဖြစ်နေသည်။

သံကြိုး ဖေါ်သတကြီးလက်တုံ့ပြန်ပစ်ချင်နေမိ၏။

"မင်းဘဝကို အထိနိုက်ခံနိုင်ပေမဲ့ မင်း မေမေရဲ့ ဂုဏ်သိက္ခာ တွေကိုတော့ မင်းအသိပါ၊ ခံနိုင်မှာမဟုတ်ဘူးနော်"

"ဘာဗျ"

"အဟင်း ...ဟင်း...ဟင်း၊ မင်းဟာ ဒေါ်ခင်မြင့်မြတ်ရဲ့ တစ်ဦးတည်းသောသားပဲ"

"ဟင်"

ယွန်းမမ ဘယ်လိုလုပ်ပြီးသိသွားရတာလဲ။

ဆရာဘဒင်ရော သိနေပြီလား။

သူကတော့ သူ့ကိုယ်သူ လုံခြုံပြီဟု ထင်နေမိသည်။

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ်မသိဘူး၊ ကျုပ်မှာ ဘာမှမရှိဘူး"

"တကယ်လား"

"ဟုတ်တယ်"

"ဒါဆိုရင် ဒေါ်ခင်မြင့်မြတ်ဆီဝင်ရတော့မှာပဲပေါ့၊ ဒီကိစ္စ ဆရာဘဒင်တောင် မသိသေးဘူးနော်"

ဒေါ်ခင်မြင့်မြတ်က သူ့သားအား ကျိတ်ပြီးရှာနေသည်။

ဂုဏ်သိက္ခာကျဆင်းမှာစိုး၍ ပေါ်ပေါ်တင်တင်မရှာရဲ။

ပြီးတော့

ဒေါ်ခင်မြင့်မြတ် အိမ်ထောင်ရေးပြဿနာတွေနှင့် ရင်ဆိုင်နေရ သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ် ဖြေရှင်းနေရကြောင်း ယွန်းမမသိထား၏။

ဆရာဘဒင်ပွင့်မသိ။

သံကြိုးနာမည်က မောင်အာကာ...

"မင်းနာမည် မောင်အာကာပဲ"

ဒီမိန်းမသိတာ ကြောက်စရာကောင်းသည်ဟု ထင်မိသည်။

ကောက်ကျစ်တဲ့မိန်းမ

"မင်းက မအေကို မကျေမနပ်ဖြစ်ပြီး အိမ်ကနေ ထွက်ပြေးလာတာ၊ မင်းအမေက လောလောဆယ်ယောကျ်ားတစ်ယောက်ကို တိတ်တိတ်ပုန်းလက်ထပ်ထားတယ်"

"ခင်ဗျား ဆက်မပြောနဲ့တော့၊ ခင်ဗျားပါးစပ် ပိတ်ထားစမ်းပါ"

"မမက ပြဿနာအများကြီးတောင် သိထားသေးတယ်၊ ဘယ်လိုလဲ မောင် မမဆန္ဒတွေကို လိုက်လျောမယ် မဟုတ်လား"

သံကြိုးဟာ ချမ်းသာကြွယ်ဝသူတစ်ယောက်ပဲ။

ဒုစရိုက်လောကနှင့်မတန်ပေ။

မဖင်ယော်နဲ့လည်း မတန်ဘူး။

မင်းဟာငွေတွင်းလေး။

"ဘယ်လိုလဲ မောင်လေး"

မေမေ့အကြောင်းတွေကို လူသိရှင်ကြားထုတ်ဖော်ဖို့ မသင့်သေး

ယွန်းမမက ယုတ်မာတော့မယ်။

"မောင်"



သူ

စိတ်ညစ်နေမိသည်။

ဘာလုပ်ရမှန်းပင် မသိတော့။

"မမကို ဆန့်ကျင်တော့မလို့လား မောင်ရယ်"

ယွန်းမမ ကိုယ်လုံးလေးက သူ့ရင်ကို လာလဲမှီတွယ်သည်။

သူစိတ်ပျက်စွာဖြင့် ဖယ်ထုတ်ပစ်လိုက်မိ၏။

"မင်းအမေအကြောင်းတွေကို မင်းဖော်ထုတ်ပစ်ချင်မှာ မဟုတ်ပါဘူးနော်"

"ခင်ဗျား"

"ဟင်း ...ဟင်း ...ဟင်း"

"မမက မင်းအပေါ်ဘယ်လောက်အထိ ချစ်မြတ်နိုးလဲဆိုတာ ဆရာဘဒင်တောင် အသိမပေးဘူး၊ သိများသိရင်တော့ ဘယ်လောက်အထိအကြံအဖန်လုပ်လိုက်မလဲ"

မေမေကိုတော့ အထိခိုက်မခံနိုင်အောင် ဖြစ်နေမိသည်။

"မောင်"

မကြည့်မိ

"ဒီနေ့ကစပြီး မဖင်ယော်ဆီသွားစရာမလိုတော့ဘူးနော်"

"ဘာ"

"မင်းနဲ့မမ လက်ထပ်မယ်၊ ပြီးတော့ လွတ်မြောက်ရာကို ထွက်ပြေးကြမယ်၊ မင်းလက်ခံလား"

"ကျုပ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မေမေရဲ့ဂုဏ်သိက္ခာကို မင်းစောင့်ထိန်းမှာပါ"

မဇင်ယော် ...

ကိုယ်တော့ ဒုက္ခရောက်ပြီ။

အားကိုးရာမဲ့နေသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

သူ ...

သစ္စာမဲ့ချင်။

မဇင်ယော် စိတ်ဒုက္ခတွေရောက်သွားမှာလည်း စိုးရိမ်ပူပန်သည်။

ယွန်းမမကိုလည်း ဆန့်ကျင်၍မဖြစ်။

မေမေ့ဂုဏ်သိက္ခာတွေရှိသေးသည်မဟုတ်လား။

တကယ်တော့

သူတွေ့လာဖို့မသင့်ဘူး။

ဂုဏ်သရေရှိ မိခင်အပေါ် သူ့ဂုဏ်သိက္ခာမဲ့အောင် လုပ်လိုက်သလိုဖြစ်နေသည်။

"မဖြစ်သင့်ဘူး"

မေမေဘာပဲဖြစ်နေ ဖြစ်နေ သူလိမ္မာယဉ်ကျေးမှုရှိရမည်။

"မောင်"

"ကျုပ်လောလောဆယ်တော့ စဉ်းစားမယ်၊ မဇင်ယော်ဟာ နိုကိုးရာမဲ့နေတဲ့ မိန်းမတစ်ယောက်ပဲ၊ ကျုပ်မရက်စက်နိုင်ဘူး"

"မင်းက မိန်းမနှစ်ယောက်ကို လက်ထပ်ချင်တာလား"

"ကျုပ်က တန်ဖိုးမဲ့တဲ့ ယောကျ်ားတစ်ယောက်မဟုတ်ဘူး"



ယွန်းမမ၊ မဇင်ယော်ကို လက်ထပ်ခွင့်မရရင်တောင်မှ ထောက်ပံ့ကူညီရမယ်"

"တခြားလူတွေရှိတာပဲ မောင်ရယ်၊ မင်းဘာပူပင်နေတာလဲ၊ ရဲလေးတို့၊ တုတ်ကြီးတို့"

"ခင်ဗျားတော်တော် အကြင်နာတရားကင်းမဲ့တဲ့မိန်းမပဲ၊ ကိုယ်ချင်းစာစိတ် လုံးဝမရှိဘူး"

"ယွန်းမမလေ ရက်စက်စရာရှိရင် သူတော့အောင်ရက်စက်တတ်တာနော် ဝေယာင်"

ဒီမိန်းမအား သူဘယ်လိုမှ ယှဉ်ပြိုင်၍မရနိုင်တော့မှန်း သိလိုက်သည်။

ကောက်ကျစ်ယုတ်မာတော့မှာ သေချာ၏။

သူစွန့်စားရတော့မှာပဲ။

ဘာဒင်

ယွန်းမမ

ခင်ဗျားတို့အဖွဲ့ကြီးကို ဖြိုခွင်းပစ်ဖို့ပဲ ကြံစည်မိတော့သည်။

"မမ"

"ပြော"

"ကျွန်တော်လက်ခံမယ်"

"မောင်ရယ်၊ မင်းဆီက အချစ်တွေရရ၊ မရရ မေကတော့ မင်းကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမှာပဲ"

ယွန်းမမနှင့်အလိုက်အထိုက် ဆက်ဆံမှဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့အရက်သိက္ခာတွေအတွက် ထိန်းသိမ်းရမည်ဖြစ်သည်။

သားမဗိုက်တော့ဘူး။

လိမ္မာပြရမယ်။

သူကြောင့် အားလုံးသောက ဒုက္ခတွေနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

"မခင်ယော်ကို မောင်လုံးဝစွန့်လွှတ်လိုက်တော့နော်"

မခင်ယော်ကို ဘယ်တော့မှ မစွန့်လွှတ်ဘူး။

သူ ...

အပြင်ထွက်ခွင့်မရှိတော့ ...

ယွန်းမမက နောက်ကနေ တကောက်ကောက်လိုက်နေသည်။

မခင်ယော်ထံ ဘယ်လိုဆက်သွယ်ရမှန်း မသိအောင်ဖြစ်ရ၏။

စိတ်ညစ်နေမိသည်။

ယွန်းမမကို ရွံမုန်းနေမိ၏။

မထိမတို့ချင်။

မမက ထွက်ပြေးရန်လမ်းကြောင်းတွေကို ကြံစည်နေသည်။

ဆရာဘဒင်ကလည်း အလစ်မပေး။

သူ့အား လုပ်ငန်းတွေ လုပ်ရန်ညွှန်ကြားနေသည်။

"သံကြိုး"

"ဗျာ"

"မင်းကလူသစ်၊ လွယ်ရှူးမှုတွေကို မင်းလုပ်ပါ"

"ဗျာ"



သူ ...

မလုပ်ချင် ...

ဥပဒေနှင့်မလွတ်ကင်းသည့်အလုပ်တွေကို မလုပ်ချင်။

ဒါပေမဲ့ ...

အပြင်ထွက်ချင်မိသည်။

မခင်ယော်ကို တွေ့ချင်၏။

"တို့ဝင်ငွေမရှိတော့ဘူး၊ မင်းလုပ်ရှူးပါ၊ တုတ်ကြီးသေးကနေ စောင့်နေလိမ့်မယ်"

"ဟုတ်ကဲ့"

သူ ...

အပြင်ထွက်ချင်လာသည်။

"သံကြိုး"

"ဟင်"

"မင်းအနားမှာ မမကပ်လှချည်လား"

"စိတ်ညစ်တယ်"

"လူတိုင်းက မင်းကို အားကျနေကြတာ"

သူ့အတွက်တော့ ယွန်းမမသည် ဘာမှ အထင်ကြီးစရာ မရှိပေ။

အထင်သေးစရာပင် ...

မိန်းမယုတ်မ ...

"သံကြိုး ဒီတစ်ခါတော့ မင်းလုပ်ရမှာနော်၊ ဆရာက မင်း လုပ်ရှားတဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမှာငွေရှိသေးသည်။

ဆရာဘခင် ကျေနပ်အောင်ပေးလိုက်ရင် ကောင်းမလား။

ပစ္စည်းကတော့ ဘာမှမရှိတော့ …

“ဆရာဘခင်က တို့အဖွဲ့ကို ဘဝပြောင်းသွားစေမဲ့ လုပ်ငန်းကြီးတစ်ခုကြံစည်နေတယ်”

ဦးဘခင် …

ခင်များကြီးကိုလည်း ထောင်ထဲထည့်ပစ်ဖို့ ကျုပ်ဆုံးဖြတ်ထားတယ်။

“မင်းလုပ်ရဲ့တော့”

သူတို့က လူဟောင်းတွေဖြစ်နေလဲတုတ်ကြီးက မလုပ်ရှားချင်

သံကြိုး မလုပ်၍မရတော့ …

မကောင်းမှုဒုစရိုက်တွေ မလုပ်၍လည်းမရ။

တုတ်ကြီးက ဆရာဘခင်ရဲ့ လူယုံတော်အရင်းခေါက်ခေါက်ကြီးဖြစ်သည်။

အသေအချာကြည့်နေ၏။

“သံကြိုး”

“ဗျာ”

“ဟိုမှာ တွေ့လား”

ချောချောတောင့်တောင့် မိန်းမကြီးတစ်ယောက် ဗိုက်ဆံအိတ်ကို ခြင်းတောင်းထဲထည့်ပြီးရပ်နေသည်။



“မင်းကပ်သွား”

သူ …

သေချင်လာသည်။

ခေါင်းချွေးတွေပင် ပြန်ချင်လာ၏။

“ဘာညာဘာညာလုပ်ပြီးဆွဲယ်၊ မင်းက ရုပ်ပါဖြောင့်တော့ အိုကေတယ်”

မေမေ့ကို သတိရမိလာသည်။

ကိုရာဇာသည် ရုပ်ဖြောင့်သော လူရွယ်တစ်ယောက်ပင်ဖြစ်၏။

မေမေ့ကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

ရင်ထဲမှာ …

လေးလံနေသည်။

“ကျွန်တော် ဒါမျိုးမလုပ်ချင်ဘူးဗျာ”

“မင်းဘာလုပ်မှာလဲ”

“အခြားတစ်ခုခုပေါ့”

“မင်းရုပ်ပါနဲ့ အလွယ်တကူရမှာ၊ ဟိုမှာတွေ့လား မင်းကိုကြည့်နေတာ၊ သွားစမ်းပါ”

ထိုမိန်းမကြီးသည် သူ့ဘက်သို့ ကြည့်ကွက်ကြည့်ကွက်ဖြစ်နေသည်။

“မင်းစတိုင်လ်က မိတယ်၊ တို့နဲ့ဘာမှမဆိုင်ဘူး၊ အခန်းထဲရောက်မှ အိပ်ဆေးခတ်ပြီး”

“တော်ပါတော့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



သူ···

လုံးဝမလုပ်နိုင်ဘူး။

ကိုရာဇာကြောင့် သူ့ဘဝဘယ်လောက်ထိ အခြေအနေပျက်ခဲ့ရလဲ။

သားအမိတွေဆုံကြဖို့ မလွယ်တော့၊ မေမေ့ အရှက်သိက္ခာကိုချပစ်ဖို့ ယွန်းမမက အဆင့်သင့်ဖြစ်နေသည်။

ဒုစရိုက်လောကထဲမှာ ကျင်လည်နေသော မိန်းမတစ်ယောက်နှင့် စိတ်မသက်သာစွာ လက်ထပ်ရတော့မည့် အခြေအနေဖြစ်ခဲ့၏။

မလုပ်ဘူး ···

ကိုယ်ချင်းစာမိလာရသည်။

“မမဆိုပြီး ဘာညာဘာညာပေါ့ကွာ သွား”

“ကျွန်တော် လုံးဝမလုပ်နိုင်ဘူး၊ ဆရာဘဒင်အတွက် ငွေရှာပေးပါ့မယ်၊ တစ်နည်းနည်းတော့ ရစေပါ့မယ် ကိုတုတ်ကြီး”

“မင်း ရုတ်ရုတ် ရုတ်ရုတ်တော့ မလုပ်နဲ့နော်၊ ငါက ဆရာဘဒင်မျက်နှာတစ်ခုပဲ ကြည့်မှာ”

ကျုပ် ဘာမှမလုပ်ဘူး၊ ခင်ဗျားစောင့်ကြည့်နေပါ၊ ကျုပ်အမေအရွယ်ကို မပြုဆွယ်ချင်တာတစ်ခုပဲရှိတယ်၊ မိကောင်းဖခင်သားသမီးတစ်ယောက်အနေနှင့် ကိုယ်ကျင့်တရားပျက်ပြားတဲ့ အောက်တန်းကျလွန်းစွာ လုပ်ဆောင်ရတော့မည်။

သူ့ခြေလက်တွေပင် အေးစက်ချင်လာသည်။

မေမေ့ကို သတိရတယ်။



သားဘာတွေလုပ်နေပြီလဲ။

မေမေနာမည်ဂုဏ်သတင်းတလည်း အကောင်းဟူ၍ မရှိပေ။

ဆိုးဝါးမှုတွေသာရှိနေသည်။ ဘာမှ မတာကွယ်၊ စောင့်ရှောက်နိုင်ပေ။

“မင်းတွေဝေနေရင် ဆရာဘဒင်က ခွင့်လွှတ်မှာမဟုတ်ဘူးနော်သံကြိုး၊ မင်းအစွမ်းအစတော့ဖြ”

တုတ်ကြီးက ဘဒင်အတွက်ဝဲကြည့်ပြီးပြောနေသည်။

သူ···

စိတ်ညစ်နေမိသည်။

တစ်ခုခုတော့ လှုပ်ရှားမှုဖြစ်တော့မည်ဆိုတာ သိလာရ၏။

ကြေကွဲဝမ်းနည်းစွာ ရင်ထဲမောဟိုက်တုန်ရီလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ❀ အခန်း (၁၈) ❀

"မဇင်ယော်"

"ဟင် …မမ"

"ညီမလေးကို တွေ့ချင်လို့လာတာ"

"လာလေ မမ"

အစ်ကိုကြီးသည် မမနှင့် လွှဲအပ်ကာ သူမအားထောက်ပံ့စေခဲ့သည်။

မဇင်ယော်နှင့်ရင်းနှီးနေ၏။

ကျေးဇူးရှင် မမတစ်ယောက်အဖြစ် သတိမှတ်ထားမိသည်။

"ဘွားနေကောင်းလား"

"ကောင်းပါတယ် မမ"



ယွန်းမမ အိမ်လေးထဲဝင်လာခဲ့ပါသည်။

ဘာအထင်ကြီးစရာမှမရှိတဲ့ ကောင်မလေးတစ်ယောက်အား သံကြိုးက ဘာကြောင့် အထင်ကြီးစွာချစ်နေရတာလဲ။

ယွန်းမမကတော့ သံကြိုးနှင့်မဇင်ယော်ကွဲသွားအောင် ခွဲပစ်ရမှာပဲ။

ဘာကိုမှ ငဲ့ညှာမနေနိုင်။

မဇင်ယော်အစ်ကို ကျွဲကြီးက သူ့ညီမအား ထောက်ပံ့ရန်မိန်းမသားဖြစ်တဲ့ မမကိုပဲ တာဝန်ပေးခဲ့သည်။

ယောကျ်ားတွေနှင့် ပတ်သက်ဆက်ဆံတာရှိ မဖြစ်စေချင်ပေ။

အထူးသဖြင့် …

ဒုစရိုက်သမားတွေနှင့် နီးစပ်သွားမှာ အစိုးရိမ်ကြီး စိုးရိမ်ခဲ့သည်။

"မမ"

"ဟင်"

"ကိစ္စရှိလို့လား"

"အင်း"

"ပြောပါ"

"သံကြိုးအကြောင်းပါ ညီမလေး"

"ဟင် …ကို ဘာဖြစ်လို့လဲဟင်"

"မဇင်ယော်"

"ရှင်"

"မင်းနဲ့ မောင်သံကြိုး ချစ်သူတွေဖြစ်နေကြပြီလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ပြောလေ"

"ဟုတ်ကဲ့ မမ"

မမတစ်ယောက် သူမရင်ဖွင့်တိုင်ပင်စရာရှိ၍ သူမအမှန်အတိုင်းပဲ ဝန်ခံလိုက်မိတော့သည်။

"သံကြိုးဘာလုပ်လဲ မင်းသိလား"

"ဟင့်အင်း"

ကို ကုမ္ပဏီတစ်ခုမှာ လုပ်သည်ဟုပဲ အကြမ်းဖျင်းသိထားသည်။

"သံကြိုးက ဒုစရိုက်သမားတစ်ယောက်ပဲ"

"ရှင်"

"ခါးပိုက်နှိုက် ခိုးဆိုး လုယက်နေတာလေ"

"ဒါ..ဒါဆို အစ်ကိုကြီးကရောဟင်"

"အတူတူပဲ"

"ရှင်"

သူမ တုန်လှုပ်ချောက်ချားစွာ ငေးမောကြည့်နေမိသည်။

အစ်ကိုကြီးနဲ့ကိုက မကောင်းမှုဒုစရိုက်သမားတွေတဲ့။

"မင်း အစ်ကိုကြီး တစ်ခါတစ်ရံပျောက်သွားခဲ့တာ ထောင်ကျခဲ့တာလေ"

"ဟင်"



"မင်းအစ်ကိုက မင်းကို ဒုစရိုက်သမားတွေနဲ့ နီးစပ်မှာကြောက်လို့ မမကိုပဲ ဆက်သွယ်စေခဲ့တာ"

"မမကရော"

"မိတ်ဆွေပါ"

မဇင်ယော် မယုံနိုင်ပေ။

ဖြစ်မှဖြစ်ရလေ …

အစ်ကိုကြီးသေရတာ ဆွဲကြိုးဖြတ်ရင်း လူတွေဝိုင်းရိုက်လို့တဲ့။

ကိုကရော …

သူမကို ထောက်ပံ့တဲ့ငွေက မကောင်းမှုဒုစရိုက်တွေကရထားတဲ့ ငွေတွေပဲဖြစ်မှာ။

အမှန်တွေပဲလား …

မမကလိမ်ညာမှာမဟုတ်။

"မင်းအစ်ကိုကြီးက သူ့ညီမ သူ့အသိုင်းအဝိုင်းကလူတွေနဲ့ နီးစပ်သွားမှာ အရမ်းစိုးရိမ်တယ် မဇင်ယော်၊ ဒါကြောင့် မမလာပြီး အသိပေးတာပါ"

"ကျေးဇူးတင်ပါတယ် မမရယ်၊ ကျွန်မအခုမှ အဖြစ်မှန်တွေ သိရတော့တယ်၊ ဒီလူနဲ့ကျွန်မ လုံးဝမပတ်သက်တော့ဘူး၊ မှန်းတယ်၊ လူလိမ်လူညာ ကျွန်မကို မသန့်ရှင်းတဲ့ ငွေတွေလာထောက်ပံ့တယ်"

သူ …

ထောက်ပံ့ထားတဲ့ငွေတွေကိုပါ ပြန်ပေးဖို့ ဆုံးဖြတ်ထားမိသည်။

"မမ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သူဆောက်ပုံထားတဲ့ငွေတွေ သူ့ကိုပြန်ပေးလိုက်ပါ"

"အဲ့ဒါတော့ မမလက်မခံပါရစေနဲ့ကွယ်၊ သံကြိုးလာမှ ပေးလိုက်ပါ၊ မမက ညီမလေးကိုကူညီဖို့လာတာပဲ၊ ညီမလေး ကုမ္ပဏီမှာအလုပ်ဝင်မလား"

မဇင်ယော်က ချောမောလှပတဲ့ မိန်းကလေးဖြစ်သည်။

ဆယ်တန်းအောင်ပြီးသားပဲ။

အလုပ်တစ်ခု သွင်းပေးလိုက်ဖို့ စဉ်းစားထားမိသည်။

"နေပါစေ မမ၊ အဘွားလည်း နေမကောင်းသေးဘူး၊ ကျွန်မ အလုပ်လုပ်ဖို့တော့ ကြိုးစားနေပါတယ်"

သူမကိုလည်း မယုံတော့။

သူမဘဝကို သူ မဇင်ယော်ပေါ်မှာ ရိုးသားစွာရပ်တည်နိုင်ရန် ကြိုးပမ်းရမည်သာဖြစ်နေသည်။

ဘယ်သူမှမယုံတော့ဘူး။

မျက်ဝန်းထဲမှ မျက်ရည်တွေ စီးကျလာလေသည်။

ရှင် ...

ရက်စက်တယ်။

ကျွန်မရဲ့ ရိုးသားတဲ့ဘဝလေးကို ဘာဖြစ်လို့ လာဖျက်ဆီးပစ်ရတာလဲ။

"မဇင်ယော်"

"ရှင်"



"သံကြိုးရောက်လာရင် မင်းလက်မခံနဲ့နော်"

"ဟုတ်ကဲ့ပါ မမ၊ ကျွန်မဒီဒုစရိုက်သမားတစ်ယောက်ကို ဘယ်တော့မှအားလည်းမပေးဘူး၊ ဖတ်လည်းမဖတ်သတ်ဝါဘူး"

"မင်းဘဝလေး နစ်သွားမှာစိုးလို့ မမတာ လာပြီးသတိပေးတာပါ မဇင်ယော်၊ မင်းလိုအပ်တဲ့အကူအညီရှိရင်လည်း ပြောပါ"

မမ ...

ပြန်ထွက်သွားသည်။

မဇင်ယော်တစ်ယောက် ကြေကွဲစွာဖြင့် ငိုရှိုက်ပစ်လိုက်ပါ၏။

"မြေး"

"ဟင်"

"ဘွားဘွား အားလုံးကြားပြီးပါပြီကွယ်"

"ဟင်"

ယွန်းမမပြောသွားတာတွေအားလုံး မိမိကြားလိုက်ပြီဖြစ်သည်။

"ကောင်းတယ်၊ မကောင်းမှုဒုစရိုက်သမား သေသွားတာ ဘာမှ ကြေကွဲဝမ်းနည်းစရာအကြောင်းမရှိဘူး"

ဘွားအား အံ့အားသင့်စွာကြည့်မိသည်။

ကြေကွဲဝမ်းနည်းရိပ်တွေ ဘွားမျက်ဝန်းတွေထဲမှာ ရှိနေတဲ့ လေသံတွေက တင်းမာခက်ထန်နေ၏။

"ကျွဲကြီး ဒီမကောင်းမှုဒုစရိုက်လုပ်ငန်းတွေနဲ့ ဘွားတို့ကို မှာ မကျွေးသင့်ပါဘူး"

ဘာမှ ချမ်းသာတာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ဆင်းရဲစွာ နေထိုင်စားသောက်လာခဲ့ရသည်။

မြေး ကျွဲကြီး ပေးဆပ်သွားရ၏။

"အဲ့ဒါ ဒဏ်ခတ်လိုက်တာပဲ"

အဘွားသည် ရှင့်ကျက်တည်ငြိမ်စွာဖြင့် ပြောနေသည်။

"ကျွန်မ အလုပ်လုပ်မယ်၊ ဘွားအားမငယ်ပါနဲ့နော်"

"မဖေင်ယော်"

"ရှင်"

"ညည်းရော ကျုပ်ကို မကောင်းမှုဒုစရိုက်တွေနဲ့ ရှာဖွေမကျွေးစမ်းပါနဲ့"

"မဖေင်ယော်ကို ယုံပါအဘွား၊ ဝတ်သေသွားပါစေ မကောင်းမှုဒုစရိုက်တွေ ဘယ်တော့မှ မလုပ်ပါဘူး"

"ဟိုကောင်လေး သံကြိုးကို လက်မခံနဲ့"

"ဟုတ်ကဲ့ပါ"

ကို့ကို ရိုးသားဖြူစင်တဲ့လူတစ်ယောက်အဖြစ် ထင်မိတာမှားတာပဲ။

ဒုစရိုက်သမားတဲ့။

ရွံလိုက်တာ။

သူမအလုပ်လုပ်ဖို့အတွက် အဘွားနှင့်တိုင်ပင်ကာ အလုပ်ရှာနေမိသည်။

"မဖေင်ယော်"

သူမအလုပ်လျှောက်ပြီး အိမ်အပြန်တွင် လမ်းမှာသူ့ကို တွေ့လိုက်ရသည်။



"ရှင်ကျွန်မအိမ်ကို လာတာလား"

"ဟုတ်တယ်လေ"

"အတော်ပဲ ရှင့်ကိုကျွန်မမေးစရာရှိတယ်"

မဖေင်ယော်ရဲ့လေသံတွေက မာထန်နေ၍ သူအံ့ဩသွားမိသည်။

မျက်နှာထားက တင်းနေ၏။

"မင်းဘာဖြစ်သွားတာလဲ မဖေင်ယော်"

"ကိုသံကြိုး"

"မဖေင်ယော် ...မင်း"

"ရှင်ဘာလဲဆိုတာ ကျွန်မသိပြီ ...ဒီမှာရှင်ပေးထားတဲ့ငွေတွေပြန်ယူတော့"

"မဖေင်ယော် ...မင်း"

"ရှင့်လို ဒုစရိုက်သမားတစ်ယောက်နဲ့ကျွန်မလုံးဝ မပတ်သက်ချင်ဘူး၊ ရှင်သွားတော့"

ငွေတွေကို ပြန်ပေးလိုက်သည်။

"ကို ရှင်းပြတာ နားထောင်ပါဦး မဖေင်ယော်၊ မင်းထင်တာတွေ တစ်ခုမှမဟုတ်ဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ် ရှင့်ကို လုံးဝမပတ်သက်ချင်တော့ဘူး၊ ရှင်ထွက်သွား၊ ကျွန်မအဘွားကလည်း ရှင်လာရင် လက်မခံဖို့မှာထားတယ်"

ယွန်းမမ...

မင်းစနက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်အကျင့်ယုတ်တဲ့ မိန်းမပဲ။

သူ…

အစဉ်မပြေ

လုပ်ငန်းကလည်း လက်တွန့်နေ၍ ဘာမှအလုပ်မဖြစ်ခဲ့။

ရဲတွေကို ဖွင့်ပြောဖို့ကျတော့လည်း တုတ်ကြီးက မျက်ခြေ[illegible] ဖြတ်ရှိနေသည်။

မေမေကြောင့်ပါ။

ယွန်းမမက သူ့အကြောင်းတွေကို သိထားပြီးသား ဖြစ်နေသည်။ [illegible] ခက်နေရ၏။

အခု …

မဖင်ယော်ဆီလာပြောသွားတာပဲ ဖြစ်ရမည်။

"ရှင် ကျွန်မကို ဘယ်တော့မှ လာပြီးမပတ်သက်ပါနဲ့တော့ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မရဲ့ ရိုးသားဖြူစင်တဲ့ဘဝလေး[illegible] လာပြီး မဖျက်စီးပစ်ပါနဲ့နော်"

မဖင်ယော် မျက်ရည်တွေကျလာပြီးသူ့ကို ကျော်ခိုင်းထွက်သွားသည်။

ငွေတွေကို ကောက်ယူလိုက်၏။

ယွန်းမမ…

မင်းသိမယ်။

ရက်စက်တဲ့မိန်းမ

ဘဒင်နှင့်ယွန်းမမအား ထောင်ထဲပို့ဖို့ရန်အတွက် သံကြိုး အစွန်[illegible] ကုန်ကြိုးပမ်းရမည်သာဖြစ်ပါသည်။



ငွေတွေကို ယူပြီးထွက်လာခဲ့၏။

မဖင်ယော် …

မင်းကို ကိုဘယ်တော့မှ စွန့်ခွာမထားခဲ့ပါဘူး။

လက်ထပ်မယ်။

ပိုင်ဆိုင်ဖို့ကြိုးစားမယ်။

ကိုဘယ်တော့မှ နောက်မဆုတ်နိုင်ပါဘူး မဖင်ယော်။

သူ

ထွက်လာခဲ့သည်။

ယွန်းမမသည် သူ့ရဲ့လုပသော အိပ်မက်ကလေးအား နင်းခြေ[illegible]ချက်ဆီးပစ်လိုက်၏။

"တောက်"

ဒေါသတွေ ပေါက်ကွဲပစ်မိသည်။

သူ…

ပြန်လာခဲ့သည်။

ဆရာဘဒင်သည် သူ့အား အကြီးအကျယ် ကြိမ်းဝါးနေတော့[illegible]၏။

"မင်းတော်တော် အသုံးမကျတဲ့ကောင်ပဲ၊ မင်းကိုကျွေးထားရ[illegible]တာ ဆန်ကုန်မြေလေးပဲ၊ မင်းဘာလုပ်မလဲပြော"

"ကျွန်တော် မလုပ်ရဘူး"

"ဘာကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပေးချင်တဲ့အပြစ်ဒဏ်တွေပေးပါဆရာဘခင် ဒီအလုပ်ကို ကျွန်တော်မလုပ်နိုင်တော့ဘူး"

"ကောင်းပြီလေ"

"မင်းကို ဘယ်လိုအပြစ်ဒဏ်ပေးရမလဲဆိုတာ စဉ်းစားမယ် တုတ်ကြီး"

"ဗျာ ဆရာ"

"ဒီကောင့်ကို အချုပ်ခန်းထဲထည့်ထားလိုက်"

"ဟုတ်ကဲ့"

တုတ်ကြီးက သူ့အား တပည့်နှစ်ယောက်နှင့်ချုပ်ပြီးခေါ်သွားသည်။

အခန်းထဲထည့်လိုက်၏။

သူတို့ အချုပ်ခန်းသည် မဲမှောင်နေ၏။

"သံကြိုး"

"ဟင်"

"မင်းက မိုက်မဲတာကိုး၊ ဒါက ဆရာဘခင်ပေးတဲ့ အပြစ်ဒဏ် မဟုတ်ဘူး၊ ယွန်းမမပေးတဲ့အပြစ်ဒဏ်တွေလေ"

"ဘာဗျ"

"မင်းဒုက္ခကောင်းကောင်းရောက်မှ သူ့ကိုအားကိုးမှာလေ ဆရာဘခင်ကို ကျပ်ပေးနေတာ"

"တောက်"

"မင်းဒေါသတွေပေါက်ကွဲနေလေ၊ အစဉ်မပြေလေဖြစ်မှာ



မင်းယွန်းမမနဲ့ပဲဖြစ်ဖြစ် ဆရာဘခင်အလုပ်ဖြစ်ဖြစ် အစဉ်ပြေအောင် လုပ်ပေးစမ်းပါ"

တုတ်ကြီးက အနားမှာနေပြီး စည်းရုံးရေးဆင်းနေသည်။

ခက်တာက ...

မကောင်းမှုဒုစရိုက်တွေကို သူလုပ်ဖို့ ဝန်လေးနေမိသည်။

"မမက မင်းကို အရေးပေးတာ ကြီးမားတဲ့အခွင့်အရေးပဲ၊ ဆရာဘခင်တောင်မရဘူး သံကြိုး"

သူ...

ဘာမှမပြောချင်

ငြိမ်သက်စွာထိုင်နေမိသည်။

မေမေ့ကို ဆန့်ကျင်ပြီး ထွက်ပြေးလာတာပင် အမှားကြီးမှားနေခဲ့၏။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

"မင်း မမိုက်ချင်စမ်းပါနဲ့ သံကြိုး၊ ဆရာဘခင်ကို ဆန့်ကျင်ရင် မင်းဒုက္ခတွေ့လိမ့်မယ်"

မဆန့်ကျင်ရင်လည်း ဒုက္ခတွေ့မှာသေချာသည်။

ဥပဒေနှင့်မကင်းတဲ့အလုပ်တွေကို အသက်နှင့်ရင်းပြီးလုပ်နေရ၏။

ကိုကျွဲကြီးသေပြီ။

"မင်းစဉ်းစားနော် သံကြိုး"

သူငြိမ်သက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစီးကရက်သောက်ချင်သောက်နေ၊ တစ်ဘူးထားခဲ့မယ်"

မသောက်ဘူး။

မူးယစ်ဆေးဝါးတွေ။

ယွန်းမမနှင့်ဘဒင်ကို သူအခဲမကျေနိုင်အောင်ပဲ ဖြစ်နေမိသည်။

မခင်ယော်ရယ်…

ကို…

လူကောင်းပါ။

မိကောင်းဖခင်သားသမီးပါ။

ကိုရဲ့ မိုက်မဲမှုကြောင့် ဒီဘဝဆိုးကြီးထဲမှာ ကျင်လည်နေရတာ

ယွန်းမမ…

ခင်ဗျားကြီးသိမယ်။

သူနောက်ကြောင်းရာဇဝင်တွေကို ယွန်းမမက သိနေသည်။

ရင်ထဲမှာ ပူလောင်နေ၏။

မမေ …

သားမှားပြီ။

စီးပွားရေးကိုပဲ အာရုံစိုက်နေတတ်သော မေမေသည် သူ့ဘဝရဲ့ လိုအပ်ချက်တွေကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းပေးခဲ့ခြင်းလည်းရှိသည် မဟုတ်လား။

မေမေ့ကို အလွန်အမင်း သတိရတမ်းတနေမိသည်။

⚜ ⚜ ⚜



## အခန်း (၁၉)

"မမ …ရာဇာနဲ့လက်ထပ်ထားတာကို လူသိရှင်ကြား ကြေငြာပါ"

"မကြေငြာနိုင်ဘူး ရာဇာ၊ မင်းလိုချင်တာတွေအကုန်ပေးပြီးပြီပဲ၊ မင်းရှုပ်သမျှ ငါလိုက်ဖြေရှင်းပေးခဲ့တာပဲ၊ မင်းကျေနပ်ပါ"

"မကျေနပ်ဘူး၊ ခင်ဗျားကြီး ဒီလိုရှောင်လွှဲလို့ဘယ်ရမလဲ မမ၊ ရာဇာက ဒီလောက်လေးပေးတာနဲ့ ကျေနပ်ရမလားဗျ"

"မင်း"

"မမက နာမည်ရှိနေတဲ့ ဂုဏ်သရေရှိလူကြီးလူကောင်း တစ်ယောက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြတ်ဘာမှ မတတ်နိုင်အောင်ဖြစ်နေမိသည်။

ရာဇာက တခြားကောင်မလေးတွေနှင့် ပေါ်တင်တွဲနေ၏။

မိမိနှင့်ပင်မတွေ့တာကြာပြီ။

အိမ်မကပ်။

သားအတွက် စိတ်သောကရောက်နေရသဖြင့် ရာဇာ့ကိုပင် လှည့်မကြည့်နိုင်။

အိမ်ထောင်မှုကိစ္စတွေအား မိမိစိတ်ပျက်နေမိသည်။

"မင်းလည်း တခြားကောင်မလေးတွေနဲ့ တွဲနေပြီပဲ၊ ငါလေး သလေးကိစ္စ ကျေနပ်သင့်တယ်"

စားသောက်ဆိုင်ကို တွဲလာတဲ့မိန်းကလေးကိစ္စ ဝန်ခံသည်။

မိမိကိုယ်တိုင်မြင်တွေ့ခဲ့ရသဖြင့် ပို၍စိတ်ပျက်မိ၏။

"ငါ့ကို မင်းအကျပ်မကိုင်သင့်ဘူး ရာဇာ"

"မောင်က မမကိုပဲ ချစ်တာပါ"

ရာဇာချစ်တယ်ဆိုတာ မိမိရဲ့ စည်းစိမ်ချမ်းသာဥစ္စာတွေဆိုတာ သိသာနေသည်။

ရွံနေမိ၏။

အချစ်မရှိတော့။

တဒင်္ဂပဲ မိမိသာယာသွားတာပါ။

"မမ ...မင်းစကားတွေကို ငါမယုံကြည်တော့ဘူး ရာဇာ။ မင်းနဲ့လည်း မပတ်သက်ချင်တော့ဘူး၊ မင်းစီးပွားရေးလုပ်ငန်းတစ်ခု ယူပါ"



"မမကလည်း ရာဇာငွေမက်တာမဟုတ်ပါဘူး၊ မမရဲ့ခင်ပွန်း အဖြစ် လူသိရှင်ကြား ထုတ်ဖော်ချင်တာပါ"

ရာဇာ ...

လူလည်ပဲ။

မမမှာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိနေသည်။

အလွှတ်မပေးနိုင်။

အချစ်ကတော့ အစောကြီးက မရှိတော့ပဲဖြစ်သည်။

မိမိမှာ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲတဲ့ အကြောင်းတွေရှိ၏။

နာမည်ပဲ။

ဂုဏ်သိက္ခာပိုင်း ...

"ဟား ...ဟား...ဟား"

"မင်းဘာရယ်နေတာလဲ ရာဇာ၊ ငါဟာ မင်းလှောင်ပြောရာ ဘဝကို ရောက်နေပြီလား"

ခင်မြင့်မြတ် ဒေါသတွေနှင့် ပေါက်ကွဲချင်လာရသည်။

နှလုံးက မခံနိုင်။

အသက်ရှူကျပ်လာသည်။

မောပန်းနွမ်းနယ်လာ၏။

ရာဇာနှင့်အခြေအတင် ဆက်ပြီးမပြောနိုင်တော့ပေ။

"မင်း...မင်းသွားတော့"

"မမ"

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကတော့ လူသိရှင်ကြား ထုတ်ဖော်ရမှာပဲ"

"မင်း ...မင်း"

ရာဇာသဘောကျသွားသည်။

ဒီအသွားကြီးသေလည်း အေးတာပဲမဟုတ်လား။

ဒါမှ ရာဇာပိုင်မှာ

ဝေဟင်ကလည်း ငယ်သေးသည်။

မမလှရာမသွင်းထား၍ စီးပွားရေးလုပ်ငန်းတွေအကြောင်း ဘာမှ မသိပေ။

"မမကို ချစ်လို့ပါ"

ရာဇာထွက်သွားသည်။

အညာလော...

အိမ်မြဲနေသည်။

မိမိနှင့်ဇာရားဝင်လက်ထပ်ထားကြောင်း လူသိရှင်ကြား ထုတ်ဖော်ချင်နေ၏။

မုန်းတီးလာရသည်။

သားကို သတိရလာမိ၏။

"မေမေ စိတ်ချမ်းသာသလိုနေပါ၊ သားအတွက် ဘာမှအရေး မကြီးပါဘူး"

သားသည် ငယ်စဉ်လေးထဲက မိခင်ကို ဒုက္ခမပေးခဲ့။

ထားရာမှနေခဲ့သည်။

စေရာကိုသွားခဲ့၏။



မိခင်နှင့် ဆန့်ကျင်ပြီး ဘာတစ်ခုမှမလုပ်ခဲ့ပေ။

"ကိုရာဇာနဲ့လက်မထပ်ပါနဲ့မေမေ၊ တွဲလည်းမတွဲပါနဲ့ မေမေ ဂုဏ်သိက္ခာထိခိုက်မှာဆိုးလို့ သားပြောတာပါ"

မိမိနားမဝင်ခဲ့။

မိုက်မဲခဲ့သည်။

သားအား ရန်သူတစ်ယောက်ကဲ့သို့ ဆက်ဆံမိခဲ့၏။

"သား"

သူမ

အသံတုန်အော်ဟစ်မိသည်။

ဒေါ်စုစန် ပြေးဝင်လာ၏။

"ခင်မြင့်မြတ်"

"ဒေါ်စုစန်"

"ဘာဖြစ်တာလဲ၊ ညည်းကို ရာဇာ ဘာလုပ်သွားလဲ"

"စကားတွေနဲ့ နှိပ်စက်သွားတာလေ"

"ဘာ"

"ကျွန်မနဲ့သူ လက်ထပ်ထားတာကို လူသိထင်ရှား ကြေငြာ မယ်တဲ့"

"ခင်မြင့်မြတ်ရယ် ညည်းဘာကြောက်နေတာလဲ၊ ရင်ဆိုင်ပြေ ရှင်းပစ်လိုက်စမ်းပါ၊ ဒီကောင်က ညည်းကြောက်မှန်းသိလို့ ခြိမ်းခြောက် နေမှာ"

ခင်မြင့်မြတ် လုပ်ခဲ့တုန်းက လုပ်ခဲ့ပြီးမှ ကြောက်ရွံ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ရဲ။

ရှက်တယ်။

ပတ်ဝန်းကျင်ကို ဘယ်လိုမျက်နှာပြရမလဲ။

ရာဇာက လူကောင်းမဟုတ်။

ကိုယ်ကျင့်တရားပျက်ပြားနေသော ယောကျ်ားတစ်ယောက် ဖြစ်သည်။

"ညည်းဘဝ ရှင်လျက်နဲ့ သေနေပြီပဲ ခင်မြင့်မြတ် သားကို လည်း ပေါ်တင်မရှာရဲဘူး၊ ညည်းကသာ အမြန်ပြန်လာပါသားရယ်၊ မင်းဖြစ်စေချင်တာတွေ မေမေအားလုံးလုပ်ပေးပါမယ်လို့ သတင်းစာမှာ ကြေငြာလိုက်"

ခင်မြင့်မြတ်ရဲ့ ကိုယ်ကျင့်တရားပျက်ပြားမှုကြောင့် သားအိမ်က ထွက်သွားရတဲ့အဖြစ်မျိုး ရင်ဆိုင်နေရသည်။

"ညည်းရောဂါဝေဒနာတွေကို အစိုင်အခဲဖြစ်အောင် မွေးထား သလိုဖြစ်နေပြီ"

"ဒေါ်စုစန်"

"ဘာလဲ ခင်မြင့်မြတ်"

"ကျွန်မမှာ သတ္တိမရှိဘူး၊ ကျွန်မရင်မဆိုင်ရဲဘူး၊ သားအတွက် တာဝန်မဲ့တာတော့ အမှန်ပဲ"

"ညည်း သတ္တိကြောင်တာပါ၊ အရင်ဆုံး ရာဇာ့ကိစ္စဖြေရှင်း လိုက်"

"ဘာဖြေရှင်းရမှာလဲ ဒေါ်စုစန်"



"ခက်တာပဲ အမျိုးသမီးရေးရာသွားပြီး အကူအညီတောင်းပါ လား"

"မဖြစ်နိုင်တာတဲ"

အမျိုးသမီးရေးရာကို သွားလို့လည်းမဖြစ်သေးပါဘူး။

ကိုယ့်အထုပ်ကိုယ်ဖြေ။

"ခင်မြင့်မြတ်"

"ရှင်"

"ညည်းကို ကျုပ်တစ်ခုပြောမယ် ခင်မြင့်မြတ်၊ ညည်းဘယ် အရာမဆို ကျိတ်ပြီးဖြေရှင်းလို့ရမယ်ထင်သလား၊ ညည်းမှားနေပြီ… လုပ်တုန်းက ညည်းစဉ်းစားဆင်ခြင်ခဲ့လို့လား၊ အရှက်သိက္ခာတွေ ထည့်တွက်ခဲ့လို့လား"

ဟုတ်သားပဲ။

မိမိအသက်အရွယ်ကိုမှ မထောက်ထားဘဲ ဒရိုင်ဘာငယ်ငယ် ယောကျ်ားတစ်ယောက်နှင့် တွဲခဲ့မိသည်။

မတွေးချင်ဘူး။

"ညည်း အခုဘာဖြစ်စေချင်လဲ ခင်မြင့်မြတ် ပြော"

"သားကို တွေ့ချင်တယ်"

"ညည်းအလုပ်သင့်ဆုံးကတော့ ဆရာဝန်သွားပြဖို့ပဲ"

"ကျွန်မ"

"ကြာလာရင်မလွယ်ဘူး၊ ညည်းရောဂါဝေဒနာပြင်းထန် လာမယ်နော် ခင်မြင့်မြတ်"

www.burmeseclassic.com

www.burmeseclassic.com



"မော့လိုက်တာ"

"လာ ဆရာဝန်ပြရမယ်၊ ဒီနေ့ရက်ချိန်းပဲ"

ဒေါ်စုစန်က အတင်းဆွဲမ ကားပေါ်တက်စေသည်။

"ညည်းမောင်းလို့ဖြစ်ပါ့မလား ခင်မြင့်မြတ်"

"ဖြစ်ပါတယ်"

ဒရိုင်ဘာမှမရှိတာ။

ရာဇကတော့ သူ့ကောင်မလေးတွေလောက်ပဲ စိတ်ဝင်စားတော့သည်။

မိမိဆေးခန်းမလိုက်ချင်။

အကြောင်းအမျိုးမျိုးပြပြီး ရှောင်ဖယ်နေတတ်သည်။

ခင်းကာဇွေပဲ။

မိမိရဲ့နှာမည်ဖျက်သတင်းနှင့် စည်းစိမ်ဥစ္စာတွေကိုမက်တာ။

"ခင်မြင့်မြတ်"

"ရှင်"

"သွားမယ်"

သူမ…

ကားမောင်းထွက်လာခဲ့သည်။

အင်အားတွေမဲ့နေ၏။

ဒရိုင်ဘာတစ်ယောက်ငှားဖို့လည်း တွန့်ဆုတ်နေမိသည်။

"ညည်းကျန်းမာရေးမကောင်းဘူးနော်၊ ဂရုစိုက်ဦး"

ဟုတ်တယ်။



ကျွန်မ ကျန်းမာရေးကမကောင်းတော့ဘူး မဟုတ်လား။

နှလုံးဝေဒနာတွေကို ပြင်းထန်စွာခံစားလာနေခဲ့ရတော့သည်။

သားရယ် …

မင်းနဲ့မဆုံရတော့ဘဲ မေမေသေသွားမှာ အကြောက်ဆုံးပဲ။

ဇောချွေးတွေက ပြန်ချင်လာသည်။

ဆရာဝန်ကိုပြ၏။

စိတ်ချမ်းသာအောင်နေဖို့နဲ့ စိတ်ဖိစီးမှုဒဏ်ကိုလျှော့ချဖို့ ကြိုးစားပါတဲ့။

ဆေးဝယ်သည်။

အပြင်ပြန်အထွက်တွင် မိမိအကြည့်တွေက အဘွားကြီးတစ်ယောက်နှင့် မိန်းမချောလေးတစ်ယောက်ဆီ ရောက်သွား၏။

"ဟင်"

"ဘာလဲ ခင်မြင့်မြတ်"

"ဟိုမှာ"

"ဘာလဲ"

"အဲ့ဒီအဘွားကြီးနဲ့မိန်းကလေးကို သားနဲ့အတူတူ အငှားကားပေါ်မှာတွေ့လိုက်တယ်"

"ဟင်"

ဟုတ်တယ်။

ဒီမြေးအဘွားပဲ။

ခင်မြင့်မြတ် သေသေချာချာတွေ့လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မြင့်မြတ် ဟုတ်ရဲ့လားအေ၊ ညည်းထင်နေတာလည်း ဖြစ်နေပါဦးမယ်၊ တော်ကြာ အားနာစရာကြီး ဖြစ်နေပါဦးမယ်"

"ဟုတ်ပါတယ် ဒေါ်စုစန်၊ သားနဲ့ပတ်သက်တဲ့လူတွေပဲ"

ခင်မြင့်မြတ် ဝမ်းသာအားရဖြစ်သွားမိသည်။

အဘွားကြီးနှင့် ကောင်မလေးအနား ကပ်သွားခဲ့၏။

ဒေါ်စုစန်လည်း မျက်လုံးပြူး မျက်စိပြူးနှင့် မိမိအနားရောက်လာသည်။

"ကလေးမ"

"ရှင်"

"မင်းတို့ ဘယ်မြို့မှာလဲ"

မြို့သစ်နာမည်တစ်ခုကို ပြောပြသည်။

"အိန္ဒိယလိုက်ပို့ပါရစေ"

"ရှင်"

သားအကြောင်း လမ်းမကြီးမှာ မမေးချင်၍ အိမ်အထိလိုက်ပို့ပေးရန် စကားလမ်းကြောင်းလိုက်မိသည်။

"အဘွားကို ကူသိုလ်ယူချင်တာပါကွယ်"

အငှားကားမငှားနိုင်ကြသော မြေးအဘွား ဘတ်စ်ကားဂိတ်သွားမလို့ဆိုတာ ခင်မြင့်မြတ် အကဲခတ်မိသည်။

"တက်လေ"

"ရှင်"

"အဘွားကို ဒါနပြုမလို့ပါ"



ကားပေါ်တက်ကြသည်။

"ခင်မြင့်မြတ်သေချာရဲ့လားဟယ်"

ဒေါ်စုစန်က အနားကပ်ပြီး လာပြောနေသည်။

မိမိအင်အားတွေပြည့်လာ၏။

သားနှင့်ပတ်သက်ဆက်နွယ်နေတဲ့ မိန်းကလေးပဲ။

သေချာတယ်။

မြို့သစ်ကအိမ်လေးတစ်အိမ်ရှေ့မှာ ရပ်သွားသည်။

"အိမ်ထဲဝင်နားပါဦးကွယ်"

ဒေါ်ခင်မြင့်မြတ် အိမ်လေးထဲဝင်လိုက်မိသည်။

မိမိအနေနှင့် လူသိရှင်ကြား သားကိုမရှာရဲပေ။

အိမ်လေးထဲ ဝင်ထိုင်လိုက်မိသည်။

"ကလေးမ"

"ရှင်"

"မင်းနာမည် ဘယ်လိုခေါ်လည်းကွယ်"

"မဇင်ယော်ပါ၊ အဘွားက ဒေါ်ချာတဲ့"

သားနှင့် ကားတစ်စီးထဲစီးသွားတာ ခင်မြင့်မြတ် သေသေချာချာ မြင်လိုက်ခြင်းသာဖြစ်နေသည်။

"မဇင်ယော်"

"ရှင်"

"လွန်ခဲ့တဲ့ဆယ်ရက်လောက်က မင်းတို့မြေးအဘွားကို ကောင်းလေးတစ်ယောက်နဲ့အငှားကားတစ်စီးပေါ်မှာ တွေ့လိုက်သလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အန်တီက အန်တီ့မှတ်ဉာဏ်ကို သုတေသနလုပ်နေတာဆို တော့ အန်တီတွေ့ခဲ့တာ မင်းတို့မြေးအဘွားနဲ့တူနေလို့"

"ဟုတ်ပါတယ် အန်တီ"

"ဟင်"

မိမိထင်ထားတဲ့အတိုင်းပင် ဖြစ်နေ၍အားတက်သွားသည်။

အခုချိန်မှာ…

သားကို ဘယ်လိုအခြေအနေမျိုးနှင့်ပင်တွေ့ပါစေ မိမိလက်ခံ မည်သာဖြစ်မည်။

တဲအိမ်လေး

ခပ်နွမ်းနွမ်းကောင်မလေးတစ်ယောက်။

"ကောင်လေးရော"

"ရှင်"

"မင်းနဲ့ ဘယ်လိုပတ်သက်နေလဲကွယ်၊ ဒေါ်စုစန် ကြည့်စမ်း ကျွန်မမှတ်ဉာဏ်ဘယ်လောက်ကောင်းလဲ၊ ဟုတ်တယ်၊ ကောင်လေးက ခပ်ချောချောလေးမဟုတ်လား"

မိမိကိုတစ်မျိုးထင်မှာစိုး၍ ပြောရသည်။

မသေချာသေးပဲနှင့် သားရဲ့မိခင်ဆိုတာ မပြောချင်သေးပေ။

"ဟုတ်ပါတယ် အန်တီ၊ သူ့နာမည် သံကြိုးပါ၊ သူ့အကြောင်း တွေ မစင်ယော်လုံးဝမပြောချင်ပါဘူး"

သံကြိုးတဲ့



ဝေဟင်အာကာမဟုတ်။

စိတ်မောသွားမိသည်။

"သံကြိုးက မစင်ယော်ရဲ့သူငယ်ချင်းပါ၊ ဒါပေမဲ့ သူက လူလိမ် လူညာတစ်ယောက်ပဲ အန်တီ၊ မကောင်းမှုဒုစရိုက်သမားတစ်ယောက် ဖြစ်နေတယ်လေ"

ကောင်မလေး ပြောပြသော အကြောင်းအရာတွေက သားနှင့် ဘယ်လိုမှ မပတ်သက်မဆက်နွယ်နိုင်ပေ။

နိုးဆိုးလုယက်ပြီး သူမအား ထောက်ပံ့ကူညီခဲ့တာတဲ့။

"ကျွန်မ ရှုံလို့ မဆက်ဆံတော့ဘူး အန်တီ၊ သူထောက်ပံ့တဲ့ ပိုက်ဆံတွေလည်း ပြန်ပေးလိုက်တယ်"

ဆက်ပြီးနားမထောင်လိုတော့သဖြင့် နှုတ်ဆက်ပြီး ပြန်လာခဲ့မိ သည်။

⚜ ⚜ ⚜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မောင်"

"ခင်ဗျားဘာလာလုပ်တာလဲ၊ ကျုပ်အသေခံမယ်၊ ခင်ဗျားထွက် [illegible] သွားနော်"

"မင်းခေါင်းမမာချင်စမ်းပါနဲ့ မောင်ရယ်၊ မမတို့နှစ်ယောက် [illegible] ထွက်ပြေးကြရအောင်နော်"

"ကျုပ်မပြေးဘူး၊ ဆရာဘဒင်ခိုင်းစေတာ အကုန်လုပ်ဖို့ [illegible] ဆုံးဖြတ်လိုက်ပြီ ယွန်းမမ"

"ဘာ"

"ကျုပ်ဘဝကို ရင်ဆိုင်မယ်၊ ခင်ဗျားလိုမိန်းမယုတ်တစ်ယော [illegible] နဲ့ ဘယ်တော့မှ မပတ်သက်ဘူး၊ ခင်ဗျားထွက်သွား"



ယွန်းမမအား ရွံရှာမုန်းတီးစွာဖြင့် အော်ထုတ်မိနေသည်။

မိန်းမယုတ်မ တစ်ယောက်နှင့် ပတ်သက်ဆက်ဆံရမှာ ကြောက်နေမိသည်။

မထူးတော့ဘူး။

ဘဝကို ရင်ဆိုင်တော့မယ်။

သူ့စိတ်ထဲမှာ နောင်တတွေနှင့် ဒီဘဝမှလွတ်မြောက်စေရန် ရုန်းထွက်လို့မဖြစ်နိုင်တော့ဘူးဆိုတာ သိနေသည်။

ရင်ဆိုင်မယ်။

"မောင် မင်းစဉ်းစားနော်၊ မင်းမေမေဆီ ငါသွားပြီး မင်းရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို သွားပြီးပြောပြရမလား"

"ကျုပ်မေမေနဲ့ခင်ဗျား ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူး"

"ကိုဘဒင်ကို ပြောလိုက်ရင်ရော"

"ခင်ဗျား"

"မင်း အမေငွေညစ်ခံရမှာနော်၊ မောင်သံကြိုး အဲ…ဝေဟင် အာကာ"

"ခင်ဗျား တော်တော်အကြံပက်စက်တာပဲ၊ ကျုပ်မေမေကို ထိပါးရင် ခင်ဗျားတို့တစ်ဖွဲ့လုံး မလွယ်ဘူးမှတ်တော့"

"ကြည့်ပြောပါဦး မောင်ဝေဟင်ရယ်၊ မင်းဘယ်သူ့လက်ထဲမှာရောက်နေတာလည်းဆိုတာလည်း စဉ်းစားကြည့်ပါဦး"

"ကျုပ်ဘာကိုမှ ဂရုမစိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဝေဟင်"

"ခင်ဗျားထွက်သွားပါ၊ ကျုပ်ထပ်ပြောမယ်၊ ကျုပ်ခင်ဗျားနဲ့ လုံးဝမပတ်သက်ချင်ဘူး"

သူ…

ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေမိသည်။

ယွန်းမမ…

မင်းကြောင့် မဖင်ယော်က ငါ့ကို မုန်းတီးသွားတာပဲ။

"မောင်"

သူ…

မလှုပ်။

"မမက မောင့်ဘဝကို ကယ်တင်နိုင်တဲ့သူပါ၊ ဒီလောက် ကြမ်းကြမ်းတမ်းတမ်း မောင်မဆက်ဆံပါနဲ့ကွယ်၊ မောင့်မေမေရဲ့ ဝိဉာဏ်သိက္ခာတွေရော ထည့်မစဉ်းစားတော့ဘူးလား"

"တောက်"

ဒေါသတွေနှင့် ပေါက်ကွဲချင်လာမိသည်။

ဒီမိန်းမကို သတ်ပစ်ချင်၏။

သူ…

ကြိုးတုတ်ခံထားရသည်။

ဘဒင်က ရက်စက်ကြမ်းတမ်းစွာ အပြစ်ပေးနေခဲ့၏။

"မင်းလိုခေါင်းမာတဲ့ကောင် လေးတွေကို ပျော့သွားအောင် လုပ်ပစ်တတ်တယ်၊ မင်းဆရာဘဒင်ခိုင်းစေတာ လုပ်လိုက်ပါ"



တုတ်ကြီးကပြောသည်။

မလုပ်လို။

ဒါပေမဲ့…

လွတ်မြောက်ရာလမ်းစကမရှိနိုင်တော့ပေ။

အမိက …

မေမေပဲ။

"ကောင်းပြီလေ၊ မင်းက ခေါင်းမာနေတော့ မင်းတိုက်နဲ့ မင်းကံပဲ၊ မင်းအမေလို လုပ်ငန်းရှင်ကြီးအကြောင်း ဝတ်ဝန်းကျင်က သိရတော့မှာပေါ့လေ၊ မင်းလိုသားတစ်ယောက်ထွက်ပြေးပြီး ခုစရိုက် မှုတွေ ကျူးလွန်နေတာ"

"ခင်ဗျား"

"ဟင်း …ဟင်း …ဟင်း"

သူမ…

ရယ်နေသည်။

"မင်းထပ်စဉ်းစားပါဦး မောင်၊ မမက အများကြီးညှာတာပါ တယ်၊ မင်းနဲ့မမထွက်ပြေးဖို့ အကြံအစည်တွေ လုပ်ထားပြီးပြီနော်"

သူ့အကြည့်တွေက ခါးသီးစွာဖြင့် ဒေါသတွေ ဝင်းဝင်းတောက် နေသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကာစ်ထားမိသည်။

သူ…

ဘာဆက်လုပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့အတွက်တော့ ကာကွယ်စောင့်ရှောက်သင့်သည်ဟု ထင်မိသည်။

ဖတ်ဝန်းကျင်မှာ နာမည်ကြီးစွာ ရပ်တည်၍ စီးပွားရှာနေသော မေမေသည် သူ့ကိုပင်ပေါ်တင်မရှာနိုင်ပေ။

သတင်းစာတွေဘာတွေမှာကြေညာတာမျိုးလည်း မရှိခဲ့။

ရှာရော‌ရှာရဲ့လား။

ယွန်းမမကတော့ စိတ်မလျှော့သေးပဲ သူ့အနားမှာရှိနေဆဲပင်။

"ယွန်းမမ"

"ပြောလေမောင်"

"ကျွပ်ခင်ဗျား အကျင့်စရိုက်တွေကို ဆရာဘဒင်ဆီ ဖွင့်ပြောမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ မင်းလိုကောင်လေးတစ်ယောက်စကား ဘယ်သူကယုံမှာလဲ၊ မင်းစဉ်းစားနော်၊ မမကတော့ မင်းအတွက် အားလုံးစဉ်းစားထားပြီးပြီ"

စီးကရက်တစ်လိပ်အား မှေးစင်းစွာဖွာရှိုက်နေသော မိန်းမချော တစ်ယောက်ရဲ့မျက်ဝန်းတွေက ရွံရှာစက်ဆုတ်ဖို့ကောင်းနေသည်။

မစင်ယော်…

ကိုယ် မင်းကိုပဲချစ်တယ်။

ယုတ်မာကောက်ကျစ်တဲ့ ယွန်းမမနဲ့ကိုယ့်ဘဝကို စတင်ရတော့ မယ့်အခြေအနေမျိုးဖြစ်နေပြီလေ။



ဒီမိန်းမက လိုက်လျှောရင်ကော မေမေ့အတွက် အကာအကွယ် ပေးမလား။

တစ်နည်းနည်းနှင့်ဒုက္ခပေးဖို့ ထပ်ကြိုးစားမှာ သေချာသလောက် ပင်။

"ဆရာဘဒင်က မင်းစိတ်တွေ ပျော့ခွေသွားပြီး သူ့အမိန့်ကို နာခံတတ်အောင် လေ့ကျင့်ပေးဦးမှာနော်"

ယွန်းမမကပြောပြီး သူ့အနားက ပြန်ထွက်သွားတော့သည်။

သူ…

စိတ်တွေ ညစ်နေမိသည်။

မကောင်းမှုဒုစရိုက်တွေ ကျူးလွန်ဖို့သူ့စိတ်တွေ မငြိမ်မရှိဖြစ်မိတာ တော့အမှန်။

"ရှင့်ကို မုန်းတယ်၊ ရှင်ခိုးဆိုးလုယက်လာတဲ့ ငွေတွေကို ငတ်သေပါစေ ဘယ်တော့မှ မသုံးဘူး၊ ရော့ ပြန်ယူသွား"

ချစ်သူရဲ့ ခါးသီးရွံမုန်းစွာပြောနေသော စကားတွေကို ပြန်၍ ကြားယောင်လာမိနေရသည်။

ယွန်းမမကြောင့် …

မေမေ့ဆီလည်းသွားပြီး အကောက်ကြံမှာစိတ်ပူနေမိသည်။

"သံကြိုး"

"ဟင်"

တုတ်ကြီးအသံ

www.burmeseclassic.com

www.burmeseclassic.com



"မင်းစီးကရက်သောက်မလား၊ မင်းစဉ်းစားနိုင်အောင် ဆရာကြီးက တမင်ပေးခိုင်းလိုက်တာ"

သူ…

လက်မခံ။

စီးကရက်ဘူးကို ကမ်းပေးနေတဲ့ တုတ်ကြီးလက်ကို ပုတ်ထုတ်ပစ်မိသည်။

"မင်းခေါင်းမမာနဲ့နော် သံကြိုး၊ မင်းဆရာဘဒင်ရဲ့ သစ္စာခံပါ၊ မင်းအတွက် အကျိုးရှိနိုင်မယ်"

သူဘာမှ မပြောမိ။

သက်ဆိုင်ရာကို ဖော်ထုတ်ဖို့ သူသတ္တိကြောင်နေလို့ မဖြစ်မှန်း သိလာသည်။

မင်းတို့ကို ဥပဒေဘောင်ထဲ ပို့ပစ်ရမယ်။

အပြစ်ဒဏ်တွေခံစားစေရမယ်။

လူငယ်တွေ …

မသိနားမလည်သူတွေ …

ဆင်းရဲနွမ်းပါးသူတွေ …

ဘယ်လောက်အထိများ ဘဒင်သားကောင်ဖြစ်နေကြရပြီလဲ။

စီးကရက်က ရိုးရိုးသားသား မဖြစ်နိုင်တာ သေချာသည်။

သူ့အများတွေအတွက် နောင်တတွေပဲရနေမိ၏။

ဘာမဟုတ်တဲ့အကြောင်းတစ်ခုနဲ့ သူ့ဘဝလမ်းမှားပေါ်ရောက်စေတာပဲ။



မေမေ့ကို မကျေနပ်တာကစပြီး အိမ်ပြေးလုပ်မိတာကပင် သူ့ဘဝဒုက္ခတွေ ပင်လယ်ဝေခဲ့ရတော့မည့်အဖြစ်မျိုးတွေနှင့် ရင်ဆိုင်နေခဲ့ရပြီဖြစ်သည်။

⚜ ⚜ ⚜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ကျွန်မသားမဖြစ်နိုင်ဘူး ဒေါ်စုစန် သံကြိုးတဲ့၊ ခိုးဆိုးလုယက်တဲ့ကောင်တဲ့၊ ကျွန်မသားနဲ့တူတာတော့ အမှန်ပဲ၊ တကယ်ကိုတူတာ၊ တော်တော်တူတာယ်"

ခင်မြင့်မြတ်သားကို တွေ့ခဲ့စဉ်က သားမှသားအစစ်ပါ။

သံကြိုးတဲ့။

မဖြစ်နိုင်ဘူး။

ခင်မြင့်မြတ်သားက အဲ့ဒီလောက်အထိ အောက်တန်းကျတဲ့ ဘဝမရောက်နိုင်ဘူး။

"သံကြိုးဆိုတဲ့ကောင်လေးက သားနဲ့ တော်တော်တူတာပဲ"

"မင်းသားဖြစ်နေရင်ရော ခင်မြင့်မြတ်"

"မဖြစ်နိုင်ပါဘူး"



"သားကို အပူတပြင်းရှာသင့်တယ်၊ မကောင်းမှုဒုစရိုက်လောကထဲရောက်နေရင် အခက်တွေ့မယ်နော်"

ဒေါ်စုစန်စိတ်ပူစွာဖြင့် ပြောနေမိသည်။

သားရှိစဉ်က မိမိသည်ပင် သားအပေါ် ခင်မြင့်မြတ်ကွယ်လျှင် ကွယ်သလို ဂရုမစိုက်လုပ်တာတွေရှိခဲ့၏။

အခုမှ

စိတ်မကောင်းဖြစ်မိသည်။

သားက လိမ္မာ၏။

တော်ရာမှာနေ၏။

ကျွေးတာနှင့်စား၏။

ဂျီးမများတတ်။

မိခင်ကို မကျေနပ်ချက်နှင့် သားထွက်သွားခြင်းဖြစ်သည်။

"သားမှာ အပြစ်မရှိဘူး ခင်မြင့်မြတ်"

ဒေါ်စုစန်စကားတွေကို ခင်မြင့်မြတ်ထောက်ခံမိသည်။

ဟုတ်တယ်။

သားမမှားဘူး။

မိခင်ဖြစ်တဲ့ ခင်မြင့်မြတ်ပဲ အင်မတန်တရားကင်းမဲ့ခဲ့တာပဲ။

အခု

မိမိအနားမှာ ရာဇာ မရှိ။

သူနှင့်လက်ထပ်ထားတာ လူသိရှင်ကြားမလုပ်စေချင်ရင် သူတောင်းဆိုတာတွေပေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်နေသည်။

မိမိကလည်း စောစောကတော့ လျှို့ဝှက်ထားဖို့ မရည်ရွယ်ပါဘူး။

သားကြောင့်

နာမည်ပျက်သတင်းတွေ

သားကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေက လိမ္မာတဲ့သား တစ်ယောက်အဖြစ် မြင်တွေ့နေခဲ့ကြသည်သာဖြစ်သည်။

မိမိနှင့် ဒရိုင်ဘာ

အရင်က

ဘာဖြစ်လို့ မတွေးမိတာလဲ

အရှက်မဲ့ခဲ့သည်။

ပျော်ရွှင်သာယာမိခဲ့၏။

"ခင်မြင့်မြတ်"

"ရှင်"

"မင်းဖုန်းကွယ်နေလည်း ပတ်ဝန်းကျင်က အခုလောက်ဆိုရင် သိချင်သိနေမှာပဲ"

"ဟင်"

သူမ…

ထိတ်လန့်နေမိသည်။

ပတ်ဝန်းကျင်အားရင်မဆိုင်လို

တော်ကြာ…



ဖုန်းတွေနဲ့ရော၊ လူကိုယ်တိုင်ရော၊ ဖက်စ်တွေနှင့်ပါ သတင်းတော့မည်။

ဘယ်လိုဖြေရမလဲ။

ခင်မြင့်မြတ်ကို မကျေနပ်လောက်အောင် ဘာတွေလုပ်ခဲ့လို့လဲ။

အို …

မတွေးတာအကောင်းဆုံးပဲ။

ရင်တွေပူလိုက်တာ။

"ခင်မြင့်မြတ်"

"ရှင်"

"မဖင်ယော်သာ ညည်းချွေးမဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟင်"

အထိတ်တလန့်ဖြစ်ချင်သွားမိသည်။

အရင်က

ခင်မြင့်မြတ်က အလွန်အမင်း မာနထောင်လွှားတတ်တဲ့မိန်းမ

"ကျွန်မသားကိုသာတွေ့ရင် ဆင်းရဲတာ ချမ်းသာတာတွေ တွေ ထည့်မစဉ်းစားတော့ပါဘူး"

ကောင်မလေးက ချောချော၊ ဆင်းရဲနွမ်းပါးတာလေးတစ်ခုပဲ ရှိတာပါ။

"ကောင်မလေးက မာနရှိတယ်၊ အဲ့ဒါ ကျွန်မသဘောကျတဲ့ …ပဲ၊ လူဆိုးလူပေလေးတစ်ယောက်မှန်းသိတော့ မပတ်သက် …လေ"

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသော မိန်းမချောလေးတွေရဲ့ အနာဂတ်မလှမပ ဖြစ်နေတဲ့အချိန်တွင် ဒီမိန်းကလေးက ကိုယ်ကျင့်တရားတွေကို ထိန်းသိမ်းနိုင်ခဲ့သည်။

"ကောင်မလေး မဆိုးပါဘူး၊ ဒါပေမဲ့ သားက ဒါတွေ စိတ်မဝင်စားပါဘူး"

ဒေါ်စုစန်မှာ စိတ်တွေကို အတော်လေးဖြေဖျောက်နေပါသည်။

"ဒေါ်စုစန်"

"ဟင်"

"ကျွန်မကို ဆေးတိုက်ပါဦး"

"ဟုတ်သားပဲ ဆေးသောက်ချိန်တောင် ရောက်နေပြီ"

စိတ်တွေက နှစ်ယောက်လုံး ထွေနေကြသည်။

ခင်မြင့်မြတ်ကို ဆေးတိုက်သည်။

"အနားယူတော့"

"အင်း"

ဒေါ်စုစန်အနားမှာရှိနေ၍ မိမိ၏စိတ်ဖြေရာရနေခြင်းဖြစ်သည်။ တိုင်ပင်ဖော်လည်းရ၏။

ရာဇာနှင့် တတွဲတွဲရှိနေစဉ်က ဒေါ်စုစန်ကိုပင်သတိမရ။

သားကို ထိန်းကျောင်းတဲ့အစေအပါးတစ်ယောက်အဖြစ်သာ ထင်မှတ်ခဲ့သည်။

မိမိအမှားတွေပဲ။

"ကရင်...ရင်"



ဖုန်းသံမြည်လာသည်။

သားဆီကလာတာလားဟု တွေးမိသွားပြီး ထမ်းနေကတန်နားထောင်မိ၏။

"ဒေါ်ခင်မြင့်မြတ်လား"

မိန်းမတစ်ယောက်အသံ စိမ်းလွန်းနေသည်။

မဖင်ယော်လား။

မဖြစ်နိုင်။

ထိုအသံရှင်က ရင့်ရော်သော အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက်အသံ။

"ဘယ်သူပါလဲရှင်"

"ယွန်းမမ"

"ဟင်"

"ဒေါ်ခင်မြင့်မြတ် သားအကြောင်းသိနေတဲ့ မိန်းမတစ်ယောက်လေ"

"ဟင် ...ရှင် ...ရှင် ဘယ်သူလဲ၊ ဘာကြောင့်ဆက်သွယ်တာလဲ၊ ကျွန်မသား ဘယ်မှာရှိလဲဟင် ပြောစမ်းပါ"

"ဒေါ်ခင်မြင့်မြတ်"

"ရှင်"

"ရှင့်သားနဲ့ရှင် ဆက်သွယ်နိုင်တဲ့ အမြဲတမ်းပြောနေကျစကားတစ်ခွန်းလောက်မရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအစီပွါယ်လဲ၊ သားရောဘယ်မှာလဲ၊ မင်းပြောစမ်းပါ ငါသားကို အရမ်းတွေ့ချင်နေတယ်"

ခင်မြင့်မြတ် အလောတကြီးနှင့် သားအကြောင်းတွေကို မေးနေမိသည်။

"သိဖို့စောပါသေးတယ်"

"ဘာကွဲ"

"အချိန်မတန်သေးလို့ဘဲ၊ လောလောဆယ် မမမေးတာလဲ ဖြေပါဦး"

"ဟေ့ ငါမင်းထက်အသက်ကြီးမယ်ထင်တယ်နော် မိန်းကလေး"

"ကျွန်မက ကိုယ့်နာမည်ထည့်ပြောတာပဲ၊ မမလေ ယွန်းမမ"

"မင်းဘယ်သူလဲ"

"မသိချင်ပါနဲ့"

"ကျွန်မမေးတာသာဖြေပါ"

"မဖြေဘူးဆိုရင်ရော"

"ဒေါ်ခင်မြင့်မြတ် သားနဲ့တွေ့ချင်နေမှာပဲနော်"

"ညည်းဘာဖြစ်ချင်တာလည်း ကျုပ်ဘာလုပ်ပေးရမလဲ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"မဖြစ်သေးဘူး"

"ငါသားရော"

"နည်းနည်းနေမကောင်းဖြစ်နေတယ်"



"ဟင် မိန်းကလေး မင်းတို့တွေ့ပါရစေ၊ သားအတွက် အန်တီ အရမ်းစိတ်ပူနေတယ်၊ မင်းကို ငွေကြေးပေးနိုင်လို့လား"

"လောလောဆယ်တော့ ဘာမှမလိုသေးပါဘူး"

"ကျွန်မ လိုအပ်တာပဲပြောပါ"

"ပြောမယ်ဆိုရင်ရော"

"အကျိုးရှိမယ်လေ"

"ပြောမယ်"

"ပြော"

"ကျုပ်သားကို ချစ်စနိုးနဲ့ ဟန်နီလေးလို့ ခေါ်တတ်တယ်၊ ကျုပ်သားကို အလွန်အမင်း ဥပေက္ခာပြုထားမိပြီးတဲ့အခါ သားစိတ်ကောက်နေရင် ဟန်နီလေး မေမေ့ကို စိတ်ကောက်နေလား၊ မေမေ စီးပွားရေးတွေ လုပ်နေရတာ မအားလို့ပဲကွာလို့ ချော့တတ်တယ်၊ အဲ့ဒါကလည်း ငယ်ငယ်ကမှ ကြီးမှတော့ ပြဿနာကြီးသွားချင်နေတယ်၊ အရာအားလုံး သားနဲ့အန်တီ ဆန့်ကျင်ဘက်ပဲ"

ခင်မြင့်မြတ် ရင်ဖွင့်မြစ်လိုက်မိသလိုပင်ဖြစ်သွားသည်။

"ကျေးဇူးပဲ"

"ယွန်းမမ"

"ရှင်"

"မင်း"

"ဘိုင့်"

ဖုန်းချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမေးမရ။

သားဘယ်ရောက်ပြီး ဘာတွေဖြစ်နေမှန်းပင် မသိတော့။

"ခင်မြင့်မြတ်"

"ဒေါ်စုစန်"

"သားသတင်းလား"

"အင်း"

ယွန်းမဆိုတဲ့ မိန်းကလေးတစ်ယောက်နှင့် ပြောဆိုခဲ့တာတွေ ပြောမိသည်။

"သားအခြေအနေကောင်းပါတော့မလား"

"ဟုတ်တယ်၊ ကျွန်မလည်း စိတ်ပူလာပြီး ဘယ်လိုဆက်လုပ်ကြမလဲဟင်"

"သက်ဆိုင်ရာကို လူပျောက်တိုင်လိုက်ပါလား"

"ကျွန်မ"

"ခက်တာပဲ ညည်းအရက်သိက္ခာတွေထက် ညည်းသား အသက်သေမှာကိုရော မစဉ်းစားတော့ဘူးလား ခင်မြင့်မြတ်"

မိမိစိတ်ရှုပ်ထွေးစွာဖြင့် အသက်ရှူပင် မွန်းကြပ်လာသည်။

"ညည်း စိတ်ကူးမလွဲနဲ့နော်၊ ညည်းသားတစ်ခုခုတော့ ဖြစ်နေပြီ"

ခင်မြင့်မြတ် တွေးမိသွားတာက သံကြိုးဆိုတဲ့ကောင်လေးယောင် သားနာမည် လွှဲပြောသွားခဲ့တာမျိုးလား။

စိတ်ပူသွားမိသည်။



"ကျွန်မသားလေး"

မခင်ယော်ဆီ ထပ်သွားပြီး စုံစမ်းချင်လာမိသည်။

"ကျွန်မ ဟိုကောင်မလေးဆီသွားမယ်၊ ယွန်းမဆိုတဲ့ မိန်းမ တစ်ယောက်အကြောင်းမေးရမယ်၊ သားဟာ ခင်းတို့နဲ့ပတ်သက်နေမှာပဲ"

"သက်ဆိုင်ရာကို အရင်အကြောင်းကြားလိုက်ပါ ခင်မြင့်မြတ်"

"ကျွန်မသားလေးအသက်အန္တရာယ်ကို စိတ်ပူတယ်"

ဒုစရိုက်သမားတွေလက်ထဲရောက်နေရင် ဘယ်လိုလုပ်မလဲ။ အသက်အန္တရာယ် စိုးရိမ်ရလား။

ခင်မြင့်မြတ် တစ်ယောက်ထဲ မခင်ယော်ဆီသွားဖို့ စဉ်းစားနေမိသည်။

ထိုအချိန်တွင် ...

ရာဇာရောက်လာသည်။

သားနှင့်ပတ်သက်တဲ့အကြောင်း အရာတွေကို မပြောချင်။

"မမဘယ်လဲ"

"အပြင်"

"ရာဇာလိုက်ပို့မယ်"

"မလိုပါဘူး"

"ဘယ်လိုဖြစ်တာလဲ မမရာ၊ အရင်ကတော့ ရာဇာနဲ့မှ မမက သွားတတ်တာဆို၊ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းငါနဲ့ ကင်းကင်းနေပါ ရာဇာ၊ မင်းလိုချင်တာတွေ ပေးမ

ငါ့ကို ကွာရှင်းပေးဖို့ပဲ မင်းစဉ်းစားထားပါ"

သားလေးအတွက် စိတ်သောကတွေရောက်နေသေ

ခင်မြင့်မြတ်ကို ရာဇာက စိတ်ဒုက္ခတွေပိုရောက်စေရန် ပညာရှိနှိပ်စ

နေသည်သာဖြစ်သည်။

ကွာရှင်းဖို့ပဲ ဆန္ဒတွေပြင်းပြစွာရှိနေ၏။

မိမိစီးပွားဥစ္စာတွေ သိမ်းကျုံးရာခဲ့တာ အနာဂတ်အတွက်ပဲ

အခု ...

ရာဇာ့အတွက်ဖြစ်နေသည်။

ခင်မြင့်မြတ်အပေါ် သစ္စာမဲ့နေသော ရာဇာသည် စည်းစိမ်

ဥစ္စာတွေအပြည့်နှင့် ထင်တိုင်းကြဲနေသော ဘဝဖြစ်ခဲ့ရ၏။

သားက မခံစားရ။

ဘယ် ရောက်နေမှန်းပင်မသိသော သား၏အနာဂတ်က

ကြောင့် မဲမှောင်ပိတ်နေသော ချောက်ကမ်းပါးတစ်ခုသာဖြစ်ခဲ့ရသည်

"မမ"

"မင်းငါ့ကို မနှောင့်ယှက်ပါနဲ့ ရာဇာ၊ ငါအရာရာကို ရင်ဆိုင်

နိုင်လာတဲ့ ခင်မြင့်မြတ် ဖြစ်နေပြီ"

"မမဆီက အခုလိုကြားရတာ သိပ်ဝမ်းသာတာပဲ၊ မမရင်ဆိုင်

ပြီဆိုရင် မမနဲ့ရာဇာ လက်ထပ်ထားတာ လူသိရှင်ကြားကြေငြာလိုက်

တော့မယ်နော်"

သားအိမ်မှထွက်ပြေးသွား၍ မိမိဂုဏ်သိက္ခာအရ ခေတ္တလျှို



ထားခြင်းကို လောဘရှုက်ကြီးသော ရာဇာက သည်းခံနိုင်လောက်

အောင် တောင်းဆိုနေသည်။

မတတ်နိုင်တော့ဘူး။

ရင်ဆိုင်မယ်။

ဒေါ်စုစန် ပြောသလိုပဲ။

ခင်မြင့်မြတ် သတ္တိမရှိရင် ရာဇာက ပိုပြီး ခြိမ်းခြောက်နေတော့

မှာသေချာသည်။

သားပဲ အရေးကြီးတယ်။

ခုလောက်ဆိုရင်လည်း မိမိဖုံးကွယ်သိုသိပ်ထားတာတွေ အားလုံး

မိမိအသိုင်းအဝိုင်းတွေက သိနေလောက်ပြီပဲ။

ယွန်းမမတောင် မိမိကိုသိသည်။

ရာဇာ့ကို ကျော်ခိုင်းပြီး ခင်မြင့်မြတ်ထွက်လာခဲ့သည်။

မဇင်ယော်ဆီသွားမယ်။

ဒီကောင်မ ချောချောလေးကို ခင်မြင့်မြတ် ယုံကြည်နေမိ

သလိုပဲ။

စိတ်ကသိနေသည်။

မဇင်ယော်နှင့်ပတ်သက်ခဲ့တဲ့ သံကြိုးဟာ သားဖြစ်မှာပဲလေ။

ဒုစရိုက်သမားလက်ထဲ သားရောက်ရင်တော့ သံကြိုးဟာ

သားဝေဟင်ပဲ။

ကြည့်စမ်း။

မိမိမေ့သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဖင်ယော်ကို သံကြိုးရဲ့ ပုံပန်းသဏ္ဍာန်တွေ၊ သံကြိုးနှင့်ပတ်သက်တဲ့ အမှတ်တရပစ္စည်းလေးတွေပင် မမေးမြန်း မစုံစမ်းမိခဲ့ပေ။

သံကြိုးဟာ သားမဟုတ်နိုင်ဘူးဆိုတဲ့အသိနှင့် လှည့်ပြန်ထွက်လာခဲ့မိသည်။

မေးသင့်တယ်။

စပ်စုရမယ်။

မိမိတွေ့ခဲ့သော ကောင်လေးသည် သားနှင့်ထပ်တူထပ်မျှ တူညီနေခဲ့တာပဲ မဟုတ်လား။

⚜ ⚜ ⚜



## အခန်း (၂၂)

"မဖင်ယော်"

"ဟင် အန်တီ"

ခန့်ညားချောမောသော မိန်းမကြီးတစ်ယောက်သည် မဖင်ယော်ထံ ရောက်လာသည်။

သူမအံ့ဩနေမိသည်။

တော်တော်လေး ချမ်းသာကြွယ်ဝတဲ့ မိန်းမကြီးတစ်ယောက်။

"အန်တီ နာမည် ခင်မြင့်မြတ်ပါ"

"ဟုတ်ကဲ့"

"မင်းအဘွားရော"

"ဘုန်းကြီးကျောင်းသွားပါတယ် အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



မခင်ယော်နှင့် သံကြိုး ဘယ်အတိုင်းအတာအထိ ပတ်သက်ခဲ့တာလဲ။

အကယ်၍ ...

သံကြိုးက မိမိသားဖြစ်နေလျှင်

"ကလေးမ"

"ရှင်"

"မင်းကို မေးစရာရှိတယ်ကွယ်"

"အန်တီက ဘယ်သူလဲ၊ သံကြိုးနဲ့ ဘယ်လိုပတ်သက်နေလဲဟင်"

"သံကြိုးဆိုတာနဲ့တော့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဒါပေမယ့် သံကြိုးရဲ့ ပုံပန်းသဏ္ဌာန်ကို ဖော်ပြပေးပါလား"

"သံကြိုးနဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှမပြောချင်တော့ဘူး၊ သူ့အကြောင်း မစဉ်းစားချင်တော့ဘူး"

သံကြိုးဘယ်ရောက်နေပြီလဲ။

တကယ်ဆို...

သံကြိုးဟာ မခင်ယော်ရဲ့ကျေးဇူးရှင်ဖြစ်နေသည်။

ပစ်ပစ်ခါခါ မပြောသင့်ဟု မခင်ယော် ထင်လာမိ၏။

"အန်တီနဲ့ သံကြိုး ဘာမှ မပတ်သက်ဘူးဆိုရင် ကျွန်မ ဘာမှ မပြောပါရစေနဲ့တော့"

"မင်းပြောပါ မင်းအတွက် လိုအပ်တာ အန်တီဖြည့်စွမ်းပေးပါမယ်၊ ငွေကြေးကိစ္စ"



"အန်တီပြန်ပါတော့"

"ဟင်"

ကောင်မလေးက လက်မခံ။

မာနတော့ရှိသည်။

ဆင်းရဲနွမ်းပါးပေမယ့် ကိုယ်ကျင့်တရားမပျက်ပြားသော မိန်းကလေးဖြစ်၏။

စိတ်ထဲမှာ လေးစားသွားမိသည်။

"ကျွန်မအတွက် ဘာငွေကြေးမှလည်း မလိုအပ်ပါဘူး၊ သူများဆီက မတရားရတဲ့ ငွေကြေးလည်း ကျွန်မလုံးဝလက်မခံနိုင်ဘူး အန်တီ"

"မင်းအလုပ်ရပြီလား"

"ဟုတ်ကဲ့ ...ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပါပြီ အန်တီ"

ကောင်မလေးပြောတဲ့ ကုမ္ပဏီက မိမိပိုင်တဲ့ ကုမ္ပဏီဖြစ်နေသည်။

"မင်းကုမ္ပဏီပိုင်ရှင်က ရာဇာလား"

"ဟုတ်ပါတယ်"

"ကိုရာဇာ ခန့်ထားတာပါ၊ အန်တီနဲ့သိလို့လားဟင်"

"မသိပါဘူး"

ရာဇာ ...

မိမိကိုပင် ဘာမှမပြောတော့ ထင်တိုင်းကြဲနေသည်။ ရာဇာလို မိုင်ဘာတစ်ယောက်ကို လက်ထပ်လိုက်လို့ သားအိမ်က ထွက်ပြေး

www.burmeseclassic.com



သွားရတာမျိုး မိမိအဖြစ်မခံနိုင်မှန်း ရာဇာက သိထားနေသည်။

ဒီကောင် ...

အကျမ်ကိုင်လွန်းနေသည်။

ရာဇာ မလွယ်ဘူး။

လွန်နေပြီ။

မိမိအရှက်သိက္ခာတွေကို ချပစ်ဖို့ ဝန်လေးမှာမဟုတ်တော့။

ရာဇာ ပြောတာနှင့် ပတ်ဝန်းကျင်က သိနေလောက်ပြီဖြစ်သည်။

မိမိထိန်ဝှက်နေတော့လည်း ဘာအကျိုးဖြစ်ထွန်းမှာလဲ။

"မဇင်ယော်"

"ရှင်"

"ငါ ဘယ်သူလဲ မင်းသိချင်လား"

"ဟုတ်ကဲ့"

"ငါဟာ ဝေဟင်အာကာဆိုတဲ့ သား အိမ်ပြေးလေးကို လိုက်ရှာနေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီး ခင်မြင့်မြတ်ပဲ"

"မှာင် ဒါဆို ဦးရာဇာရဲ့ဇနီးပေါ့"

"မင်းကို ဘယ်သူပြောလဲ မဇင်ယော်"

"ဦးရာဇာကိုယ်တိုင် ပြောတာပါ အန်တီ"

ရာဇာ ...

မင်းက သတင်းလွှင့်ထားပြီးပြီပဲ။

"အန်တီ ကျွန်မတောင်းပန်ပါတယ် နော်၊ မရှိမသေ လုပ်မိရင် စိတ်မဆိုးပါနဲ့"



ကောင်မလေးက ဗျာပျာသလဲတောင်းပန်နေသည်။

ကိစ္စမရှိတော့ဘူး။

မိမိအရာအားလုံးကို ပွင့်ပွင့်လင်းလင်းပဲ ရင်ဆိုင်ဖို့ ခင်မြင့်မြတ် ဆုံးဖြတ်လိုက်သည်။

အရှက်သိက္ခာကင်းမဲ့နေပြီပဲ။

မိမိတိုးတိုးတိတ်တိတ်ရှာနေတာနဲ့ပဲ သားဘာဝနစ်တော့မည်။

"မဇင်ယော်"

"ပြောပါ အန်တီ ကျွန်မဘာများကူညီရမလဲ"

"တခြားတော့မဟုတ်ပါဘူး၊ မောင်သံကြိုးဟာ အန်တီ့သား ဖြစ်နေမလားလို့"

"ရှင်"

မဇင်ယော်က သံကြိုးရဲ့ပုံပန်းသဏ္ဌာန်တွေကို ပြောပြမိသည်။

"သံကြိုးနဲ့ပတ်သက်ပြီး ဘာများ အမှတ်တရရှိနေလည်း မဇင်ယော်"

"သံကြိုးရဲ့ ဝတ်စုံတစ်စုံတော့ ကျန်ခဲ့တယ် အန်တီ၊ ကြည့်မလား"

"အေးကွယ် အန်တီ ကြည့်ပါရစေ"

မဇင်ယော်သိမ်းထားတဲ့ သံကြိုးရဲ့ဝတ်စုံကို ပြခဲ့သည်။

"ဟုတ်တယ်၊ ဒါသား အင်္ကျီတွေပဲ၊ အန်တီကိုယ်တိုင် သား ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့အတွက် အမှတ်တရဝယ်ပေးတာ"

သံကြိုးဟာ မိမိသားပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ။

သွားဘယ်မှာလဲ။

ခင်မြင့်မြတ်သားလေး ဘယ်ဘဝဘယ်အခြေအနေမျိုး ရောက်နေပြီလဲ။

"သားရော မဇင်ယော်၊ သံကြိုးဘယ်ရောက်သွားပြီလဲကွယ်"

"မမယွန်းမမ လာခေါ်သွားပြီးကတည်းက ကျွန်မနဲ့မဆုံကြတော့ပါဘူး အန်တီ"

"ယွန်းမမ"

"ဟုတ်ကဲ့ ... သံကြိုးရဲ့အလုပ်ရှင်နဲ့ လက်ထပ်မယ့် မိန်းမလို့ပြောတာပဲ"

"ဟုတ်ပြီ ...အန်တီသား ဝေဟင်ပဲ၊ ယွန်းမမက အန်တီ့ဆီန်းဆက်သွယ်ပြီးပြီ"

"ဟင်"

သံကြိုးက ဒေါ်ခင်မြင့်မြတ်ရဲ့သားဝေဟင်အာကာတဲ့။

မိခင်ကို မကျေနပ်ဖြစ်ပြီး အိမ်ပြေးဘဝကနေ ဒုစရိုက်သမားတွေနှင့် တွေ့သွားတာပဲဖြစ်နိုင်သည်။

"ကိုယ်မင်းကို ပေးတာ ကိုယ်ပိုင်တဲ့ပစ္စည်းတွေကို ရောင်းပြီးပေးတာပါ၊ ရိုးရိုးသားသား ငွေပါမဇင်ယော်"

သံကြိုးပြောခဲ့သည်။

မဇင်ယော်လက်မခံခဲ့။

"မဇင်ယော်"



"ရှင်"

"သံကြိုးဘယ်မှာရှိနေနိုင်မလဲ မင်းသိနိုင်မလား၊ အန်တီစိတ်တွေအရမ်းပူနေပြီ၊ ပြောပါသမီးရယ်"

"ကျွန်မလည်း ကြားဖူးခဲ့ရတာ၊ တကယ်တမ်း ဘယ်သူမှမသိဘူး၊ ယွန်းမမကလည်း သူလာချင်မှ လာတာပါ အန်တီ"

မဇင်ယော်ဘာမှ မသိတော့

ကိုကြီးနှင့်ပင် ရောက်လာမှ တွေ့ဆုံကြရတာပဲဖြစ်သည်။

"ကျွန်မ ဘယ်လိုကူညီရမလဲ အန်တီ"

"မတတ်နိုင်တော့ဘူး၊ သား ဒုစရိုက်လောကထဲရောက်နေပြီ၊ အန်တီ အခြေအနေကြည့်ပြီး စီစဉ်ရတော့မှာပဲ"

သားကျန်ခဲ့တဲ့ ဝတ်စုံလေးယူပြီး မဇင်ယော်ကို နှုတ်ဆက်ပြီးပြန်လာခဲ့မိသည်။

အိမ်ရောက်တော့ ဒေါ်စုစန်နှင့် တိုင်ပင်နေမိသည်။

"သက်ဆိုင်ရာကိုတိုင်ရင် သားတစ်ခုခုများဖြစ်သွားမလားဒေါ်စုစန်ရယ်"

မိမိစိတ်ပူနေပြီ။

သားအနာဝတ်က စိုးရိမ်ပူပန်စရာဖြစ်နေသည်။

"ခဏစောင့်ကြည့်လိုက်ပါဦး ခင်မြင့်မြတ်၊ ယွန်းမမက ထပ်ပြီးဆက်သွယ်လာနိုင်တယ်"

ခင်မြင့်မြတ် စိတ်ကို ပြတ်သားစွာဆုံးဖြတ်မိသည်။

သားအခုလိုဖြစ်ရတာ မိမိကြောင့် စီးပွားအလုပ်တော်ခဲ့တဲ့ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သာဖြစ်ပြီး သားရဲ့ နွေးထွေးယုယကြင်နာတတ်တဲ့ မိခင်ကောင်း မဟုတ်ခဲ့။

သားကို အရှက်သိက္ခာမဲ့စေခဲ့တဲ့ အမေတစ်ယောက်ပါပဲ။

ရာစာနှင့် ငြီးငွေ့ခဲ့သည်။

အရှက်မဲ့ခဲ့၏။

မိမိကုမ္ပဏီသို့ ဒရိုင်ဘာတစ်ယောက်အဖြစ် လာရောက်အလုပ်လျှောက်ခဲ့သူဖြစ်သည်။

မမ မနေနိုင်ကပ်ဖျဲ့တတ်သော ဒရိုင်ဘာတစ်ယောက်အား သူမ၏ ခင်ပွန်းရာထူး ကင်းမဲ့စွာ သာယာသွားခဲ့မိ၏။

ချစ်သူဘဝ…

နောက်ဆုံး

ခင်ပွန်းအဖြစ်…

ရာစာသည် မိမိထက်ငွေကြေးဥစ္စာကိုပဲ ဝိုချစ်ခဲ့သည်။

ဓွေညီဥစ္စာတွေကို အပိုင်စီးဖို့ ကြိုးစားခဲ့၏။

"ဒေါ်စုဇန်"

"ဟင်"

"ကျွန်မ ကုမ္ပဏီကိုသွားမယ်"

"ဘာသွားလုပ်မှာလဲ ခင်မြင့်မြတ်"

"ရာစာနဲ့ ရင်ဆိုင်ဖြေရှင်းမယ်၊ နောက်ဆုံး ကျွန်မကွာရှင်းပြတ်စဲဖို့အထိ လုံးပန်းမယ်"

"ဟင်"



ခင်မြင့်မြတ် သတ္တိရှိလာတာတော့ ဒေါ်စုဇန်ဝမ်းသာ ကျေနပ်မိသည်။

မိမိဂုဏ်သိက္ခာတွေကို ငုံ့ကွက်ပြီး ကြိတ်၍ ဖြေရှင်းရတော့ ပြဿနာတွေက ပိုရှုပ်ထွေးလာနေခဲ့ရ၏။

"ကောင်းတယ် ခင်မြင့်မြတ်၊ ညည်းပြတ်သားသင့်တယ်၊ ကိုယ်လုပ်ခဲ့တဲ့အပြစ်ဒဏ်အတွက် ကိုယ်ပဲခံရမှာပဲလေ"

ဟုတ်တယ်။

အေး

မိမိတွေဝေလို့

သား စိတ်ဘာနေရပြီ။

ဘယ်အဆင့်ရောက်နေပြီလဲ။

"ကျွန်မသားလေး ဘယ်ဘဝရောက်နေပြီလဲ၊ ဘာတွေဖြစ်နေပြီလဲ၊ ဘယ်လို အခက်အခဲတွေနဲ့ ရင်ဆိုင်ဖြတ်သန်းနေရပြီလဲ မသိဘူး"

သားသည် ဥပဒေနှင့်မကင်းတဲ့ ပြစ်မှုတွေကို ကျူးလွန်နေပြီလေ။

ခင်းရဲ့ငတ်ပြတ်ပြီး ဒုက္ခတွေပင်လယ်ဝေနေပြီလား။

မတွေ့ရ။

ယွန်းမမေး။

ငွေညှစ်မယ့်ပုံ။

သားအတွက် ငွေတွေဘယ်လောက်ပဲပေးရပေးရ။

ကျွန်မစည်းစိမ်တွေကို မက်မောတွယ်တာခြင်းမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မြင့်မြတ်သွားမယ်"

ခင်မြင့်မြတ် စိတ်တွေကို တင်းမာလိုက်ပြီး ကုမ္ပဏီရုံးခန်းသို့ ရောက်လာသည်။

ရာဇာသည် ကောင်မလေးချောချောလေးတစ်ယောက်နှင့် နှစ်ပါးသွားနေ၏။

"ဟင် ...မမ ...ခင်ဗျား ဘာလာလုပ်တာလဲ"

"အဟက် ...မင်းပဲ အပြောကောင်းတယ် ရာဇာ၊ ဒါက ငါ့ကုမ္ပဏီရုံးခန်းလေ"

"သြော်"

ခင်မြင့်မြတ်ပေါ်တင်စိန်ခေါ်မိသည်။

လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ဖို့ ဆုံးဖြတ်ထားပြီးသွားဖြစ်၏။

မထူးတော့ဘူး။

ရင်ဆိုင်မယ်။

သားကိုစွန့်လည်း သက်ဆိုင်ရာသို့ အကြောင်းကြားဖို့ ဆုံးဖြတ်ထားသည်။

"ခင်ဗျားက ကျုပ်ကို လာပြီးစိန်ခေါ်တာလား ဒေါ်ခင်မြင့်မြတ်"

"ဟုတ်တယ် ရာဇာ၊ မင်းလို ဘဝမေ့ပြီး ရွှေမှုံးရှင်ကို စော်ကားတဲ့ကောင်မျိုးကို ငါလက်မခံတော့ဘူး"

"ဘာဗျာ"

ခင်မြင့်မြတ် တင်းပြီဆိုတော့လည်း ရာဇာလန့်သွားမိသည်။



လုပ်ငန်းနာမည်တွေ မှတ်ပုံတင်ထားတာတွေက မမနာမည်တွေနှင့်ပဲ ဖြစ်နေသေး၏။

သူဘာမှ မပိုင်သေး။

"ခင်ဗျား အရှက်သိက္ခာတွေကို ကျုပ်ထိန်းသိမ်းပေးထားရတာတွေအတွက် ငဲ့ညှာထောက်ထားပါဦး"

"မလိုတော့ဘူး ရာဇာ၊ မင်းဘာပဲလုပ်လုပ် ငါရင်ဆိုင်မယ်၊ မင်းကျွာရှင်းပြတ်စဲပေးဖို့ပဲ စဉ်းစားထားပါ"

"မမ"

"ပြော"

"မမက ရင်ဆိုင်ရဲတယ်ပေါ့လေ"

"ဟုတ်တယ် ရာဇာ၊ ငါဘာမဆို ရင်ဆိုင်ရဲပြီ၊ မင်း ကြိုက်သလို လုပ်နိုင်တယ်၊ အကောင်းဆုံးက ငါ့ကုမ္ပဏီရုံးခန်းထဲက ထွက်သွားပေးဖို့ပါပဲ"

"မမ"

"မင်းထွက်သွားပါ"

"ရာဇာ့ကို တကယ်ပဲ ရက်စက်တော့မှာလား မမရယ်"

"မင်းထွက်သွားပါ"

"ကျုပ်ကို ရက်စက်ရင် ကျုပ်ကလည်း ခင်ဗျားအရှက်သိက္ခာတွေကို ကောင်းကောင်းကြီးခွဲပစ်မှာနော် ဒေါ်ခင်မြင့်မြတ်"

"မင်းကြိုက်သလိုလုပ်လို့ ပြောပြီးပြီ ရာဇာ၊ ဒီနေ့ကစပြီ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ မင်းကိုပေးစရာ မရှိတော့ဘူး၊ မင်းလာစရာလည်း မလိုတော့ဘူး ရာဇာ"

ရာဇာကတော့ နှုတ်ခမ်းတွေကို တွန့်ကွေးစွာပြုံးမိသည်။

မမအပြောင်းအလဲကြီးပြောင်းလဲသွားတာတော့ အံ့သြစရာကောင်း၏။

"ခင်ဗျားကြီးက ကျုပ်ကို ဘာတစ်ခုမှ မပေးဘဲ ကွာရှင်းလို့ရမယ် ထင်လား"

"ခင်ဗျား ကျုပ်ကို ကွာရှင်းဖို့ ပေးဆပ်ရမယ့် တန်ဖိုးတွေကို ရောစဉ်းစားထားဦးနော် မမ"

"မင်းလည်း လောဘတွေသတ်ပြီး ငါ့ကို အေးအေးဆေးဆေး ကွာရှင်းပေးဖို့ပဲ စဉ်းစားထားပါ"

မိမိနှင့်တွေ့စဉ်ကတော့ ရာဇာသည် တကယ့်ကို နုံအတဲ့ကောင်လေးတစ်ယောက်ပဲ ဖြစ်နေသည်။

ဖွတ်ထွက်မှ တောင်ပို့မှန်းသိ၏။

လက်ထပ်ပြီးကာမှ ယုတ်မာကောက်ကျစ်တဲ့ အကျင့်စရိုက်တွေ ပေါ်လာသည်။

မိမိနာမည်နှင့် အရှက်သိက္ခာကျအောင် လုပ်ဆောင်ဖို့ ဝန်မလေးသူမဟုတ်။

ရာဇာထွက်သွားသည်။

ထွက်မသွားရင်လည်း မိမိကတော့ ရာဇာကို ဖြတ်သွားအောင် လုပ်ဖို့ပဲရှိသည်။



ရာဇာ ...

မိမိစည်းစိမ်တွေ သုံးဖြုန်းပစ်တာ [illegible] နာမည်ဂုဏ်သတင်းကြီးခြင်းမှုတွေထိုမှ [illegible] တဲ့ မိန်းမတစ်ယောက်အဖြစ် ကိုယ်ကျင့်တရား[illegible]မိသည်။

တစ်သက်လုံး

မိခင်အပေါ် ရှိသေလေးစားလာသော သားရဲ့[illegible]သေးမှုတွေကို ခံစားလိုက်ရသည်။

ဘာရှက်တာလဲ။

အရှက်မဲ့တဲ့ မိန်းမ။

သားအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်[illegible]မြတ် စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"သံကြိုး"

"ပြော"

"မင်း ဘယ်လိုလဲ၊ ငါ့အလုပ်တွေကို ဆန့်ကျင်နေမှာလား"

ဆရာဘခင်က မေးသည်။

သံကြိုး အစာမစားရတာ နှစ်ရက်လောက်ရှိနေပြီဖြစ်၍ အင်အား တွေချည့်နဲ့လာသည်။

သူ့ရဲ့ဒုစရိုက်လောကထဲမှာ သံကြိုးဝင်လှုပ်ရှားပေးရမယ်တဲ့။

"မင်းက လူသစ်၊ မင်းဘာမှ မလုပ်ခဲ့ဘူးသေးတော့ မင်းဘာ အရှုံးရာယ်မှ မဖြစ်နိုင်သေးဘူး"



ယွန်းမမက သူ့အနာတွေကို ဆေးထိုးဆေးကျွေးကာ ပိုးမွှင် ကြပ်ပေးနေသည်။

သူ့ကို နှိပ်စက်ဖို့အတွက် ဆရာဘခင်အား ခွင့်လွှတ်ပေးရမည်။

"သံကြိုး မင်းနေကောင်းသွားပြီလား"

သူ့မိခင်အကြောင်း ဆရာဘခင်အား ယွန်းမမပြောထားပုံရသော။

"ငါတို့ အိမ်တစ်အိမ်ကို ဖောက်ထွင်းဖို့ အကြံကြီးကြံထား တာရှိတယ်သံကြိုး"

သူ...

စိတ်မဝင်စား

ဘခင်နှင့်အဖွဲ့အား ဘယ်လိုဖြုန်ခွင်းရမလဲဆိုတာ စဉ်းစားနေမိသည်။

"အဲ့ဒီအိမ်ရဲ့အတွင်းလူက တို့ဘက်ပါပြီးသားပဲ မခက်ဘူး၊ ဒါပေမဲ့ အခုတလော တို့အဖွဲ့သားတွေနောက်ရဲက လိုက်နေတော့ ထွက်ဖို့ မလွယ်ဘူးဖြစ်နေတယ်"

ဘခင်အတွက် နောက်ဆုံးအခွင့်အရေးကောင်းတစ်ခုအား ဘယ်နည်းနှင့်မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ပဲဖြစ်နေသည်။

"ငါလူသစ်တွေသုံးမယ်၊ မင်းစဉ်းစားထားပါ"

သူ...

ဘာဆက်လုပ်ရမလဲ...

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းကြွက်ခွင်ရှိုက ဆရာဘခင်ရဲ့ အလုပ်တွေကို လုပ်ဆောင်ရမြဲမည်။

မလွယ်ဘူး။

ယွန်းမမနောက်ကိုတော့ ဘယ်နည်းနဲ့မှ မလိုက်လိုပေ။

ဒီမိန်းမကို ရွံတယ်။

မုန်းတယ်။

ပတ်သက်ဆက်ဆံဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပေ။

ဆရာနဲ့ ယွန်းမမ ဘယ်လောက်အထိ ပတ်သက်နေပြီလဲ မသိဘူး။

"သံကြိုး"

"ရှင်"

"မင်းဘာလုပ်မလဲ"

"ကျွန်တော် ဆရာဘခင် အလုပ်တွေကို လုပ်ပေးမယ်"

"မင်းတကယ်ပြောတာလား သံကြိုး"

"တကယ်ပါ"

"အဲဒီလို လိမ္မာစမ်းပါ သံကြိုးရယ်၊ မင်းအကျိုးမယုတ်စေရပါဘူး"

မတတ်နိုင်တော့။

ဆရာဘခင်နိုင်းစေသမျှ လုပ်ပြီး အပြင်လောကနှင့် အဆက်အသွယ်ရအောင် လုပ်ဆောင်ရမည်သာဖြစ်သည်။



"ဟုတ်ကြီး"

"ရှင် ဆရာ"

"သံကြိုးကို ဆင်အားရှိအောင် လုပ်ပေးနိုင်တဲ့ ဆေးမြစ်တွေများများထွား ပေါ်လုပ်ခန်းမှာ သုံးရမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"မမဲ ပြုစုလိုက်မယ် ဆရာဘခင်"

ယွန်းမမက လောင်းဆိုလိုက်သည်။

"ကောင်းတယ် မမ၊ သံကြိုးစိတ်ချရအောင် ပြုစုလိုက်"

ဆရာကြီး ဘခင်ထွက်သွားသည်။

ယွန်းမမကျန်ခဲ့၏။

"သံကြိုး"

ယွန်းမမ မျက်နှာကို မကြည့်ချင်၍ အကြည့်တွေကို လွှဲထားမိသည်။

"မင်းတကယ်ပဲ မမကို မကြည့်ချင်တော့ဘူးလား မောင်ရှင်"

မမ...

အနားကပ်သွားသည်။

"မင်းက ဆရာဘခင် အမိန့်ကို နာခံတော့မလို့ လုပ်နေတာလား မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကျုပ်အနားကနေ ထွက်သွားပါ။ ကျုပ် ခင်ဗျားနဲ့ ဘာမှ ပတ်သက်စရာ အကြောင်းမရှိတော့ဘူး"

သူ

ပြောပစ်လိုက်သည်။

"မင်း မေမေနဲ့တောင် မမတွေ့သေးတယ်၊ မင်းငယ်ငယ်က မေမေ့ကို မကျေနပ်လို့စိတ်ကောက်နေရင်ပါ။ မေမေကို စိတ်မကောက်ပါနဲ့လို့ ချော့တတ်တယ်ဆို"

ယွန်းမမဆိုတဲ့ မိန်းမနှင့် မေမေ တကယ်ပဲ တွေ့ခဲ့ကြတာပဲ။

မေမေ့ကို လွမ်းနေမိသည်။

သံကြိုးမှားတာပဲ။

မေမေ့ အရွယ်ငယ်သေးတာပဲ။

အိမ်ထောင်ပြုစော ရာမှ မဆန်းပေ။

သူ...

ထောက်ခံသင့်သည်။

ဆန့်ကျင်ဆူပူတာတွေ မလုပ်သင့်ဟု ထင်မြင်လာမိ၏။

မေမေသည် သားကို ပစ်ထားပြီး စီးပွားရှာပေမယ့် သားချမ်းချမ်းသာသာနေဖို့အတွက်ပဲ ရည်ရွယ်ခဲ့တာဖြစ်သည်။

သူ

မှားတယ်။



မိခင်ကို ဆန့်ကျင်တော့ အနှလုံး သောကဒုက္ခတွေနဲ့ ရင်ဆိုင်နေရပြီဖြစ်သည်။

"မင်းမေမေ ဒုက္ခရောက်တာ သိရှောမျှတာ မင်းမြင်တွေ့ချင်တယ်ပေါ့ သံကြိုး"

သူ...

နည်းနည်းမှ မလှုပ်

မေမေ့ဆီသွားဖို့အတွက် အပြင်ထွက်ခွင့်ရဖို့ လိုအပ်နေသည်။

ယွန်းမမရဲ့ ကောက်ကျစ်ယုတ်မာမှုတွေကို မေမေသိနည်းနှင့်မှ မခံစားစေရ။

ဆရာဘခင် ခိုင်းစေတာတွေပဲလုပ်ပေးဖို့ ပြတ်သားစွာ ဆုံးဖြတ်မိသည်။

အပြင်ထွက်မယ်။

သက်ဆိုင်ရာကို အကြောင်းကြားမယ်။

ဘခင်ရော...

ယွန်းမမရော...

ကျန်တဲ့ မကောင်းမှုဒုစရိုက် ပမာတွေကို ထောင်ထဲပို့ပစ်ရမယ်။

သံကြိုးဆုံးဖြတ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဝင်းချို့မေမေကြောင်း ကောင်းကောင်းသိ
ရမယ်"

ယွန်းမေ ထွက်သွားသည်။

သူ...

မေးစေ့ကို သတိရနေမိသည်။

ချစ်တဲ့ မောင်ယော်...

ကိုယ့်မှတ်ဉာဏ်ထဲမှာ [illegible]

ယွန်းမေကြောင့် မောင်ယော်နှင့်ရဲ [illegible] သည်။

ဒီမိန်းမအား သူ့ဘယ်တော့မှ အဝေးမကျနိုင်အောင် ဖြစ်စေ၏။

[illegible] ပြုပြင်ပေးရမည်။

[illegible]

ရဲလေး [illegible] သည်။

[illegible]

"သံကြိုး"

"ဟင်"

"ရဲလေး"

ချစ်ရ [illegible] တေးရေး [illegible]

[illegible] နေသည်။

"[illegible] ယွန်းမေက ကောင်း [illegible]



မယ်နော်၊ ဒီမိန်းမက ကြောက်စရာကောင်းလောက်အောင် အကြံကြီး
တဲ့မိန်းမ"

"ရဲလေး"

"ဟင်"

"မင်းဒီဘဝထဲကနေ မလွတ်မြောက်ချင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ ငါကျူးလွန်ထားတဲ့အမှုတွေက [illegible]
ရဲ့မှတ်တမ်းတွေမှာ ရှိတာပါကွ"

"ဘာဖြစ်လဲ၊ ပြစ်မှုကြေးကို ပေးဆပ်ပြီး လူကောင်းအဖြစ်
နေပေါ့"

ရဲလေးသည် မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်နေရသော်လည်း
တခြားကောင်တွေထက် စိတ်ကောင်းရှိသည်။

လူတစ်ယောက်သားအား ကူညီရိုင်းပင်းလို၏။

သံကြိုးအဖော်ရအောင် ဖြားယောင်းသိမ်းသွင်းနေခြင်းသာ
ဖြစ်သည်။

"နောက်မှ ဖြေးဖြေးစဉ်းစားမယ်ကွာ၊ လောလောဆယ်တော့
မင်းဆရာဘခင်ကို မသေနဲ့ကျင်မဲ့ [illegible]
မယ်၊ ယွန်းမမပါလာတော့ [illegible] သံကြိုး"

ရဲလေးက သတိပေးပြီး မှန့်ထွက်သွားသည်။

မခင်ယော်...

www.burmeseclassic.com

www.burmeseclassic.com



မင်းဒုစရိုက်သမားတွေကို ရှုမုန်းတဲ့မိန်းကလေးတစ်ယောက်ပဲ။

ကိုယ်က မမျှော်လင့်ဘဲ ဒီလောကထဲရောက်လာတာပါကွာ။

မုဒိမ်းမှုဒုစရိုက်တွေကို ကိုယ်လည်း ရှုမုန်းတာပါပဲ။

တကယ်မလုပ်ချင်ပါဘူး။

မေမေဆီ ပြန်သွားဖြစ်ချင်လှည်း ဦးတာဒင် လက်က လွတ်မှာ မဟုတ်။

ယွန်းမမက ရှိသေးသည်။

မေမေ့ပါဒုက္ခရောက်ရမည့်အဖြစ်။

သူကတော့ မေမေကို လုံးဝအထိအခိုက် မခံနိုင်အောင် ဖြစ်မိသည်။

ဓာစ်ဝတ်ယောက်သူကို အစားအသောက်တွေ ကျွေးပြီးတော့ အားမွေးစေခဲ့၏။

"သံကြိုး မင်းကြိုးစားပါ၊ ငါအခုလုပ်မယ်အလုပ်က ကြီးတယ်နော်၊ သူဌေးအိမ်တစ်အိမ်ကို ဖောက်ထွင်းမှာ"

လွယ်လိုက်တာ။

အတွင်းလူပါသည်တဲ့။

တော်တော် အကြံပက်စက်တဲ့လူတွေပဲဟု တွေးနေသည်။

သင်တန်းတက်ရင်

ဒီကိစ္စက ဓာတ်အိမ်နောင့်အယှက်မရှိ အောင်မြင်မှာပဲ၊ အိမ်ရှင်ကိုယ်တိုင် ပူးပေါင်းလုပ်ဆောင်မှာတဲ့...



လုပ်ငန်းသဘောပြောပြီး လိပ်စာတိုတော့ လျှို့ဝှက်ထားသည်။

လူဟောင်းတွေကို ရဲထလိုက်နေ၍ လူသစ်တွေက လုပ်ရှား ရမည်ဖြစ်၏။

သံကြိုးမသိတဲ့လူသစ်နှစ်ယောက်။

ဖောက်ထွင်းမှုကို ကျွမ်းကျင်သူတွေဟု ဆရာဘဒင်က ပြော သည်။

တစ်ယောက်က မီးခံသေတ္တာအမျိုးမျိုးကို ကျွမ်းကျင်စွာ ဖွင့်တတ်သည်တဲ့။

သံကြိုးကတော့ စိတ်မဝင်စားမိ။

ကိုယ်ချင်းစာစွာဖြင့် သနားစိတ်တွေ ဝင်နေမိသည်။

"မနက်ဖြန်နော် သံကြိုး"

ဆရာဘဒင်ကိုယ်တိုင် ဦးစီးနေတော့သည်။

မနက်ဖြန်အတွက် အဆင်သင့်ပင် ရုပ်ဖျက်ထားကြရ၏။

လျှို့ဝှက်သင်္ကေတတွေပေးသည်။

လူသစ်သုံးယောက်ရဲ့ လှုပ်ရှားမှုတွေကို အောက်မှ စောင့်ကြည့်သူက သုံးယောက်။

သစွာဖောက်လို့မရ။

ဆရာဘဒင်သည် အလုပ်တစ်ခုကို သေသပ်စွာ လုပ်တတ်သောသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနစ်ကျ၏။

မနုတ်ဖြန်ရောက်လာသည်။

သူ

စိတ်ဓာတ်အကျဆုံးဖြစ်သည်။

မလုပ်ချင်။

မကောင်းမှု ဒုစရိုက်တွေကိုလုပ်ဖို့ သူဘယ်တော့မှ ဆန္ဒမရှိခဲ့။

သူတစ်ပါးနာကျင်အောင် အနည်းအကျဉ်းပင် မလုပ်ခဲ့ပေ။

"သံကြိုး"

"သွားဖို့အသင့်ပဲ"

"သွားမယ်"

"ဟုတ်"

သူတို့သွားကြသည်။ နောက်ဆုံးပေါ်ကားတစ်စီးနှင့်ဖြစ်၏။

"ဆရာဘဒင်ကားကို ခြံထဲအထိ မောင်းဝင်မယ်၊ မင်းတို့အမြန်ဆုံးလှုပ်ရှားကြရမယ်"

ဒီပွဲကို ဆရာဘဒင်ကိုယ်တိုင် ဦးစီးပြီး လုပ်ဆောင်ခြင်း ဖြစ်သည်။

ကားက ခြံတစ်ခြံရှေ့ရောက်သွား၏။

"ဆင်းကြ"

"ဟင်"



သံကြိုး အလွန်အမင်းအံ့သြသွားသည်။

ခြံကြီးက

သူတို့၏ခြံ

မေမေနေတဲ့ခြံ

လက်စသတ်တော့ ဆရာဘဒင်တို့ ဖောက်ထွင်းမှု မိမိတို့၏အိမ်။

တံခါးဖွင့်ပေးသူက ရာဇာ။

ကိုရာဇာက အတွင်းလူ။

မေမေသိရဲ့လား။

သူစိတ်ပူသွားမိသည်။

ညက

တိတ်ဆိတ်နေသည်။

ကိုရာဇာက မိမိကို မသိ

မမှတ်မိပေ။

မေမေရော...

ကိုရာဇာတစ်ခုခု လုပ်ထားပြီလား။

"အားလုံး အိုကေလား ကိုရာဇာ"

"အိုကေ အသွားကြီးကို သိပ်ထားတယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ

လန့်သွားရသည်။

မေမေ ဘာဖြစ်သွားပြီလဲ။

"သံကြိုး မင်းအခန်းအပြင်မှာစောင့်နေ၊ အတွင်းနှစ်ယောက်ဝင်ပါခြံထဲမှာပဲစောင့်နေမယ်"

ဆရာဘုန်းဒင်ကိုယ်တိုင် ကြီးကြပ်ပြီး အမိန့်ပေးနေသည်။

ဖောက်ထွင်းဝိဇ္ဇာနှစ်ယောက်နှင့် ကိုရာဇာ မေမေအိပ်ခန်းထဲဝင်သွား၏။

သူ့အခန်းဝမှ ရပ်ကြည့်လိုက်စဉ် မေမေအိပ်ပျော်နေသည်။

အိပ်ဆေးတွေမိထားပါ၏။

ဒေါ်ရှုစန်ရော

မေမေ့လိုပဲ အိပ်ပျော်နေပြီဖြစ်မည်။

သံကြိုး အပြင်ထွက်ခဲ့သည်။

သူ့တိုက်

နေရာတွေအားလုံး သူသိနေသည်။

သူ့အိပ်ခန်းထဲဝင်လာခဲ့သည်။

စားပွဲပေါ်မှာ သူ့ဟင်းဖုန်းကရှိနေဆဲပင်ဖြစ်၏။

ဘာတစ်ခုမှ ခြေရာလက်ရာ မပျက်ဘဲ သူထားခဲ့တဲ့အတိုင်းပင်ဖြစ်နေသည်။



ဟမ်းဖုန်းကို ယူလိုက်သည်။

သက်ဆိုင်ရာသို့ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်မိ၏။

ဖုန်းဆက်ပြီး သူ့နေရာသူ ပြန်နေမိသည်။

ဘယ်သူမှ မရိပ်မိကြ။

ကိုရာဇာ ဦးဆောင်ကာ မေမေ့မီးခံသေတ္တာအားဖွင့်ရန် ကြိုးစားနေကြသည်။

ဒီအခြေအနေကိုကြည့်ပြီး မေမေတို့ အိမ်ထောင်ရေးမကောင်းတော့ကြောင်း သိသာနေ၏။

"ရပြီ"

"ပွင့်ပြီကွ"

သူ

ရင်ထဲထိတ်နေသည်။

သက်ဆိုင်ရာတွေ မရောက်သေး။

ကိုရာဇာက တက်ကြွသော အသံဖြင့် ပစ္စည်းတွေ အများကြီးပဲဟု ပြောသံကြားရသည်။

မေမေ စုဆောင်းထားသော စိန်တွေ၊ ပတ္တမြားတွေ ရှားရှားပစ္စည်းတွေရှိ၏။

"မေမေ စီးပွားရှာဖွေပြီး စုဆောင်းထားတာ သားအတွက်ပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အား တစ်ခါတစ်ရံတွင် မေမေက ချစ်စနိုးနှင့် ဟန်နီလေး ဟုခေါ်တတ်သည်။

မေမေ့ပစ္စည်းတွေကို သူတို့ ယူဆောင်သွားရန် ပြင်ဆင်နေကြ၏။

ကိုရှာဇာ

တော်တော်အကြံပက်စက်တာပဲ။

မေမေ့ပစ္စည်းတွေကို ဒုစရိုက်ဂိုဏ်းသမားတွေနှင့်ပေါင်းပြီး ဖောက်ထွင်းခိုးယူရန် ကြံစည်နေတော့သည်။

"တစ်ယောက်မှ မလှုပ်နဲ့၊ မင်းတို့အားလုံးကို ဝိုင်းထားပြီးပြီ၊ အသာတကြည်အဖမ်းခံပါ"

ဟူ

ဝမ်းသာသွားတော့သည်။

ရဲတွေရောက်လာပြီး ဦးဘဒင်နှင့် အဖွဲ့ဝင်တွေကို ဖမ်းတော့၏။

ဖောက်ထွင်းထားတဲ့ပစ္စည်းတွေနှင့်အတူ အဖမ်းခံရတော့ သည်။

"ကျွန်တော်က မေမေ့ရဲ့သား ဝေဟင်အာကာပါ"

ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေအားလုံးကို ပြောပြလိုက်တော့ ရှာဇာ အံ့ဩနေ၏။

မေမေက အိပ်ဆေးတွေမိပြီး အိပ်ပျော်လျက်ပင်ရှိသေးသည်။ ဒေါ်စုစန်လည်း အိပ်ဆေးမိနေ၏။



မေမေနှင့် ဒေါ်စုစန်တို့အား ဆေးရုံသို့ ပို့လိုက်ရသည်။

⚜ ⚜ ⚜

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ခင်မြင့်မြတ် အိပ်ရာနိုးလာတဲ့အချိန်တွင် ဆေးရုံသို့ ရောက်နေသည်။

အကြောင်းစုံသိရတော့ အံ့သြသွားရ၏။ သားကို မမျှော်လင့်ပဲ မြင်တွေ့လိုက်ရသဖြင့် ဒေါ်ခင်မြင့်မြတ် ဘယ်အရာနှင့်မှမလဲနိုင်အောင် ဝမ်းသာသွားသည်။

"သားရယ် ဖြစ်မှဖြစ်ရလေ၊ မေမေမှားပါတယ်၊ အရာအားလုံးကို မေမေ တောင်းပန်ပါတယ်"



သားကို ပွေ့ဖက်ပြီး မေမေ့ရှုတ်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။

"သားမှားတာပဲ မေမေ၊ ဟဲတောင်းလို့ သား ဘာမှမစိုက်မှ မကျူးလွန်ခဲ့ရသေးဘူး မေမေ"

"သားရယ်"

ဦးဘခင်တို့အဖွဲ့သားတွေအားလုံး အဖမ်းခံလိုက်ရသည်။ ယွန်းမမပါ ပါ၏။

ကိုရာဇာလည်း အဖမ်းခံရသည်။

"ရာဇာဟာ တကယ်တော့ မေမေ့ စည်းစိမ်ဥစ္စာတွေ စက်မောပြီး အပိုင်ကြံတာပဲသား၊ မေမေအသိမြန်ခဲ့လို့ပေါ့၊ သားလေး ဝါးနုံးမှ ရတော့မလို့ကွယ်"

ရာဇာသည် မိမိအား ချော့မော့ကာ အိပ်ဆေးတွေခပ်ပြီး အဆေးတိုက်ခဲ့သည်။

တော်တော်အကြံပက်စက်တဲ့ ရာဇာပဲ။

"တကယ်တော့ မေမေဟာ သားအတွက် ဘယ်လောက်အထိ စိတ်သောကရောက်ရလည်းဆိုတာ ဒေါ်စုစန် သိပါတယ်ကွယ်"

"သားယုံပါတယ် မေမေရယ်"

မေမေ့လက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီးအားပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို သားလေးစိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူးကွယ်"

ခင်မြင့်မြတ် ကျူးလွန်ခဲ့မိတဲ့ အမှားတွေအတွက် နောင်တတွေရနေခဲ့သည်။

နှာမည်တွေပျက်ခဲ့၏။

ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် အရှက်ရသွားခဲ့ရသည်။

ခေါင်းခြင်ရမည့် ကိစ္စတွေပဲ

ကံကောင်းလို့

ရာဇာသည် ဒုစရိုက်သမားတွေနှင့် ပေါင်းပြီး မိမိတိုက်ကိုဖောက်ထွင်းဖို့ ကြံစည်ခဲ့သည်။

ဆေးရုံတွင် တစ်ရက်လောက်ပဲ နေရပြီး ဆေးရုံမှဆင်းရ၏။

အိမ်ရောက်တော့ မိသားစုဝင်တွေအားလုံး ပျော်နေကြသည်။

သူကတော့ ...

ချစ်သူ မဇင်ယော်အား သတိတရဖြစ်နေမိသည်။

ဘဝအေးချမ်းသွား၏။

အပူအပင်မရှိတော့။

မေမေက စီးပွားရေးလုပ်ငန်းတွေကို သူဦးစီးလုပ်ဖို့ စီစဉ် သည်။

"မကောင်းမှုဒုစရိုက်ကျူးလွန်သူက မကောင်းတဲ့လမ်းကိုပဲသွားရမှာ"



မဇင်ယော်ပြောခဲ့တဲ့စကားတွေကို သူအမှတ်ရလာမိသည်။

ဆင်းရဲပေမယ့် ကိုယ်ကျင့်တရားထိန်းသိမ်းတဲ့ မိန်းကလေးပဲ။

မေမေသိရင် သဘောတူပါ့မလား။

ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးဖြစ်၍ မေမေက ချွေးမတော်ယောက်အဖြစ် လက်ခံမှာမဟုတ်ပေ။

နောက်မှ ဖြေးဖြေးချင်းပြောပြဖို့ သူစိတ်ကူးထားလိုက်သည်။

"သား"

"ဒေါ်စုစန်"

"ဒေါ်စုစန်လည်း သားအပေါ်မှာ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံခဲ့တာတွေ၊ ဒေါ်သတွေနဲ့ ဆက်ဆံခဲ့တာတွေ မှားပါပြီကွယ်၊ ခွင့်လွှတ်နော်"

"သားဘယ်သူ့မှ အပြစ်မတင်ပါဘူး ဒေါ်စုစန်၊ သားကိုယ်တိုင်လည်း ဒုက္ခတွေပင်လယ်ဝေမတတ်ခံစားခဲ့ရတာပဲ"

"ခင်မြင့်မြတ်"

"ရှင်"

"သားကို လက်ဆောင်တစ်ခုပေးမယ်ဆို၊ ပေးလိုက်တော့လေ သားဝမ်းသာသွားအောင်"

"ဟုတ်သားပဲ မေမေ လက်ဆောင်တစ်ခု ပေးစရာရှိနေလို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလက်ဆောင်လည်း မေမေ ဘာအတွက်ပေးတာလဲ"

"သားနဲ့မေမေ ပြန်ဆုံတဲ့အထိမ်းအမှတ်လေ"

သူဘာမှ နားမလည်။

မေမေက လက်ဆောင်ပေးမယ်တဲ့။

"သားအဝတ်အစားလဲ"

"ဘယ်သွားမှာလဲမေမေ"

"လဲစမ်းပါ၊ ဟို မေမေပေးတဲ့ဝတ်စုံဝတ်"

"ဟင်"

မေမေ့ရဲ့ ဝတ်စုံကို ကြည့်ပြီး သူအံ့အားသင့်သွားရသည်။

သူ…

မဇင်ယော်ထံမှာ ကျန်ခဲ့တဲ့ ဝတ်စုံလေးဖြစ်နေသည်။

"မေမေ …ဒီဝတ်စုံက"

"ဝတ်စမ်းပါ သားရယ်"

ယွန်းမမ ပေးတာလား…

ဟုတ်တယ်…

မဇင်ယော်ဆီက ယွန်းမမယူဆောင်သွားတာပဲဖြစ်မည်။

"မေမေ"

"ဘာလဲသား"

"ယွန်းမမနဲ့ မေမေဘယ်လိုလုပ်ပြီး သိကြလဲ"



"မေ့ပစ်လိုက်ပါသားရယ်၊ တဲ မေမေတို့ သွားကြမယ်"

"ဘယ်သွားမှာလဲ မေမေ"

"သားကို လက်ဆောင်ပေးမလို့လေ လာပါ"

မေမေက သူ့ကို စွတ်အတင်းပင် ကားပေါ်ခေါ်တင်သွားသည်။

ဘာလက်ဆောင်လဲ။

မေမေက သူ့ကို အမြဲတမ်းမထင်မှတ်တဲ့ အမှတ်တရလက်ဆောင်လေးတွေ ပေးအပ်တတ်ဖူးလေသည်။

ကားလေးက မြို့စွန်ရပ်ကွက်လေးတစ်ခုဆီ ဦးတည်နေ…

ရပ်ကွက်လေးထဲဝင်သွားသည်။

ခြံလေးတစ်ခြံရှေ့တွင်ရပ်၏။

"ဟင်"

မဇင်ယော်တို့အိမ်

မေမေ့အား နားမလည်နိုင်စွာဖြင့် ကြည့်မိသည်။

"မင်းကို ကောင်မလေးတစ်ယောက် လက်ဆောင်ပေးဖို့ မေမေစီစဉ်ထားတယ်သား"

"ဗျာ"

မေမေက သူ့လက်တွေကို ဆွဲပြီး အိမ်လေးထဲခေါ်သွားသည်။

မဇင်ယော်က သူ့ကိုမြင်တော့ အံ့သြသွား…။

"မဇင်ယော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အန်တီ"

"ဒီမှာ သားလေ"

မဇင်ယော်ရဲ့ မျက်ဝန်းလေးတွေက ပျော်ရွှင်တက်ကြွမလာပေ။ ငေးကြောင်စွာကြည့်နေသည်။

"သား မဇင်ယော်နဲ့ စကားပြောကြဦးနော်၊ မေမေ ဘွားနဲ့ စကားသွားပြောလိုက်ဦးမယ်"

မေမေက ဘွားရှိနေတဲ့ အခန်းထဲဝင်သွားတော့သည်။

"မဇင်ယော်"

"ရှင်ကို အခုလိုဘဝမျိုးမြင်တွေ့ရတာ ကျွန်မ ဝမ်းသာ ပါတယ် ကိုဝေယာင်"

"မေမေက ကိုယ့်ကို အထူးလက်ဆောင်ပေးမယ်ဆိုပြီး မင်း ဆီခေါ်လာတော့ ကိုယ်အရမ်းဝမ်းသာမိတာပဲကွာ"

မဇင်ယော်ကို သူဘယ်လောက်တမ်းတနေရကြောင်း ချစ်နေမိတဲ့အကြောင်းတွေ ပြောပြနေမိသည်။

"မဇင်ယော်"

မဇင်ယော့်လက်လေးအား သူဆုပ်ကိုင်လိုက်တော့ သူမက ဆတ်ကနဲရုန်းကန်လိုက်သည်။

"ရှင်နဲ့ကျွန်မ ဘဝချင်းမတူဘူး၊ ကိုသံကြိုးအဖြစ် ကျွန်မချစ်ခဲ့တာ၊ အခုချိန်မှာတော့ ကျွန်မ ရှင့်ကို လုံးဝမချစ်တော့ဘူး"



ကိုသံကြိုးဘဝက မဇင်ယော်နှင့်ဘဝတူဖြစ်၍ ဖြစ်သည်။ အခု သူက သူဌေးသားဖြစ်နေသည်။

မဇင်ယော် မချစ်လိုတော့ ကိုသံကြိုးအား ခုမှ [illegible] ယောက်ဟု သိခဲ့စဉ်က သူပစ်ပစ်ခါခါ ငြင်းဆန်ခဲ့သည်။

ငွေကြေးစည်းစိမ်ဥစ္စာတွေကို မက်မောတဲ့ မိန်းကလေးတ[illegible] ယောက်အဖြစ် အရောက်မခံနိုင်တော့ပေ။

"မဇင်ယော် မင်းက သံကြိုးဘဝကိုပဲ ချစ်မှာလား"

"အားလုံးပြီးဆုံးခဲ့ပါပြီ၊ ရှင်မေ့ထားလိုက်ပါတော့၊ ကျွန်မ[illegible] ဘယ်တော့မှ ရှင်နဲ့ ပတ်သက်မှာ မဟုတ်တော့ပါဘူး"

"မရဘူး မဇင်ယော် မေမေက ကိုယ့်ကို ချွေးမလောင်း အဖြစ်လက်ဆောင်ပေးတာလေ"

"အို ... မဟုတ်တာပဲ၊ ကျွန်မလက်မခံဘူး၊ ရှင့်ကို ဒီအခြေ[illegible] အနေမျိုးမှန်းမသိလို့ ကျွန်မချစ်ခဲ့တာပါ"

"မင်းငြင်းလည်း ကိုယ်ကတော့ အခုချိန်ကစပြီး ဒီအိမ်လေး[illegible] ထဲကနေမပြန်တော့ဘူး၊ တစ်ခါတည်းနေတော့မယ် မဇင်ယော်"

"ဟင်"

သူမ မျက်ဝန်းပြူးလေးတွေနှင့် ငြင်းဆန်ဖို့ ပြင်နေသည်။ မေမေထွက်လာ၏။

"ကဲ ... သားနဲ့သမီး ငြင်းမနေကြနဲ့တော့၊ ညစာသွားစာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြမယ်၊ ဘွားနဲ့မမမေအားလုံး တိုင်ပင်ဆွေးနွေးကြပြီးပြီ၊ တစ်လ အတွင်းသားနဲ့သမီးကို လက်ထပ်ပေးတော့မယ်''

''ဟာ''

''ဟင်''

သူဝမ်းသာအားရနှင့် မဇင်ယော်လက်လေးကို ဆွဲကိုင်ပြီး ထခုန်မိသည်။

မဇင်ယော်ကတော့ ရှက်ရွံ့စွာဖြင့် ခေါင်းလေးငုံ့ကာ ရပ်နေ၏။

''ကဲ ... အမှတ်တရ ညစာသွားစားကြမယ်''

မဇင်ယော်လက်လေးကို ဆုပ်ကိုင်ပြီး ကားရှိရာသို့ သူခေါ်လာခဲ့မိတော့သည်။

နီကိုဖူးဇင်

BURMESE CLASSIC

www.burmeseclassic.com